www.burmeseclassic.com

# မြနန္ဒာ

## အချစ်ညီမျှခြင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကောင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုက်ညီ အေးကောင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန် ဖြစ်သည်

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ခု တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး။

BURMESE CLASSIC .com

# မြန်မာ

# အချစ်ညီမျှခြင်း

www.burmeseclassic.com

www.burmeseclassic.com

၁။

နှစ်ဆယ့်ရှစ်နှစ်ဆိုသော (၂၁ရာစုခေတ်မှာဆိုရင် အပျိုကြီးစာရင်းဝင်နေပြီဖြစ်သော) အသက်အပိုင်းအခြား တစ်ခုသို့ ရောက်နေပြီဖြစ်ပေမယ့် 'ရှုပါချို'ဆိုသော မိန်းကလေးတစ်ယောက်မှာ "အချစ်"ဆိုတာ မူးလို့ ရှူချင်စရာ ပေါင်မရှိခဲ့။ ရှုပ့်ါရဲ့ ရုပ်ရည်ရူပကာဟာ အချစ်နဲ့ မနီး စပ်ရလောက်အောင် ဘယ်ယောက်ျားလေးကမှ စိတ်မဝင် စားရလောက်အောင် ကြည့်မကောင်းတာမျိုးလည်း

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ဒီအသက်အရွယ်အထိ ရှုပါ့ကိုစိတ်ဝင်တစားနဲ့ ချစ်ခွင့်တောင်းတဲ့သူ တစ်ယောက်မှကိုမရှိခဲ့ဘူးဆိုတာ ပြောရင်ကြားတဲ့သူတွေ ယုံပါ့မလားတောင်မသိပေ။

တကယ်ပါ. . .။

အခုချိန်ထိ ရှုပါ မကြားဘူးသေးသည့် တစ်ခွန်းတည်းသောစကားသည် ရည်းစားစကားပဲ ဖြစ်လေသည်။

ပုတယ်ဆိုတဲ့ အမျိုးအစားထဲလည်း မပါ၊ ပိန်ပိန်ရှည်ရှည်မြင့်မြင့်မားမား ကလန်ကလားမျိုးလည်း မဟုတ်ဘဲ၊ ငါးပေလေးလက်မရှိသော အရပ်အမောင်းနဲ့ ကိုယ်လုံးကိုယ်ထည်ကလည်း ပြောစရာမရှိ။ အသားအရည်ဆိုလည်း ရှုပါ့အသားအရည်ဟာ အတော်ကို ဖြူဝင်းစိုပြည်ပါသည်။ မျက်နှာကိုပဲ ကြည့်မလား၊ စကားအပြောအဆို အမူအရာကိုပဲကြည့်မလား။ သာမန်မိန်းကလေးတွေထက် လေးငါးဆလောက်ကို ရှုပါသာပါရဲ့။ ဘာဖြစ်လို့





များ ရှုပါ့ကိုချစ်ခွင့်တောင်းတဲ့သူ မရှိသလဲဆိုတာကိုတော့ ရှုပါလည်းမပြောတတ်။ ရှုပါကိုယ်တိုင်ကိုက ယောကျ်ားတွေကို သိပ်ဂရုတစိုက် သဘောမထားတတ်တာလည်း ပါမည်ထင်ပါသည်။

ဆယ်တန်းတုန်းကလည်း စာမေးပွဲကို အမှတ်ကောင်းကောင်းနဲ့အောင်ဖို့ တစ်ခုကိုသာ ရှုပါ့စိတ်ထဲထားခဲ့တာ။ ကျောင်းစာကလွဲလို့ ရှုပါ့အတွေးထဲမှာ ဘာမှမရှိခဲ့။ မျက်နှာမှာ သနပ်ခါးမိတ်ကပ်တင်ဖို့ နေနေသာသာ တစ်ခါတလေဆိုရင် ဆံပင်ဖြီးဖို့မေ့ခဲ့သော နေ့တွေတောင် ရှိခဲ့ဖူးရဲ့။ ဖြီးရသင့်ရမှာဆိုးတယ်ဆိုပြီး ယောကျ်ားလေးတွေလို ဘိုကေတိုတိုလေးညှပ်ထားတဲ့ ဆံပင်ကိုတောင်မှ အဲဒီလိုဂရုစိုက်တာ။ အဝတ်အစားဆိုရင်လည်း ဘာအရောင်၊ ဘာအဆင်ဆိုတာ ရွေးချယ်နေတာမျိုး မဟုတ်ဘဲ ဗီရိုဖွင့်လိုက်တာနဲ့ ကိုယ့်မျက်စိရှေ့



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်လာတဲ့ ဝတ်စုံကို ဝတ်လိုက်တာပင်။ ကွန်ပျူတာ တက္ကသိုလ်တက်ဖြစ်တော့လည်း အဲဒီအတိုင်း။ ဘွဲ့နှစ်ခုရပြီးလို့ လုပ်ငန်းခွင်မှာ အခြေကျသွားတော့လည်း ဆံပင် နည်းနည်းရှည်လာတာကလွဲလို့ ရုပ့်ပုံစံက ဘာမှ မထူးခြား။

အဲဒါကြောင့်လည်း နှစ်ဆယ့်ရှစ်နှစ်ဆိုတဲ့ အသက်အရွယ်အထိ ဘာနှလုံးသားတံခါးခေါက်သံမှ မကြားခဲ့ရတာထင်ပါရဲ့။

အတူကျောင်းတက်ဖော် သူငယ်ချင်းတွေမှာတော့ အိမ်ရှင်မဖြစ်သူတွေဖြစ်၊ အိမ်ရှင်မဘဝကိုပြောင်းဖို့ ကြိုးပမ်းသူတွေကကြိုးပမ်းနှင့် တိုးတက်ကုန်ကြပေမယ့် ရုပါကတော့ ဒုံရင်းကဒုံရင်းပင်။ Mesc တက်နေစဉ်မှာပဲ သူငယ်ချင်းသုံးယောက်စုပြီး ကွန်ပျူတာကုမ္ပဏီလေးတစ်ခု ထောင်ဖြစ်ပါသည်။ စလုပ်ကြတုန်းကတော့ သုံး





ယောက်စလုံး တက်ညီလက်ညီ တက်တက်ကြွကြွပေမယ့် တကယ်ဇာလုပ်ကောင်းချိန်မှာ သူငယ်ချင်းမနှစ်ယောက်စလုံး အိမ်ရှင်မဘဝရောက်သွားသောအခါ ကုမ္ပဏီတစ်ခုလုံးရဲ့တာဝန်သည် ရုပ့်ါပခုံးပေါ် ရောက်လာတော့သည်။

နဂိုကတည်းကမှ ကိုယ့်ကိုယ်ကို အလှအပပြုပြင်ဖို့ စိတ်မဝင်စားခဲ့သော ရုပ့်ါအတွက်တော့ ပိုလို့တောင်အလှအပနှင့် ဝေးနေခဲ့ပါလေရော။

'အပျိုကြီးပဲလုပ်တော့မလို့လား. . သုံးဆယ်နီးပြီနော်' ဟုဆိုလာသူတွေက ဆိုလာကြသောအခါ ဒီအတိုင်းသာ ရုပါပြုံးနေဖြစ်ခဲ့ပါသည်။ အပျိုကြီးမလုပ်လို့ ရုပါက ဘာလုပ်ရမှာတဲ့လဲ။ အိမ်ထောင်ပြုမယ်ဆိုရင်တောင်မှ ဘယ်သူနဲ့အိမ်ထောင်ပြုရမှာလဲ။ အဖေကြီးနဲ့ အမေကြီးကတော့ ရုပ့်ါအတွက် သတို့သားရှာပေးမယ့် မိဘတွေထဲမှာ မပါ, ပါ။ အစ်ကိုကြီးတောင်မှ အခုအသက်လေးဆယ်ကျော်နေ



www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်နီးတဲ့အထိ လူပျိုကြီးပဲရှိနေတုံး။ အဲဒီတော့လည်း ရှုပါ ဒီအတိုင်းနေရုံပေါ့။

အပျိုကြီးလို့ နာမည်တပ်ပြီးခေါ်ကြတော့လည်း ရှုပါကျေကျေနပ်နပ်လက်ခံခဲ့ပါသည်။ ဘယ်တော့မှလည်း ရှုပါ့အတွက် ကြင်နာသူတစ်ယောက် ရှိလာလိမ့်မယ်လို့ ရှုပါမထင်။

ဒါပေမယ့် . . ရှုပါ့အထင်တွေ လွဲနေခဲ့ပါသည်။



၂။

'သားငယ်နော် သားငယ် . . . တစ်နေ့တစ်နေ့ သူငယ်ချင်းတွေတရှုန်းရှုန်းနဲ့ အပြင်ထွက်လိုက်၊ အိမ်မှာလာပြီး သောင်းကျန်းလိုက်၊ စားလိုက်၊ အိပ်လိုက်နဲ့ ကျောင်းပိတ်တဲ့သုံးလမှာ အချိန်တွေ ဖြုန်းပစ်ဖို့တော့ စိတ်မကူးနဲ့၊ အကျိုးရှိတဲ့ သင်တန်း တစ်ခုခု တက်ရင်တက် . . . ဒါမှမဟုတ် ဆိုင်မှာ ထိုင်ပေးရမယ်'



www.burmeseclassic.com

www.burmeseclassic.com



မေမေမီးဖိုခန်းထဲမှာ အလုပ်ရှုပ်နေတယ်ထင်ပြီး ကားသော့ကို တိတ်တိတ်ကလေးယူကာ လစ်မယ်ကြံကာမှ မေမေကအိမ်ရှေ့တံခါးဝမှာ ဘွားကနဲပေါ်လာကာ ပူညံတော့သည်။ ညတုန်းကတည်းက အိမ်အပြန်နောက်ကျလို့ အဆူခံထားရတာ။ မနက်ကျမှ ဆက်ဆူဦးမယ်လို့ မေမေက ဆက်ရန်ကြော်ငြာထားတာ။ မေမေ့အဆူလွတ်အောင် တိတ်တိတ်ကလေးထွက်တော့မှပဲ ကွိခနဲမိတော့သည်။

'ဒီနားလေးခဏပါ မေမေ၊ လက်ဖက်ရည်ဆိုင်တင်ပါ'

'မရဘူး. . . မင်းဖေဖေကမှာထားတယ်၊ ဒီနေ့သားငယ်ကို အိမ်ထဲကနေအိမ်ပြင်ကိုတောင် ပေးမထွက်နဲ့တဲ့၊ ညတုန်းက အရမ်းညဥ့်နက်တဲ့အတွက် ဒဏ်ခတ်ရမယ်တဲ့'

သွားပြီ။





မေမေ့ကိုတော့ ချွဲနွဲ့ပြီးချော့လို့ရပေမယ့် ဖေဖေကတော့ တစ်သွေးတစ်သံတစ်မိန့် ဖြစ်သည်။ ဖေဖေကတော်ရုံဆိုရင် ဆူလေ့ပြောလေ့ ဒဏ်ပေးလေ့မရှိ။ ဒဏ်ပေးရင်လည်း လိုက်နာမှသက်သာတာ။ မလိုက်နာရင်တော့ ပိုလို့တောင်ဒဏ်ပေးသေးရဲ့။ သားငယ်ကလည်း သားငယ်ပါပဲ။ တကယ်ဆိုရင် ဖေဖေက တစ်နှစ်မှာတစ်လလောက်သာ အိမ်မှာနေရသူ။ ဖေဖေအိမ်မှာရှိတဲ့ တစ်လဆိုတဲ့အချိန်လေးမှာတောင် သားငယ်သည် အိမ်မှာငြိမ်ငြိမ်မနေနိုင်ပေ။

တစ်လလောက် အိမ်တွင်းပုန်းနေရတာကိုပဲ အနှစ်နှစ်ဆယ်လောက် ဂူပိတ်ပြီးတရားကျင့်ရသလိုကို ထင်ရတာ။ အိမ်ထဲမှာနေရလို့ ဖုန်းပြောရတယ်လို့လည်း မထင်ကြပါနဲ့။ ဖုန်းလည်း ဆယ်မိနစ်ထက်ပိုပြီးမပြောရ။ ဟန်း(ဒ်)ဖုန်းတွေကိုလည်း ဖေဖေကသိမ်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေအိမ်မှာ တစ်လပြန်နားပြီးတော့မှား သင်္ဘောပြန်တက်သွားပြီးရင် သားငယ်တို့တစ်နှစ်လောက် ခေတ်နောက်ကျကာ ကျန်ရစ်သည်။

ကိုယ်လိုက်ဖို့ကြံထားတဲ့ ကောင်မလေးက သူများနောက်ပါသွားသလို ဘော်ဒါတွေထဲမှာ ကိုယ်လိုက်မမီတဲ့ ပြောင်းလဲမှုတွေရှိကုန်တတ်ရဲ့။ AHZ မှာ အကျႌဒီဇိုင်းအသစ်ရောက်တာလည်း မသိလိုက်ရ။ Sketcher မှာ ဖိနပ်ဒီဇိုင်းအဆန်းထွက်တာလည်း နောက်ကျနဲ့ သားငယ်တို့က သူငယ်ချင်းတွေအလယ်မှာ တောကျီးကန်းလေးကိုဖြစ်လို့။

ဒီတစ်ခေါက်တော့ အဲဒီလိုအဖြစ်မခံနိုင်တော့ဘူးလို့ အားခဲထားတာ။ အခုတော့ ခဲလေသမျှ သဲရေကျပါပြီ။

'သားကြီးနဲ့မီးမီးနဲ့ အကြီးနှစ်ယောက်ကို ငယ်ငယ်ကတည်းကနေ အခုသူတို့အိမ်ထောင်နဲ့ သူတို့ဖြစ်





သွားတဲ့အထိ ထိန်းသိမ်းရတာ တစ်ခါမှမပင်ပန်းဘူး၊ ဒီလောက်မပြောရဘူး၊ သားငယ်အရွယ်ရောက်လာတော့မှပဲ မေမေလည်း ခေါင်းကဆံပင်တွေတောင် ကျွတ်ချင်တယ်၊ တကယ်ပဲ. . '

'သားက ကလေးမှမဟုတ်တော့တာ မေမေရဲ့၊ မေမေတို့က အတင်းကို စိတ်ပူနေတော့တာကို. . . မိန်းကလေးလည်းမဟုတ်'

'ကလေးတို့ မိန်းကလေးတို့ဆိုရင်တော့ အခုလိုအပင်ပန်းခံပြီး ပြောမနေတော့ဘူး၊ ခေါင်းကို ခပ်နာနာခေါက်ပြီး အခန်းထဲမှာပဲ သော့ခတ်ထားလိုက်တော့မှာပေါ့၊ ယောကျ်ားလေးဆိုတာ 'ဒီအရွယ်မှာ လမ်းမှားရောက်သွားမှာစိုးလို့ ထိန်းပေးနေတာသားငယ်ရေ၊ မကောင်းတာတစ်ခုခုမှာ ရေလိုက်မှားသွားရင် တစ်သက်တာလုံး ရင်ကျိုးရပြီပဲ'



www.burmeseclassic.com

www.burmeseclassic.com



မေမေလည်း အရင်တုန်းက သားငယ်ကို ဒီလောက် မဆူ၊ မပြော။ ဖေဖေပြန်ရောက်လာပြီးတော့မှ ဖေဖေ့ဆီ ကမာတ်တွေ ကူးသွားသည်ထင်ပါရဲ့။ ဖေဖေဆူတဲ့လေသံ အတိုင်း တစ်လေသံတည်း ဖြစ်လာသည်။

'သားကြီးဆိုရင် ဘယ်လောက်အေးဆေးသလဲ၊ မင်းအရွယ်တုန်းကဆို မေမေတို့ ဘာမှမပြောရဘူး'

'အမယ်. . . ကျောင်းမပြီးသေးဘဲနဲ့ မိန်းမယူတာ ကျတော့ရော'

'မင်းကို အဲဒီလိုဖြစ်မှာစိုးလို့ပေါ့ သားငယ်ရဲ့၊ လွင်မာ့လို လိမ္မာရေးခြားရှိတဲ့ မိန်းကလေးမျိုး မဟုတ်ခဲ့ရင် ဒုက္ခရောက်လိမ့်မယ်၊ သားကြီးက ကျောင်းမပြီးခင် အိမ်ထောင်ကျပေမယ့် လွင်မာ က ဘက်စုံထောင့်စုံကတော်တဲ့ ကလေးမလေး ကိုး၊ မင်းယူလာမယ့် မိန်းမဆိုရင်တော့ ဆတ်ကော့





လတ်ကော့နဲ့ မင်းလိုဖုန်းနဲ့ နားနဲ့မခွာ၊ အမြဲတမ်း ဒီဇိုင်းအသစ်ဝယ်ဖို့ ရှော့ပင်ထွက်နေတဲ့ မိန်းမမျိုး ပဲဖြစ်မှာ'

'မေမေကလည်း သူ့ချွေးမအကြီးကိုပဲ ချီးကျူး နေတာပဲ၊ သားလည်း ဒီလောက်တော့မညံ့ပါဘူး၊ ကိုယ်က အပိုးမကျိုးပေမယ့် အပိုးကျိုးတဲ့မိန်းမ တော့ ယူနိုင်တဲ့အစွမ်းရှိပါတယ်'

'ဩော်. . ကိုယ့်ကိုယ်ကို အပိုးမကျိုးဘူးဆိုတာကို တော့ ဝန်ခံသားနော်'

'အဟဲ. . အခုလည်း ဒီလမ်းထိပ်လက်ဖက်ရည် ဆိုင်ပါ၊ ခဏပါ မေမေရယ်နော်. . မကြီးအတွက် ပဲနံပြားဝယ်ခဲ့မယ်'

မေမေ့ပါးကို ချွဲနွဲ့ရွှတ်ခနဲနမ်းပြီး မေမေဘာမှမပြော ခင် လစ်အပြေး၊ အိမ်တံခါးဝမှာ ဖေဖေနဲ့တိုးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အောင်စည်သာ. . . ဘယ်လဲ'

သားငယ်လို့ မခေါ်ဘဲ အောင်စည်သာဆိုရင်တော့ weather (မိုးလေဝသ) မကောင်းပါ။

'လမ်းထိပ်မှာ မေမေ့အတွက် ပဲနံပြားသွားဝယ်မလို့ပါ ဖေဖေ'

'မဝယ်နဲ့တော့၊ ငါအခုပဲ ဝယ်လာတယ်၊ ပဲနံပြားရော. . . မင်းအတွက်လက်ဖက်ရည်ရော. . . မင်းအပြင် ထွက်စရာ မလိုတော့ဘူးပေါ့၊ လက်ဖက်ရည်ဆိုင်မှာ ကက်ဆက်သံတွေနဲ့ နားငြီးပါတယ်ကွာ၊ အိမ်မှာ အေးအေးဆေးဆေး သောက်ရတာကောင်းပါတယ်'

ဖေဖေတို့လို လူကြီးတွေအတွက်တော့ နားငြီးမှာပေါ့။ သူတို့လူငယ်တွေအတွက်ကတော့ လက်ဖက်ရည်ဆိုင်က အပေါင်းအသင်းတွေ ဆုံရာဆုံရပ်၊ စကားတွေ





ဖလှယ်ရာ၊ အသိပညာဗဟုသုတတိုးပွားရာ နေရာတစ်ခုပင်။ လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်ကို အိမ်မှာဝယ်လာပြီးသောက်လို့က ဘာအရသာရှိမှာလဲ။ လက်ဖက်ရည်ရဲ့ အရသာကို မက်မောလို့ထက်၊ လက်ဖက်ရည်ဆိုင်မှာထိုင်ရတဲ့ အရသာကို မက်မောလို့ သူတို့လူငယ်တွေ လက်ဖက်ရည်ဆိုင် ထိုင်ကြတာပါ။ ဒါကို ဖေဖေနားမလည်၊ ကိုယ်ချင်းမစာနာတတ်။

ဖေဖေ့ရှေ့မှာ နားရွက်မလှုပ်ရဲအောင် သတိနဲ့ထိုင်ရင်း သောက်ရသော လက်ဖက်ရည်ရဲ့အရသာသည် ခါးသက် ဆိုးဝါးလွန်းလှပါသည်။ ဖေဖေပြောသောစကားတွေကို ကြားရချိန်မှာတော့ သူပိုပြီး ခံစားသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၃။

မမီးတစ်ယောက်ဟာ ဘာတွေများကြံဖန်လျှာရှည်ပြီး ကွန်ပျူတာကုမ္ပဏီထောင်ခဲ့တယ်မသိ။ ပြီးတော့လည်း အဆုံး ဆိမလုပ်နိုင်ပြန်။ အစောကတည်းက ယောကျ်ားယူမယ်စိတ်ကူးထားရင်လည်း အလုပ်ကိုမစနဲ့ပေါ့။ အခုတော့ သားငယ်တစ်ယောက် စိတ်လေလွင့်နေတယ်၊ အားနေတယ်ဆိုပြီး မမီးရဲ့ဇာတ်လမ်းက သူ့အပေါ် ပုံကျလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညတုန်းက မီးမီးဖုန်းဆက်တော့ ဖေဖေနဲ့တွေ့တယ်၊ သူ့သူငယ်ချင်းဆီမှာ လစဉ်လုပ်ငန်းအမြတ်ကို သွားယူပြီး သူ့ဆီကိုပို့ပေးပါဦးတဲ့၊ အဲဒါနဲ့ ဖေဖေ စဉ်းစားမိတယ်၊ မီးမီးလည်း ဒီအလုပ်ကို ထိထိရောက်ရောက် ဝင်မလုပ်နိုင်ဘဲ လတိုင်းအမြတ်ယူနေတာနဲ့အတူတူ သားငယ်ကို ဝင်ပြီးဦးစီးခိုင်းရင် ကောင်းမလားလို့'

'သားမှ ဘာမှမသိဘဲဖေဖေ. .'

'ဘယ်သူကတော့ မွေးကတည်းက အရာအားလုံး သိတတ်နေတာမျိုး ဘယ်ရှိပါ့မလဲသားငယ်၊ ဒီလိုပဲ လေ့ကျင့်သင်ကြားယူရတာပေါ့၊ မီးမီးတို့ကလည်း လုပ်ငန်းစ,တုန်းကတော့ သူငယ်ချင်းသုံးယောက် တက်ညီလက်ညီလုပ်ကြမယ်ဆိုပြီး အခု မီးမီးကလည်း ယောကျ်ားယူပြီး နယ်ကိုလိုက်သွား၊





နောက်သူငယ်ချင်းတစ်ယောက်ကလည်း ယောကျ်ားယူကလေးမွေးနဲ့ ကျန်တဲ့တစ်ယောက် ခမျာပဲ လုပ်ငန်းတွေအားလုံးကို သူပဲဦးစီးနေရတာတဲ့၊ မီးမီးပြောတယ်'

သူက ဖေဖေ့စကားကို ခွန်းတုံ့မပြန်ဘဲ မေမေ့ကို စစ်ကူတောင်းဖို့ ကြည့်လိုက်ပါသည်။ မေမေက ဖေဖေ ပြောမယ့်စကားတွေကို ကြိုသိနှင့်နေပုံနှင့် အေးအေးဆေးဆေး ပဲန်ပြားကိုစားနေသည်။ သူ မေမေ့ကိုစစ်ကူကောင်းဖို့ လှမ်းကြည့်လိုက်တာကို ဖေဖေကသိပုံနှင့်

'မင်းအမေကိုလည်း စစ်ကူတောင်းမနေနဲ့၊ ညတုန်းကတည်းက ဖေဖေနဲ့မေမေ တိုင်ပင်ထားကြပြီးသား၊ သားငယ်ကို ဒီလိုလုပ်မှဖြစ်တော့မယ်လို့ပဲ အဖြေထွက်တယ်'

ဒါကြောင့် မေမေက မနက်တုန်းကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှမသွားဖို့ကို ပြောနေတာကိုး။ သားငယ်ကို ဒီအတိုင်း ထားလို့ မဖြစ်တော့ဘူးတွေဘာတွေနဲ့ စကားခင်းနေတာ။ သွားပါပြီ။ ကူဖို့ဆယ်ဖို့ လူတော့မဲ့ပြီ။

'သားကမမီးလို ကွန်ပျူတာဘွဲ့ရမှမဟုတ်တာ'

'ဘွဲ့ရမဟုတ်ပေမယ့် ကွန်ပျူတာညနေပိုင်း Diploma တစ်ခုတက်ထားပါတယ်၊ သင်တန်းမှာ ကားအသစ်တစ်မျိုး လဲစီးချင်တယ်ဆိုလို့ အခု မင်းစီးနေတဲ့ Suzuki Wagon လေးနဲ့ လဲပေးရသေးတာ ငါ မှတ်မိပါသေးတယ်၊ ငါ မင်းကို မွေးထားတဲ့ အဖေပါသားငယ်ရယ်၊ မင်းအတွက် လုံးဝမဖြစ်နိုင်တဲ့ကိစ္စမျိုးကို ငါမခိုင်းပါဘူး'

ဘယ်ထွက်ပေါက်ရှာပြီး ငြင်းလို့မရအောင်လည်း ခိုင်းနိုင်တယ်ဆိုတာကိုတော့ သူ့စိတ်ထဲမှာ အထွန့်တက်လိုက်သေးပါသည်။ ဖေဖေကြားရင်တော့မလွယ်။ စိတ်ထဲ





ကသာပြောရဲပေမယ့် အပြင်ပန်းမှာတော့ သူက အိမ်က မိသားစုလက်ဖက်ရည်ဝိုင်းမှာ လူလိမ္မာလေးတစ်ယောက်လို ကုတ်ကုတ်လေးထိုင်နေရလေသည်။

ဖေဖေ ဒီတစ်ခါသင်္ဘောပြန်ဝင်တာကလည်း ကြာပါ့။

'ပြီးတော့ ကုမ္ပဏီမှာ မီးမီးသူငယ်ချင်းလည်း ရှိနေတာပဲ၊ ကိုယ့်အစ်မလိုပဲပေါ့၊ လုပ်ငန်းပိုင်းအခက်အခဲရှိရင် သူသင်ပြပေးလိမ့်မယ်၊ မင်းကိုလည်း ဘယ်သူမှ ချက်ချင်းကြီး MD နေရာမပေးပါဘူး၊ အလုပ်သင်သဘောမျိုးနဲ့ တစ်နှစ်တန်သည် ခြောက်လတန်သည်လေ့လာပြီးမှ အုပ်ချုပ်မှုကို ကိုင်ရမှာပေါ့'

မီးမီးသူငယ်ချင်းဆိုလို့ အဲဒီအစ်မကြီးကိုလည်း သူ မတွေ့ဘူး မသိကျွမ်းပါ။ မမီးသူငယ်ချင်းတွေက ဣန္ဒြေ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလှကာ အစ်ကိုတွေမောင်တွေရှိသော သူငယ်ချင်းတွေအိမ်ကို ဝင်ထွက်လည်ပတ်လေ့မရှိကြ။ ညီအစ်မတွေချည်းရှိသော အစ်မကြီးတစ်ယောက်ရဲ့အိမ်မှာပဲ မမီးတို့တွေစုပြီးတော့ စာကျက်လေ့ရှိခဲ့ပါသည်။ မမီးကျောင်းတက်တုန်းက သူက ရှစ်တန်းသာသာပဲရှိသေးတာမို့ မမီးသူငယ်ချင်းတွေကို မသိခဲ့တာမဆန်း။

'ကိုယ့်လုပ်ငန်းမဟုတ်ဘဲ ကိုယ့်အစ်မလုပ်ငန်းလို့ပဲ သဘောထားနေရင် ပေါ့လျော့နေမှာစိုးလို့ မီးမီး အဲဒီမှာဝင်ထားတဲ့ရှယ်ယာကို မင်းပိုက်ဆံနဲ့ ပြန်အမ်း ပေးလိုက်မယ်၊ မီးမီးလည်း ကားဝယ်ဖို့ ပိုက်ဆံလိုတယ်တဲ့'

ကိုယ့်အကြောင်းကိုကိုယ် ပြောရရင်တော့ သူတို့မောင်နှမသုံးယောက်သည် ငယ်ငယ်ရွယ်ရွယ်နဲ့ အဘိုး၊ အဘွားဆီက အမွေကိုရထားကြသော သူဌေးပေါက်စ





လေးတွေလည်း ဖြစ်ပါသည်။ ဖေဖေက တစ်ဦးတည်းသောသားဖြစ်ပြီး ဖိုးဖိုးဆုံးခါနီးမှာ အမွေတွေကို ဖေဖေနဲ့ ဖေဖေ့သားသမီးသုံးယောက် အညီအမျှခွဲဝေယူဖို့ စီမံထားခဲ့တာဖြစ်သည်။ ဖွားဖွားဆုံးသွားပြီးကြာမှ ဖိုးဖိုးဆုံးတော့ ဖိုးဖိုးရဲ ရာဘာခြံတွေ၊ ဒူးရင်းခြံတွေကို ရောင်းရငွေသည် လွန်ခဲ့သောလေးနှစ်မှာတောင် သိန်းထောင်ချီ၍ ရပါသည်။ လေးပုံပုံပြီးခွဲလိုက်တော့ တစ်ယောက်ကို သိန်းသုံးရာလောက်ရသည်။ အဲဒီအချိန်တုန်းက လုံးချင်းအိမ်ရာတွေလည်း သိန်း၁၀၀လောက်နဲ့ ကောင်းကောင်းရတာမို့ မေမေက သူတို့မောင်နှမသုံးယောက်အတွက် တစ်လုံးစီဝယ်စေခဲ့သည်။ ကိုကြီးနဲ့မမီးကိုတော့ ကျန်တဲ့ ပိုက်ဆံတွေကို ဖေဖေနဲ့မေမေက ထိန်းချုပ်မထားခဲ့။ ကြိုက်တဲ့စီးပွားရေးလုပ်ဆိုပြီး ခွင့်ပြုခဲ့သည်။

သူ့ကိုတော့ ကားတစ်စီးဝယ်ပေးထားပြီး ကျန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတွေကို မေမေ ထိန်းသိမ်းထားပေးခဲ့ပါသည်။ သူ့လုံးချင်းအိမ်ကိုလည်း ငှားထားပေးတာမို့ ထိုအိမ်ငှားခကိုပဲ လစဉ်သူ့အသုံးစရိတ်အဖြစ် ပေးသည်။ သူ့မှာလည်း အဝတ်အစားဝယ်ဖို့ရယ်၊ သွားလာစားသောက်ဖို့ရယ်ပဲ သုံးစရာရှိတာပါ။ ဘယ်လောက်များ ပိုက်ဆံကို စိတ်ဝင်စားလဲဆိုရင် သူ့ပိုက်ဆံဘယ်လောက် ကျန်သေးတယ်ဆိုတာ သူတစ်ခါမှ မေမေ့ကို မမေးခဲ့စဖူး။

'ဒီနှစ် မင်းလည်းကျောင်းပြီးမှာဆိုတော့ အလုပ်လည်း အဆင်သင့်ဖြစ်သွားတာပေါ့၊ မဟုတ်ရင် ဘာအလုပ်မှ မယ်မယ်ရရမရှိဘူး'

'သား ကွာလီဖိုင်းဆက်တက်မလားလို့'

'မတက်နဲ့တော့၊ ကွာလီဖိုင်းလည်း ဝင်မယ့်ပုံမပေါ်ပါဘူးကွာ၊ ကွာလီဖိုင်းဝင်တော့ရော ဆက်တက်ပြီး ကျောင်းမှာဆရာပြန်လုပ်မလို့လား၊ မင်းပုံစံနဲ့ မဖြစ်ပါဘူးကွာ'

တကယ်လည်း သူ့အခြေအနေက ကွာလီဖိုင်းဝင်ဖို့ အခြေအနေမရှိပါ။ အောင်ဖို့တောင် အနိုင်နိုင်။ စာမေးပွဲဖြေရမယ့်ညကျမှ အရေးအကြီးဆုံးလို့ ကိုယ်ထင်တဲ့ အပုဒ်တွေကို အသည်းအသန်ကျက်ပြီး မနက်မှာသွားဖြေ။ ကံကောင်းထောက်မစွာတွေနဲ့ ကိုယ်ကျက်ထားတဲ့ အပုဒ်တွေပါနေလို့ အောင်လာတာချည်းပင်။ ဒီနှစ်တော့ ဘယ်လိုနေမယ်မသိ။

အောင်တော့အောင်မှာပါ။ ကွာလီဖိုင်းကတော့ နောက်ဘဝမှပင် ဝင်ပါတော့မည်။

'ဲ ဆိုရင် သား ကွန်ပျူတာနဲ့ပတ်သက်ပြီး လိုအပ်တာတွေ လေ့လာထားလိုက်မယ်လေ ဖေဖေ၊ ကျောင်းပြီးတဲ့အချိန်နဲ့ဆို အတော်ပဲပေါ့'

'အေး. . အေး. . လေ့လာထားလိုက်'





ငွေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးဖို့က ခြောက်လလောက်လိုသေးတာမို့ သူ အနည်းငယ်တော့ အသက်ရှူချောင်သွားပါသည်။ အဲဒီအချိန်ကျရင်လည်း တစ်မျိုးမဟုတ်တစ်မျိုးတော့ ပြောင်းသွားနိုင်သေးသည်လေ။



၄။

'အားနာလိုက်တာ အန်ကယ်ရယ်၊ အန်ကယ်က အေးအေးဆေးဆေး အလုပ်ကိစ္စစကားပြောဖို့ လာကာမှ အလုပ်တွေက တစ်ခုပြီးတစ်ခုပေါ်နေရတယ်၊ အန်ကယ် အချိန်ရရဲ့လားရှင်'

'ရတယ် သမီး. . ရတယ်၊ အေးအေးဆေးဆေးပဲ၊ သမီးကိစ္စရှိတာသာလုပ်ပါ၊ အန်ကယ် ထိုင်စောင့်နေလို့ရတယ်၊ အားမနာနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပဲနော် အန်ကယ်၊ ခဏနော်၊ Customer (ဖောက်သည်)တစ်ယောက်ဆီက Complain (လက်ထောက်)လာလို့ပါ၊ Staff ကောင်မလေးတွေကို ရစ်နေတော့ ကောင်မလေးတွေ ငိုချင်နေကြပြီ၊ အဲဒါကြောင့်ပါ'

အောင်စည်သာတို့ ဝေစည်သာတို့ဖေဖေ ဦးကျော်သာသည် သူစ,ရောက်လာကတည်းက သူနဲ့ခဏထိုင်ပြီး စကားပြောလိုက်၊ အလုပ်ပေါ်လာလိုက်နှင့် မနားတမ်း အလုပ်ရှုပ်နေသော မီးမီး (ဝေစည်သာ) သူငယ်ချင်း ရှုပါချိုဆိုသည့်ကလေးမကို ချီးကျူးစိတ်ဖြင့် ကြည့်နေရသည်။ အိမ်ကသားတော်မောင် အောင်စည်သာနဲ့များကွာပါ့။ မီးမီးလည်း အတူတူပါပဲ။ သမီးမိန်းကလေးမို့ မပြောချင်လို့သာ။ ပညာစုံတာနဲ့ ကြင်ရာပါစုံတော့တာ။ အစိုးရဝန်ထမ်းကိုယူတော့ နယ်အနှံ့လိုက်ရင်း အိမ်ရှင်မထမင်း





ျက်ဘဝနဲ့ပဲ အရိုးထုတ်တော့မယ်ထင်သည်။

ကိုယ်ကတော့ လူငယ်ဘဝ အသက်နှစ်ဆယ် အရွယ်ကတည်းက သင်္ဘောသားဘဝနဲ့ အလုပ်ခွင်ဝင်ခဲ့သူ ို့ အလုပ်ရဲ့တန်ဖိုး ကြိုးစားမှုနဲ့ ငွေကြေးကို နားလည် သည်။ နိုင်ငံတကာမှာလည်း အားလုံးဟာ အလုပ်နဲ့လက်နဲ့ ပြတ်ကြသူတွေချည်းတွေ့ရတော့ ကိုယ့်အိမ်ကသားသမီး ေဟွကို အားမရ။ အထူးသဖြင့်တော့ အငယ်ဆုံး အောင်စည်သာက အဆိုးဆုံး။ လက်ဖက်ရည်ဆိုင် တစ်ခါ ိုင်လို့ ငွေတစ်ရာရမယ်ဆိုရင်တောင် အောင်စည်သာတို့ လျှံနာ ဖြစ်လောက်ပါပြီ။ အဖိုးတန်အချိန်တွေကို သက်ဘက်မဲ့ ဖြုန်းပစ်နေတာ။

အခုဒီကလေးမကိုကြည့်ပါဦး။ ဦးကျော်သာ ရောက်တဲ့ တစ်နာရီအတွင်းမှာ အလုပ်တွေက တစ်ခုပြီး ာစ်ခုပေါ်လာတာ။ ကြိုးစားမှုက အားကျစရာပင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘာအလုပ်မှမလုပ်ဘဲ လစဉ်အမြတ်ငွေကိုယူနေသော မီးမီးကိုယ်စားပင် မျက်နှာပူလာသည်။ အားနာဖို့ကောင်းနေပါပြီ။

မီးမီးနဲ့ရွယ်တူပေမယ့် သူမက မီးမီးထက် ပိုပြီးတော့ နုနယ်ပါသည်။ ဆံပင်ကလည်း ကုပ်ဝဲသာသာ တိုကပ်ကပ်လေး။ ဒါတောင် သပ်သပ်ရပ်ရပ်သိပ်မရှိချင်။ ကုတ်အင်္ကျီလက်ရှည်အဝါရောင်နှင့် လုံချည်ခရမ်းရောင်ကတော့ တော်တော်ကိုမလိုက်ဖက်လှ။ ကမန်းကတန်းတွေ့ရာဆွဲဝတ်လာတဲ့ပုံစံမျိုး။ ဦးကျော်သာလို အသက်ငါးဆယ်ကျော်လူကြီးတစ်ယောက်တောင်မှ သူမရဲ့ဝတ်စားဆင်ယင်မှု ဘယ်လိုမှအချိုးမကျတာကို သတိပြုမိသည်။ ပင်ကိုယ်ရုပ်ရည်လေးကသာ ဖြူဖြူစင်စင်လေးရှိတာကြောင့် အချိုးမကျတဲ့ဝတ်စားဆင်ယင်မှုက သိပ်ရုပ်မဆိုးသွားတာ။





ယောကျ်ားလေးတန်မဲ့ ရှိုးထုတ်နိုင်လွန်းသော အိမ်က သားတော်မောင်နဲ့တော့ တခြားစီပင်။ အလုပ်ကြိုးစားလွန်းတဲ့ သူရဲ့အနားမှာ အနေကြာလာရင်တော့ ဖြည်းဖြည်းနဲ့ အချိုးပြောင်းလာနိုင်ပါရဲ့။

'အားနာလိုက်တာ အန်ကယ်ရယ်၊ ဒီတစ်ခါတော့ ဘာအလုပ်မှ မပေါ်လာတော့ပါဘူး'

ဆယ်မိနစ်လောက် အစပြတ်သွားသောစကားကို အစပြန်ကောက်ရသည်။

'အဲဒီတော့ အန်ကယ်က သမီးရှုပါလည်းအကူအညီရအောင်၊ အိမ်ကသားတော်မောင် အလုပ်လက်မဲ့လည်း အလုပ်ရပြီးကြိုးစားတတ်လာအောင် ထားပေးချင်တဲ့သဘောပါ၊ မီးမီးကတော့ သမီးကို ဖုန်းနဲ့လှမ်း ပြောထားပြီးပြီလို့ ပြောတယ်၊ အန်ကယ်ကတော့ တစ်ယောက်နဲ့တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လေးစားသမှုလည်းရှိအောင် လာလိုက်တာ လည်းပါတာပေါ့လေ'

ရပါတယ်အန်ကယ်ရယ်၊ ရှုပါလည်း အန်ကယ်နဲ့ အန်တီ့ဆီကိုလာမလို့ပါ၊ ညနေရုံးဆင်းရင် ဝင်မယ် ဝင်မယ်နဲ့ ဒီရက်တွေမှာ ညဉ့်နက်မှပဲ ရုံးကပြန်ရ လို့ မလာဖြစ်သေးတာပါ လူကြီးကလာရမှာ မဟုတ်ပါဘူး အန်ကယ်၊ လူငယ်ကလာရမှာပါ'

'သမီးက အလုပ်များတဲ့သူပဲ၊ နားလည်ပါတယ်'

'ဟုတ်ကဲ့'

သူ့မောင်လေး အောင်စည်သာကို သူ့အတွက် သတ်မှတ်ပေးထားတဲ့ Director (ဒါရိုက်တာ)ရာထူး ပြန်လွှဲပေးပြီး အလုပ်ဝင်ခိုင်းချင်တယ်ဆိုတာ လွန်ခဲ့သော တစ်ပတ်လောက်ကတည်းက ဝေ ဖုန်းဆက်ပြီးသားပါ။ ရှုပါချို ဝေစည်သာ(ဝေ)နဲ့ မြင့်မြတ်ခင်(မြတ်)တို့





သုံးယောက်ဟာ ကွန်ပျူတာတက္ကသိုလ်မှာ ပထမနှစ်က စလို့ McSc ပြီးသည်အထိ မခွဲဘဲ တွဲလာခဲ့ကြသော သူငယ်ချင်းတွေပင်။ တစ်ယောက်နဲ့တစ်ယောက် ညီအစ်မ ရင်းချာတွေနှယ် ချစ်ကြပါသည်။ ရှုပါကလည်း ရှားရှား ပါးပါး ကိုယ့်ထက် အသက်နှစ်ဆယ်တိတိကြီးသော အစ်ကိုကြီးတစ်ယောက်သာရှိသော တစ်ဦးတည်းသော သမီး။ ဝေကလည်း အစ်ကိုတစ်ယောက်၊ မောင်တစ်ယောက် ရှိသော တစ်ဦးတည်းသော သမီးပင်။ မြတ်ကတော့ မောင် နှမတွေများပါသည်။ သို့ပေမယ့် မောင်နှမရင်းချာတွေ ထက် ဒီသုံးယောက်က ပိုသံယောဇဉ်ရှိကြသည်။

ဒီကုမ္ပဏီကိုထောင်ကြတော့လည်း သုံးယောက် သား ပေါက်ညီလက်ညီပါဝင်ခဲ့ကြတာပင်။ တခြားသူငယ် ချင်းတွေ ရှယ်ယာဝင်ချင်တာကိုတောင် အဝင်မခံခဲ့။ အကြောင်းကြောင်းတွေနဲ့ သူတို့နှစ်ယောက် လုပ်ငန်းပိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ လူကိုယ်တိုင်မပါနိုင်ကြတော့ပေမယ့် ရှုပါတစ်ခါမှ တစ်ယောက်တည်းဦးစီးရတယ်ဆိုပြီး အမြတ်ရှယ်ယာကို ပိုမယူခဲ့စဘူး။ ကိုယ်တစ်ယောက်တည်း ဦးစီးရတာပဲ၊ လခ သဘောမျိုးလည်း ယူသင့်တယ်ဆိုပြီး ဝေရောမြတ်ကပါ ပြောပေမယ့် ရှုပါမယူခဲ့။ ငွေကြေးထက် ခင်မင်မှုသံယော ဇဉ်ကို ရှုပါ ပိုပြီးတန်ဖိုးထားပါသည်။

ဟိုရက်ကတော့ ဝေက သူ့မောင်ငယ်လေးကို လုပ်ငန်းထဲသွင်းချင်တယ်ဆိုပြီး ဖုန်းဆက်လာပါသည်။

'နင်တစ်ယောက်တည်းလုပ်နေတာကို မယုံလို့ စိတ်မချလို့ မဟုတ်ဘူးနော် မိချို ငါ့မောင်လေးကို အရမ်းလေလွင့်သွားမှာစိုးလို့ပါဟယ်၊ ကိုယ့်အလုပ် မဟုတ်ရင်လည်း ဒီကောင်က တန်ဖိုးထားပြီး လုပ်မှာ မဟုတ်ဘူးဟ၊ ဖေဖေနဲ့မေမေလည်း သူ့အတွက်ပဲ စိတ်ပူနေရတာ'





ရှုပါတို့ကျောင်းတက်တုန်းက ဝေ့မောင်လေးက ခပ်ငယ်ငယ်ပဲ ရှိပါသေးသည်။ မတိမ်းမယိမ်းအသက်နဲ့ အစ်ကိုတွေ၊ မောင်တွေရှိသူတွေကတော့ သူငယ်ချင်းတွေ စ,နောက်နေတာမို့ လူမမြင်ဘူးရင်တောင် နာမည်တော့ ရင်းနှီးကြပါသည်။ ဒီကောင်လေးကတော့ သားငယ်ဆိုတာ ကလွဲရင် နာမည်အရင်းတောင်မှ အခုမှ ကြားဖူးတာပါ။

'စိတ်ချပါ ဝေရယ်၊ ကျုပ်လည်း တစ်ယောက် တည်းဆိုတော့ အဖော်ရတာပေါ့၊ အကူအညီ ပေါင်ရသေးတယ်'

ဖုန်းထဲမှာကတည်းက ဝေနဲ့ပြောပြီးသားပါ။ ကိုယ်က လူငယ်ပီပီ ဝေ့မိဘတွေဆီကိုအရင်သွားပြီး အကျိုးအကြောင်းပြောသင့်တာ သိပေမယ့် ကိုယ်လည်း ဘယ်လိုမှ မအားလပ်။ ဝေ့ဖေဖေကိုယ်တိုင် ကုမ္ပဏီကို ဒီနေ့ရောက်လာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



'အန်ကယ်ကတော့ သားကိုအလုပ်သင်သဘောနဲ့ ခြောက်လလောက်ထားချင်သေးတယ်၊ ဘာမှမသိမတတ်ဘဲ ရာထူးကြီးချက်ချင်းဝင်ယူလိုက်ရင် လုပ်ငန်း မှာသူ့အတွက်နဲ့ သမီးမှာ ဝန်ထုတ်ဝန်ပိုး ဖြစ်လာလိမ့်မယ်'

'ဟုတ်ကဲ့ အန်ကယ်၊ လိုအပ်တာတွေအားလုံးကို ရှုပ့်အနားမှာပဲ သူ့ကိုထားပြီး သင်ပေးပါ့မယ်၊ အန်ကယ် စိတ်ချပါ၊ သူကိုယ်တိုင်လည်း ကြိုးစားချင်စိတ်ရှိတယ်ဆိုရင် အချိန်မကြာပါဘူး၊ အလုပ်မှာပျော်တဲ့သူတစ်ယောက် ဖြစ်လာမှာပါ'

လုံးဝကြီး အာမလည်းမခံရဲ။ ကိုယ်က ရဲရဲဝံ့ဝံ့ကြီး အာမခံထားပြီးမှ သူက ကြိုးစားမှုမရှိရင် ကိုယ်ပဲ မျက်နှာပျက်ရဦးမှာ။ အခုခေတ်ကာလ သားသမီးလေးတွေက မလွယ်။ သင်တန်းပါဖွင့်ထားတာမို့ သင်တန်းမှာအမြဲတမ်း





ခေတ်လူငယ်လေးတွေရဲ့စရိုက်တွေကို တွေ့နေရတာ။ ရှုပါလည်း လူငယ်တွေနဲ့ပတ်သက်ရင် အတော်တော့ ပါးနပ်နေပါပြီ။

'မျက်နှာပူပူနဲ့ ပြောရမယ်ဆိုရင်တော့ အန်ကယ့်သားက နည်းနည်းဆိုးချင်တယ်၊ ထိန်းသိမ်းလို့မနိုင်လို့ သမီးဆီမှာအပ်တာတော့ မဟုတ်ပါဘူး၊ အရမ်းလေလွင့်သွားမှာစိုးလို့ပါ၊ အမြင်မတော်တာ၊ မှားတာရှိရင်လည်း ကိုယ့်မောင်လေးတစ်ယောက်လိုပဲ သမီးဆုံးမနိုင်ပါတယ်၊ အန်ကယ် အပ်ပါတယ်'

မျက်ခုံးတော့ အလှုပ်သားပင်။ ဘယ်လိုအချိုးမျိုးလေးနဲ့ တွေ့ရမယ်မသိ။ ဒါပေမယ့် လက်ခံပါ့မယ်လို့ ကတိပေးပြီးမှတော့ လက်ခံရမှာပင်။ လက်မခံချင်ဘူးဆိုရင်လည်း အခုလိုလုပ်ငန်း လည်ပတ်အရှိန်မြင့်နေချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝေ့ရှယ်ယာ ငွေတွေကို ပြန်အမ်းထုတ်ပေးနိုင်တဲ့အင်အား ရှုပ်မှာမရှိ။ တခြားရှယ်ယာဝင်တွေ လက်ခံရင်တော့ရ ပေမယ့် အသစ်နဲ့ဆက်ဆံရမှာထက်စာရင် ဝေ့မောင်လေး ကမှ ပိုပြီးအဆင်ပြေမယ်လို့ ရှုပ်ထင်ပါသည်။

ဝေ့ဖေဖေ ပြောသလိုပဲ ကိုယ့်မောင်လေးလို သဘောထားပြီး သည်းခံစိတ်ရှည်ရတော့မှာပင်။



၅။

ရှုပ်ကား ဝေတို့ခြံရှေ့မှာရပ်ပြီး ဟွန်းတီးလိုက် သည်နှင့် ကလေးငယ်တစ်ယောက် မူကြိုကျောင်းမသွား ချင်လို့ စိတ်ကောက်စူပုပ်နေသော မျက်နှာပေးမျိုးနှင့် အောင်စည်သာဆိုသောချာတိတ်သည် မိဘနှစ်ပါး အလယ်မှာရှိလျက် ခြံဝကိုရောက်လာလေသည်။

'သမီးရေ. . . အပ်လိုက်ပြီနော်'

'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်စူပုပ်ရင်လည်း စူပုပ်စရာပင်။ သူ့ဖေဖေနဲ့ မေမေသည် သူ့ကို တကယ့်မူကြိုကျောင်းသားလေး တစ်ယောက်နှယ် သဘောထားနေကြတာ။ ရူပါ့ကိုလည်း မူကြိုဆရာမကို အပ်သလို အပ်နေကြတာဖြစ်သည်။ ထမင်းချိုင့်တွေ မုန့်ဘူးတွေရော ထည့်ပေးကြဦးမှာလား တော့ မသိ။ ရူပါ့အတွေးမှ မဆုံးသေးခင်မှာပဲ အဖော်ဖြစ်ဟန်တူသော ကောင်မလေးတစ်ယောက်က သုံးဆင့်မယ် လမင်းချိုင့် အပြာနုနုလေးကိုဆွဲကာ ခပ်သုတ်သုတ်လေး လျှောက်ထွက်လာသည်။ ချာတိတ်မျက်နှာ ပိုပြီး စူပုပ်သွားရသည်။

'နေ့လယ်စာ အဆင်မပြေမှာစိုးလို့ သမီးရေ'

'ဟုတ်ကဲ့. . . ရူပါလည်း ထမင်းချိုင့်ထည့်ပါတယ် အန်တီ'

'သွားတော့မယ်'





ချာတိတ်က သူ့ဖေဖေနဲ့မေမေ ထပ်ပြီးမှာတမ်းခြွေနေဦးမှာစိုးပုံနှင့် ရှေ့ခန်းတံခါးကိုဖွင့်ကာ ဝင်ထိုင်လိုက်ပြီး ပြောသည်။

'ခွင့်ပြုပါဦးနော် အန်ကယ်နဲ့အန်တီ'

ရူပါလည်း ကားကို ပြန်မောင်းထွက်လိုက်ပါသည်။ ကလပ်ကိုအလွတ်စောသွားတာမို့ ကားကဝုန်းခနဲဆောင့်ထွက်မလိုဖြစ်သွားပြီးတော့မှ စက်ပြန်သေသွားသည်။ ရူပါကားမမောင်းတာ အတော်ကြာပါပြီ။ ကိုယ်က ဖလုပ်တွေရှုပ်၊ အတွေးတွေများလှသူမို့ မတော်တဆ အက်ဆီးဒင့်ဖြစ်မှာစိုးတာကြောင့် ဒရိုင်ဘာထားပါသည်။ အသက်ငယ်ငယ်လည်း မလိုချင်တာကြောင့် အသက်ခပ်ကြီးကြီး လူကြီးတစ်ယောက်ကို မနည်းရှာဖွေခန့်ထားရသည်၊ ရက်ပိုင်းလေးမှာပဲ အဖိုးကြီးက ရွာပြန်ဖို့ ခွင့်နှစ်ပတ်ယူသွားတာကြောင့် ရူပါကိုယ်တိုင် မောင်းနေရတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

'ကလပ်ကို ဖြည်းဖြည်းချင်းလွှတ်၊ လီဗာကိုလည်း အရမ်းဆောင့်မနင်းနဲ့'

ရှုပါချက်ချင်းပင် သူ့တပည့်ဖြစ်သွားရပါသည်။ သူပြောသလိုပင်မောင်းထွက်တော့ ကားက ညင်ညင်သာသာပင် မောင်းထွက်သွားပါသည်။

'ကျေးဇူးပဲ'

ရှုပါက ကျေးဇူးတင်စကားတော့ ခပ်တိုးတိုးဆိုလိုက်သည်။ သူကတော့ အခုထိ မျက်နှာကြောမလျော့သေး။ ကော်လာကတုံး ရှပ်အင်္ကျီအဖြူဆွတ်ဆွတ်နှင့် ပိုးပုဆိုးအကွက်စိတ်စိတ်တို့က သူ့ကိုပိုပြီး ငယ်နုမှန်းသိသာစေသည်။ ဘယ်လိုမှကိုမလိုက်ဖက်။ သူ့စိတ်ဆန္ဒအလျောက်ဝတ်လာတာမဟုတ်ဘူးဆိုတာ သူ့မျက်နှာပေးက သက်သေခံနေသည်။





'ကော်လာကတုံးနဲ့ပုဆိုးက အခမ်းအနားတွေလောက်ပဲ ဝတ်ဖို့လိုပါတယ်၊ ခါတိုင်းမှာ သာမန်ဝတ်ရိုးဝတ်စဉ် ဝတ်လို့ရပါတယ်၊ သိပ်သရုပ်ပျက်တာမျိုးတော့ မဟုတ်ရဘူးပေါ့'

'အင်း..'

သူ့မျက်နှာကြော နည်းနည်းလျော့သွားသည်။ ဝေပြောတာမှန်ရဲ့။ မောင်လေးက ကလေးစိတ်သာသာပဲ ရှိသေးငယ်ဆိုတာ၊ လုပ်ငန်းမှာအားကိုးရဖို့ လူကြီးဆန်တာဝန်သိတတ်ဖို့တွေအတွက်တော့ အတော်လေးကြိုးစားရဦးမှာ သေချာပါသည်။

'ရုံးချိန်က မနက်ကိုးနာရီကနေ ညနေငါးနာရီ၊ နေ့လယ်စာစားချိန်က ဆယ့်နှစ်နာရီကနေ တစ်နာရီအထိပေးတယ်၊ သင်တန်းကိုင်ရတဲ့သူတွေကတော့ အလှည့်ကျ ဂျူတီနဲ့ မနက်ခြောက်နာရီက



www.burmeseclassic.com

www.burmeseclassic.com



နေ နေ့လယ် ဆယ့်နှစ်နာရီနဲ့ နေ့လယ်တစ်နာရီ ကနေ ည ရှစ်နာရီ အထိနေရတယ်'

'ကျွန်တော်က ကျောင်းသွားရဦးမှာ၊ ကျောင်းက ဒီနှစ် Final ဆိုတော့ အရေးကြီးတယ်၊ ပြီးတော့ ကုမ္ပဏီ ကလူတွေကိုလည်း ကျွန်တော့်ကို Share holder (အစုရှယ်ယာဝင်) မဝေရဲ့မောင်အဖြစ် မသိစေချင်သေးဘူး၊ အလုပ်ဝင်ဖို့ လေ့လာတဲ့သူ လို့ပဲ အရင်အသိ ပေးထားချင်တယ်'

ကလေးဆန်ဆန်ပြောလိုက်တာကို စိတ်မဆိုးတဲ့ အပြင် ရယ်ချင်လှစွာနှင့် ပြုံးမိတော့မည့်နှုတ်ခမ်းကို အသာဖိကိုက်ထားလိုက်ရသည်။ ရှုပါတော့ အခုမှပဲ မူကြို ဆရာမ လုံးလုံးဖြစ်တော့မည်ထင်သည်။

'အိုကေ ရပါတယ်၊ မင်းပြောတဲ့အတိုင်းပေါ့ ပရက်တီကယ်ချိန်တွေနဲ့ ကျူတိုရီရယ်ချိန်တွေ





ဆိုရင်လည်း တို့ကိုပြောပေါ့၊ လောလောဆယ် လည်း သားငယ်ကို ချက်ချင်း လုပ်ငန်းခွင်မဝင် ခိုင်းသေးပါဘူး၊ လေ့လာရုံလောက်ပါပဲ'

'ကျွန်တော့်အသက် နှစ်ဆယ်ပြည့်ပြီးပါပြီ'

သားငယ်လို့ နာမ်စားသုံးမိတဲ့အတွက် မကျေနပ် ကြောင်း အတိအကျဖွင့်ဟချက်ပေါ့။ ဝေပြောတဲ့ ငါ့မောင် လေးက အငယ်ဆုံးဆိုတော့ ဂျစ်ကျပြီး ကလေးဆိုး ဆိုးချင် တယ်ဆိုသောစကားကို မမေ့ဖို့ စိတ်ထဲမှာ အမြဲမှတ်ထား ရသည်။

'တို့လည်း အသက်နှစ်ဆယ်ပြည့်ပြီးတော့ ရှစ်နှစ် လောက်ရှိပါပြီ အောင်စည်သာ'

'ဟုတ်ကဲ့ အစ်မ'

ကဲ မှတ်ကရော။ အပျိုကြီးစာရင်းဝင်အစ်မကြီး တစ်ပွန်းနဲ့တင် ပါးစပ်ပိတ်သွားပါသည်။ ရှုံးအသွားအမြန်



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှုပါချိုရဲ့ကားနဲ့လိုက်ရမတဲ့။ Hand-phone လည်း မကိုင်ရပါတဲ့။ အလုပ်လည်း ကြိုးစားရမတဲ့။ မရှုပါချိုကို ကိုယ့်အစ်မတစ်ယောက်လို သဘောထားပြီး ဆိုဆုံးမမှု တွေကိုလည်း နာခံရမတဲ့။ ဖေဖေ့စည်းကမ်းချက်တွေက များလွန်းလှပါသည်။ တကယ်ကို စိတ်ပျက်ဖွယ်ကောင်း လွန်းလှစွာ။

မမီးသူငယ်ချင်းဆိုပြီး မမီးလို လှလှပပလည်း မဟုတ်။ ကိုယ့်အစ်မအရင်းမို့ ချီးကျူးတာမဟုတ်ပါ။ မမီးက ခေါင်းကနေ ခြေဖျားအထိ အပြစ်ဆိုစရာမရှိအောင် လှသူဖြစ်ပါသည်။ ရှုပါချိုဆိုသော သူ့ရဲ့အသစ်စက်စက် ဆရာမကြီးကတော့ ရှုပါချိုဆိုတဲ့နာမည်လေးကိုတောင် အားနာစရာ။ ဆံပင်တိုတို ကုပ်ဝဲသာသာတို့ကို စည်းနှောင်ထားသော ခေါင်းစည်းကြိုးသည် တန်ဖိုးကြီးသော ခေါင်းစည်းကြိုးဖြစ်ပေမယ့် အလှဆင်ထားသော





ပုလဲလုံးတချို့က မရှိတော့။ ပုလဲလုံးတွေကွာကျနေတာ အသိသာကြီးဖြစ်လျက် အတော်ကို အကြည့်ရဆိုးလှပါသည်။

ဝတ်စုံကတော့ အဆင်နုတ်နုတ် ခပ်ပျော့ပျော့ အသားကို ခပ်ရိုးရိုးပုံစံသာ ဝမ်းဆက်ချုပ်ဝတ်ထားသည်။ ဒါပေမယ့် ဘယ်လိုမှပုံစံမကျ။ ဝတ်စားဆင်ယင်ထားသမျှ တွေဟာ အဖိုးတန်တွေချည်းပေမယ့် ပုံစံမကျလှတာက တော့ သေချာပါသည်။ ကိုယ်ကယောက်ျားလေးပေမယ့် အလှအပကိုတော့ အသေအလဲမက်မောသည်။ ခံစားတတ်သည်။ သူ့တစ်သက်မှာ တစ်ခါမှ ဒီလောက် အချိုး ကျစွာ ဝတ်စားထားတဲ့မိန်းကလေးမျိုး မကြုံဘူးခဲ့ပါ။

အဆိုးဆုံးကတော့ လက်သည်းခွံမှာ လက်သည်း ဆိုးဆေးတချို့ဟာ တစ်ဝက်တစ်ပျက်နှင့် အရုပ်ဆိုးလှစွာ ပြနေတာပင်။

ကားမောင်းနေတာကို ဘေးကနေ အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ကဲ့ရဲ့ချင်စရာတွေ တစ်ခုပြီးတစ်ခုပေါ်လာတာ ခေါင်းကနေခြေဖျားအထိပါပဲ။ ဖေဖေတို့ မမီးတို့ကတော့ သိပ်ကိုထူးချွန်သော အမျိုးသမီးတစ်ယောက်အဖြစ် ချီးကျူးလွန်းကြပါသည်။ ဘယ်လောက်ပဲ ထူးချွန်ပါစေ လှလှပပသပ်သပ်ရပ်ရပ်တော့ ရှိရမှာပေါ့။ မလှပရင်တောင် သပ်ရပ်မှုတော့ရှိရမည်။

'ဒီနေ့လည်း ကျောင်းမှာ ပရက်တီကယ်ရှိတယ်'

'ဩော်. . ဟုတ်လား. . သွားလေ. . တို့ကိုရုံးမှာချ ထားပေးပြီးရင် ပရက်တီကယ်သွားလုပ်လို့ရပြ ဩော်. . . ခဏတော့ မင်းကို ရုံးမှာမိတ်ဆက်ပေး ရဦးမယ်၊ ပြီးတော့ တို့ဆယ့်နှစ်နာရီခွဲမှာ အပွိုင့်မ တစ်ခုရှိတယ်၊ အဲဒါကိုမီအောင်တော့ အောင်စည် သာ ပြန်ခဲ့လိုက်ပေါ့'

'ဟုတ်ကဲ့'





စိတ်ချ ဆယ့်နှစ်နာရီခွဲဆိုရင်တော့ တစ်နာရီခွဲမှာမှ ပြန်ရောက်မယ်လို့ သူသစ္စာဆိုသည်။ ပထမဆုံးရက်မှာပဲ အောင်စည်သာဆိုရင် အောင်စည်အောင်မောင်းတွေ တီးပြီးတော့သာ အိမ်ကိုပြန်ပို့ပေးချင်ပါတယ်ဆိုတာမျိုး ဖြစ်စေရမည်။

သူမကတော့ သူ့အကြံအစည်တွေကို သတိထားမိဟန်မတူပါ။ သဘောထားပြည့်ဝသော အစ်မကြီးတစ်ယောက်၊ ကိုယ့်မောင်အရင်းချာကို စီစဉ်ပေးသလို စီစဉ်ပေးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၆။

'မင်း ဒီနေ့လည်း ဒီနည်းလမ်းကြီးကိုပဲ သုံးဦးမှာ လား သားငယ်၊ မကောင်းဘူးထင်တယ်နော်၊ သနားပါတယ်ကွာ၊ မနေ့တုန်းကလည်း မင်းနှိပ်စက်ပြီးပြီ'

'မနေ့တုန်းကနှိပ်စက်တာ ဘာမှအရာမရောက်ပါဘူးကွာ၊ ဆယ့်နှစ်နာရီခွဲမှာ သွားစရာရှိတယ်ဆိုလို့ တမင်သက်သက်ကို ပရက်တီကယ် နောက်ကျလို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး နှစ်နာရီမှပြန်သွားတာ၊ ငါရောက်သွားတော့ စောင့်ရလို့ စိတ်မဆိုးတဲ့အပြင် အေးအေးဆေးဆေးပဲ'

ကိုယ့်ကိုယ်ကိုတောင် သူစိတ်တိုပါသည်။ သူကတော့ဖြင့် သူ့ကို သူမအရမ်းစိတ်တို၊ စိတ်ပျက်နေလောက်ပြီဆိုပြီး အပျော်ကြီးပျော်နေတာပါ။ ဘာပရက်တီကယ်၊ ကျူတိုရီရယ်မှမရှိဘဲ ကင်တင်းမှာသူငယ်ချင်းတွေနဲ့ သူ့မရဲ့ အချိုးမကျမှုတွေကို မမောနိုင်အောင် ပြောဆို ရယ်မောနေခဲ့ကြတာ။ ဘာကြောင့်နောက်ကျသလဲဆိုရင်လည်း အကြောင်းအရာတွေပြောဖို့က အပြည့်အစုံပင်။

ရုံးရှေ့မှာ ကားရပ်ပြီးတာနဲ့ မျက်နှာသေလေးနဲ့ ရုံးခန်းထဲဝင်သွားတော့ သူမက အေးအေးဆေးဆေး ရှိနေခဲ့သည်။

'အစ်မကိုအားနာလိုက်တာ၊ ပရက်တီကယ်က





နောက်ဆုတ်သွားတာနဲ့ ဖုန်းလှမ်းဆက်ဖို့လည်း ကျွန်တော်က ဖုန်းနံပါတ်တွေ မမေးထားမိတော့'

'ရပါတယ် အားမနာပါနဲ့'

သူမက သူ့နောက်ကျမှုကို နည်းနည်းလေးမှ ဂရုမစိုက်ဟန်နှင့် စာဖတ်မပျက် ဟန်ဆောင်နေတာလား။ တကယ်ပဲ တည်ငြိမ်လွန်းတာလားတော့မသိ။ သူအားမလျော့သေးဘဲ. . .

'ဟိုလေ. . အစ်မချိန်းထားတာ ရှိတယ်ဆိုတာ'

'ဩော် အဲဒါလား၊ ရတယ်. . . တို့ Taxi နဲ့ပဲ သွားလိုက်တယ်၊ ခဏလေးပါပဲ၊ အဆင်ပြေပါတယ်'

ကဲ မှတ်ကရော။ တမင်သက်သက် အချိန်အကုန်ခံပြီး ကင်တင်းမှာထိုင်နေခဲ့ရတဲ့သူတောင်မှ စကားပြောလို့လေကုန်ပြီး ထိုင်ရလို့ ခါးညောင်းသေးသည်။ သူမကတော့ ဘာမှခံစားရပုံမပေါ်။ ကိုယ်ပဲ အရှုံးဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ပထမဆုံးနေ့မို့ အတတ်နိုင်ဆုံး စိတ်ရှည် သည်းခံနေတာပဲလား။

လောလောဆယ် မင်းသိထားသင့်တဲ့ ဒီကုမ္ပဏီနဲ့
ပတ်သက်တဲ့ အကြောင်းအရာတွေကို မင်း
လေ့လာနိုင်ဖို့ တို့စုထားတယ် ရော့'

ရုံးခန်းထဲမှာ စာအုပ်တစ်ပုံတစ်ပင်နဲ့ သူ့ကို ထားရစ်ခဲ့ပါသည်။ ဒီလိုမှန်းသိရင် ဒီထက်ပိုနောက်ကျပြီးမှ ပြန်လာပါတယ်။ ကိုယ့်ကြောင့် သူမစိတ်အနှောင့်အယှက် ဖြစ်မှုကို ကျေနပ်မှာပါ။

ဒီနေ့လည်း နေ့ခင်းပိုင်းကျမှ ကျူကိုရီရယ်ရှိတယ် ဆိုပြီး ကားယူကာ သူတမင်ထွက်လာခဲ့ပါသည်။ သူ့ဒဏ် ကိုမခံနိုင်ဘဲ မြန်မြန်အလျှော့ပေး လက်မြှောက်သွားဖို့သာ အဓိကမို့ အားလည်းမနာနိုင်တော့။ ဖေဖေတို့သိရင်တော့ သူ့ကို အမှန့်ကြိတ်ပစ်ချင်နေမှာ အသေအချာ။





သူမရဲ့ ပုံမှန်ရုံးဆင်းချိန်က ငါးနာရီ။ သူတမင် သက်သက်ကို ခြောက်နာရီထိုးခါနီးမှ ပြန်သွားလိုက်သည်။ ဒီကာစ်ခါတော့ ဖုန်းမဆက်လို့မကောင်းတာမို့ ဖုန်းတော့ လှမ်းဆက်ထားလိုက်ပါသည်။

ငါးနာရီအရောက်ပြန်လာမယ်ဆိုပြီး ပြောထား တော့လည်း သူမကခပ်အေးအေးပင်။ ခြောက်နာရီထိုးခါ နီး သူပြန်ရောက်သွားတော့မှ ဒီတစ်ကြိမ်လည်း သူ့တိုက် ကွက် မအောင်မြင်ဘူးဆိုတာ သိလိုက်ရပြန်သည်။

'မမက ကိုအောင်အောင်ကို စောင့်နေပါတဲ့၊ ဒီနေ့
Software ပိုင်းကို သင်မယ့်တစ်ယောက်က
အရေးပေါ်ကိစ္စ ပေါ်လာတာနဲ့ မသင်နိုင်တော့
လို့ မမက အစားဝင် သင်ပေးနေတယ်၊ (၇)နာရီ
မှ အတန်းပြီးမယ်'

ကိုယ့်ကိုစောင့်ပြီး စိတ်မရှည်ဖြစ်နေအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးတော့မှပဲ ကိုယ်က ပြန်ပြီး စောင့်ရမယ့်ဇာတ်လမ်း ဖြစ်လာပါသည်။ စာသင်ခန်းဇ်တွေဘက်ကို မရောက်ဘူး သေးပေမယ့် လိုက်မသွားဖြစ်။ ကွန်ပျူတာနဲ့ ကွန်ပျူတာ ဆက်စပ် ပစ္စည်းအရောင်းဆိုင်နဲ့ ရုံးခန်းက မြေညီထပ်နဲ့ ပထမထပ်မှာရှိပြီး စာသင်ခန်းတွေက စတုတ္ထထပ်နဲ့ ပဉ္စမ ထပ်မှာရှိတာမို့ လှေကားတက်ရမှာပျင်းတာကြောင့် မရောက်ဖြစ်ခြင်းပါ။

ရုံးခန်းထဲမှာပဲ တစ်နာရီကျော်လောက် ပျင်းရိလို့မ့် ပိတ် စောင့်နေရပြီးမှ သူမစာသင်၍ပြီးသွားပါသည်။ ခုနှစ် နာရီတောင်ခွဲခါနီးနေခဲ့ပြီ။ တစ်နာရီကျော်ကျော် စာသင် လာခဲ့ပေမယ့် သူမပုံစံကန္တမ်းနယ်မနေ။

'စောင့်နေရတာကြာပြီလား၊ ကျူရှင်ရော တက်ခဲ့ရ ရဲ့လား၊ တို့က မင်းစောစောပြန်လာရင် အရင် ပြန်ခိုင်းလိုက်မလို့ မင်းက နောက်ကျမှ ရောက်တော့





မယူးတော့ပါဘူးလေဆိုပြီး စောင့်ခိုင်းလိုက်တာ'

ကိုယ့်အတတ်နဲ့ကိုယ်စူးတယ်ဆိုတာ ဒါမျိုးထင်ပါ ရဲ့။ သူသာ တမင်သက်သက်ဂျီမကျဘဲ ခပ်စောစောပြန် လာခဲ့ရင် အခုလို စောင့်နေရမှာမဟုတ်။ ဒီတိုက်ကွက် မအောင်မြင်ဘူးဆိုရင်တော့ နောက်တစ်ကြိမ်မှာ တခြား တိုက်ကွက်တစ်ခုကို ရွေးချယ်ရတော့မှာပင်။ အိမ်ပြန် ရောက်ရင်တော့ လက်ဖက်ရည်ဆိုင်မထွက်တော့ဘဲ တစ်ယောက်တည်း အခန်းအောင်းပြီး အကြံဉာဏ်သစ် ပေ့ွ ထုတ်လိုက်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



၇။

ရှုပါပြောသမျှကိုလိုက်ရယ်နေရင်း မောလာပြီး မြတ်သည် မရယ်နိုင်တော့။ ရယ်ရတာများလွန်းလို့ ဗိုက်ကကြွက်သားတွေပင် အောင့်လာသည်။ အမြဲတမ်းတော့ အလုပ်မှာ မကြီးကြပ်နိုင်တော့ပေမယ့် ဆယ်ရက်ဆယ့်ငါးရက် တစ်ကြိမ်လောက်တော့ ကုမ္ပဏီကို မြတ်ရောက်လာတတ်ပါသည်။ ဒီရက်ပိုင်းမှာ ဝေနဲ့ဖုန်းပြောပြီး ဝေ့မောင်လေးကို အလုပ်ထဲခေါ် ရမယ့် သတင်းကြားရကတည်းက



www.burmeseclassic.com

www.burmeseclassic.com



မြတ်လာချင်နေတာ။ တစ်နေ့တစ်နေ့ ကိုယ့်အိမ်မှုကိစ္စတွေနဲ့ပဲ အလုပ်ရှုပ်နေပြီးမလာဖြစ်။ ဒီနေ့တော့ အိမ်မှာဖြစ်ချင် တာသာဖြစ်တော့ဆိုပြီး စိတ်ဒုံးဒုံးချထားလိုက်ပြီးမှ လာခဲ့တာပါ။

ရောက်တော့မှ ဝေ့မောင်လေး ကလေးဆန်ဆန် ဂျစ်တိုက်လူလည်ကျတာတွေကို ရှုပ့်ဆိက ကြားရတော့သည်။

'ဘာပရက်တီကယ်၊ ဘာကျူတိုရီရယ်မှမရှိတာ ငါသိတာပေါ့ မြတ်ရယ်၊ Sales (အရောင်း)က Staff ကောင်မလေးတစ်ယောက်ရဲ့ညီမလေးက အောင်စည်သာနဲ့တစ်တန်းတည်း၊ အဲဒီကောင်မလေး ဆီကနေ သူတို့ Time-table ကို တောင်းထားတာပေါ့ မြတ်ရယ်၊ ကိုယ်ကသူ့ကို လက်မခံမဖြစ် လက်ခံရတော့မယ်ဆိုကတည်းက သူနဲ့ပတ်သက်သမျှကို ကိုယ် အတတ်နိုင်ဆုံး သိသင့်





သလောက်တော့ ကြိုသိထားမှဖြစ်မှာလေ၊ မဟုတ်ရင် သူလိမ့်သမျှ ခံရတော့မှာပေါ့'

'ရှင်က ဆရာမကြီးပေါ့လေ'

'ဆရာမကြီးတော့ မဟုတ်ဘူးပေါ့ဟယ်၊ အလုပ်မှာလည်း အတွေ့အကြုံတွေများလာတော့၊ တပည့်မျိုးစုံနဲ့ ကြုံရတာများလာတော့ ငါလည်း နည်းနည်းတော့ လူပါးဝလာပြီလေ၊ သူတို့တွေ ငါ့ကိုလိမ့်တတ်ကြတဲ့ နည်းလမ်းတွေကို ငါသိလာပြီ'

'ဝေသိရင်ရယ်မှာပဲနော်၊ အားလည်းနာမှာပဲ၊ ဒါနဲ့နေပါဦး၊ သူတို့အိမ်မှာ ကားတွေဒီလောက်အများကြီး ရှိရက်သားနဲ့ ရှင်ကဝင်ကြို၊ ပြန်ပို့ဖယ်ရီဖြစ်နေရတာလဲ'

'အဖိုးကြီးရဲ့အိုင်ဒီယာလေ၊ သူ့သားခြေရှုည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားမှာစိုးလို့တဲ့၊ လမ်းလည်းသင့်နေတော့ မခေါ်နိုင်ဘူးပြောလည်း မရဘူးလေ၊ ကိုယ့်ခေါင်းပေါ် ရွက်သွားရတာ မဟုတ်တော့လည်း ဝင်ခေါ်ပေးလိုက်ပါတယ်ဟယ်'

ဒီနေ့အထိ သွားကြိုတိုင်း စူပုပ်ပုပ်မျက်နှာပေးနဲ့ မကျေမနပ် ခြံထဲကထွက်လာတတ်ဆဲ။ ကျူတိုရီရယ်၊ ပရက်တီကယ်ဇာတ်လမ်းတော့ မဆက်တော့ပါ။ တစ်ခုခု ဂျစ်ကျဖို့ ကြံစည်နေတယ်ဆိုတာကိုတော့ ရိပ်မိပါသည်။

ဘာမှအားလည်းမကိုးရတဲ့အပြင် ကိုယ့်အတွက် အနှောင့်အယှက်ပါဖြစ်ပေမယ့် သူရောက်လာကတည်းက ပျော်စရာတော့ကောင်းလာပါသည်။ သူ့လုပ်ရပ်တွေက ကလေးတစ်ယောက်လို ရယ်စရာကောင်းနေကာ စိတ်ဆိုးလို့လည်းမရပေ။ တစ်နေ့တစ်နေ့ အပျင်းပြေစရာ အကြောင်းအရာတစ်ခုလို ဖြစ်နေရသည်။





'အဲဒါနဲ့ ရှင်ကအလိုလိုနေရင်း မူကြိုဖယ်ရီလည်း ဖြစ်၊ မူကြိုဆရာမလည်း ဖြစ်နေတာပေါ့လေ၊ အခုရော ဘာတွေတိုးတက်လာပြီလဲ'

'ဘာမှမတိုးတက်ဘူး၊ တစ်ပတ်ရှိပြီ၊ ပြီးတော့ သူ့ကိုလည်း ဝေ့မောင်လေး၊ ရှယ်ယာဝင် ဒါရိုက်တာ လူကြီးဆိုတာ ရုံးကလူတွေကို အသိမပေးပါနဲ့ဦးတဲ့၊ ဒီက လုပ်ငန်းသဘောနဲ့ စာရွက်စာတမ်းတွေကို အခုထိ လေ့လာလို့ မပြီးနိုင်သေးဘူး၊ တကယ်ကြည့်ရင် တစ်ညနဲ့ပြီးနိုင်တာတွေပါဟယ်၊ ကျုပ်လည်း သူ့ပုံစံကို ကြည့်ပြီး ဘယ်လိုကိုင်တွယ် ဘယ်လိုထိန်းကွပ် ရမလဲဆိုတာ ကြည့်နေတာ'

'ကြည့်နေတာနဲ့ပဲ အဘွားကြီးဖြစ်သွားဦးမယ်နော်၊ ကျုပ်သူငယ်ချင်းမိချိုတစ်ယောက် နဂိုကတည်း



www.burmeseclassic.com

www.burmeseclassic.com



ကမှ အပျိုကြီးဖြစ်ပြီး မစွံရတဲ့ကြားထဲ ဒီကောင်လေးကလည်းတစ်မျှောင့်'

'အပျိုကြီးကိုတော့ ခလုတ်မတိုက်ပါနဲ့တယ်၊ ဒီအတိုင်းပဲ ငြိမ်းချမ်းပါတယ်'

'ရှင်လည်း သုံးဆယ်နီးပြီနော် မိချို တစ်သက်လုံးတော့ တစ်ယောက်တည်းမဖြစ်ဘူး'

'ဒီလောက် အလုပ်တွေရှုပ်နေတာ၊ ပြီးတော့ ငါ့လို မလှတဲ့ အသက်ကြီးကြီးမိန်းမတစ်ယောက်ကို ကြိုက်မယ့် သူဘယ်သူမှ မရှိပါဘူးဟယ်၊ ငါလည်း အချစ်ရေးကို မစဉ်းစားနိုင်ပါဘူး၊ ရှင်သိတဲ့ အတိုင်းပဲ၊ ရှင်တို့လို အစွမ်းအစမရှိပါဘူး'

မြတ်ကတော့ ရှုပ်ပါ့ကို အခုချိန်ထိ လက်မလျှော့သေး။ သူ့ခင်ပွန်းရဲ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်တကဲကဲ။ ရှုပါကိုယ်တိုင်ကိုက အချစ်ရေးကို စိတ်မဝင်စားတာပါ။ ကိုယ့်ရင်ကို လှုပ်ရှားစေမယ့်သူလည်း အခုအသက်အရွယ်ထိ မတွေ့ဘူးခဲ့။ သူတို့ကပဲကိုယ့်ကို စိတ်မဝင်စားကြလို့လားတော့မသိ။ ကိုယ်ကလည်းဘယ်သူ့ကိုမှ စိတ်ကူးကြည့်လို့မရ။

'ဖူးစာရှင်မပေါ်သေးလို့ပါ၊ အခုတော့ဝေက ရှင့်အတွက်ဖူးစာရှင်ကို ရှင့်ဘေးနားကို အရောက်ပို့ပေးလိုက်ပြီပဲ၊ ဒီတစ်ခါတော့ ရှင်အပျိုကြီးဘဝက ကျွတ်ကို ကျွတ်စေရမယ်'

ရှုပါသည် မဆင်မခြင်ပြောလိုက်သော မြတ်အပြောကို ရင်ဘတ်ဖိကာ ဘုရားတရသည်။ ရုံးခန်းထဲမှာ Staff တစ်ယောက်မှမရှိလို့သာ တော်ပါသေးသည်။ အိမ်ထောင်သည်ဖြစ်လာပြီးမှ မြတ်ရောဝေပါ စကားပြောတာ အဆင်အခြင်မရှိကြတော့။ အပျိုကြီးပဲပြောပြော၊ ဘာပြောပြော ရှုပါကတော့ စကားကိုလည်း မဆင်မခြင်မပြောရဲ။







www.burmeseclassic.com

www.burmeseclassic.com



'အမလေး. . . မြတ်ရယ်၊ ကြားသွားမှဖြင့် ကဲ့ရဲ့ပါ့မယ် ဟယ်၊ မပြောကောင်းပါဘူး၊ ကိုယ့်မောင်လေး အရွယ်ကို'

'မောင်လေးအရွယ်လည်း ဘာဖြစ်လဲ၊ မောင်လေးအရင်းမှမဟုတ်တာ၊ ဝေကဆိုသဘောကျမှာ၊ သူ့မောင်လေးကို ရှင့်လိုပညာတတ်၊ ထက်ထက်မြက်မြက်ဦးဆောင်နိုင်တဲ့ မိန်းကလေးနဲ့မှစိတ်ချမှာ'

'သူ့မောင်လေးကတော့ ရုပ်ဆိုးတဲ့ပစ်ချက်တစ်ခုနဲ့တင် ပယ်ချမှာပဲ'

ပြောမိပြီးမှ ရှုပါသည် ကိုယ့်စကားကို ကိုယ်ရှက်သွားရပါသည်။ သူပယ်ချဖို့အတွက် ကိုယ်က တန်းစီလျှောက်လွှာတင်ဦးမတဲ့လား။ မဖြစ်နိုင်တာ။ အဲဒီလိုပြောထွက်သွားမိတဲ့ ကိုယ့်ကိုယ်ကို အပြစ်တင်မိပါသည်။

မြတ်နဲ့နှစ်ယောက်သား ဘာစကားစရမှန်းမသိဘဲ





နှုတ်ဆိတ်နေမိကြစဉ်မှာပဲ သူက လေကလေးတစ်ချွန်ချွန်နဲ့ ရုံးခန်းထဲဝင်လာပါသည်။ Staff တွေထိုင်ဖို့ ရုံးခန်းကျယ်တစ်ခုနှင့် ရှုပါတို့လူကြီးတွေအတွက် သီးသန့်ရုံးခန်းနှင့် ဧည့်ခန်းတစ်ခုရှိပါသည်။ ပေအစိတ် ပေခြောက်ဆယ်ကျယ်သော တိုက်ခန်းအကျယ်ကို သုံးခန်းခွဲကာ ရုံးခန်းနှစ်ခန်းနဲ့ ဧည့်ခန်းပြန်ဖွဲ့ထားခြင်းပါ။ အခန်းအကာအရံတွေကို မှန်အကြည်တွေနဲ့သာ ကာရံထားပြီး လိုက်ကာစတွေနဲ့သာ လိုအပ်ရင်ကာရံဖို့ ရှုပါစီစဉ်ထားပါသည်။ မှန်အနက်တွေတပ်ပြီး ကိုယ့်လက်အောက်ကဝန်ထမ်းတွေဘာလုပ်မှန်းမသိဖြစ်နေမှာမျိုးကို ရှုပါမလိုလား။

ချာတိတ်က သူ့ထမင်းချိုင့်ကို Staff ကောင်မလေးတွေကို လှမ်းပေးပြီး တစ်စုံတစ်ခုပြောကာ ရယ်မောနေကြသည်။

'အဲဒါလား၊ တော်တော်ငယ်သေးတာပဲဟဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝေနဲ့ဆင်တယ်နော်၊ ကြည့်လိုက်တာနဲ့ မောင်နှမ ဆိုတာ သိသာတယ်၊ ဟဲ့ ထမင်းချိုင့်နဲ့ပါလား၊ ဘယ်လိုဖြစ်တာလဲ'

ထမင်းချိုင့်ကိစ္စ မြတ်ကိုပြောမပြရသေးတာမို့ မြတ်က တအံ့တဩ ရယ်ချင်စဖွယ်ဖြစ်နေသည်။

'အဲဒါကြောင့်ပြောတာလေ၊ တကယ့်မူကြိုကျောင်းသားလိုပါဆို၊ မနက်မိုးလင်းလို့ ရုံးလာဖို့ ဝင်ခေါ်တာနဲ့ သူတို့အိမ်ကကောင်မလေးက ထမင်းချိုင့်ကို ကားပေါ် လိုက်တင်ပေးတယ်လေ'

'ဝေ့အဖေနဲ့အမေက ဒီလောက်အဖြစ်သည်းကြမှန်း ဝေနဲ့တုန်းက ငါတို့မသိခဲ့ဘူးနော်၊ ရယ်ရတယ်'

'သူ့ကိုမှ ကလေးဆန်လွန်း၊ မသိတတ်လွန်းလို့ ဂရုစိုက်ပြီး အဖြစ်သည်းတာနဲ့ တူပါတယ် မြတ်ရယ်၊ ဝေက တို့တွေထက်တောင် လူကြီးဆန်သေး





တဲ့ဥစ္စာ'

'အထဲကို ဝင်မလာပါလားဟဲ့'

'ဧည့်သည်ရောက်နေတယ်လို့ ထင်လို့ပါ၊ ခေါ်လိုက်မယ်'

ရှုပါက အင်တာနယ်ဖုန်းလေးကတစ်ဆင့် ခေါ်လိုက်တော့ သူက Staff တွေနဲ့ စကားပြောနေရာမှ အခန်းဘက်ကိုလှမ်းကြည့်သည်။ လာဦးလို့ နှုတ်ခမ်းလှုပ်ရုံ လှမ်းခေါ်လိုက်တော့မှ မလှမ်းချင်လှမ်းချင်နှင့် အခန်းဘက်ကို လျှောက်လာသည်။

'အချိုးကတော့ သိပ်မပြေချင်ဘူး'

မြတ်က တစ်ခုပြီးတစ်ခုထိုင်ကြည့်ရင်း ဝေဖန်နေသည်။

'အစ်မ ခေါ်တယ်ဆို'

'အေး. . မင်းဝင်မလာသေးတာနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဧည့်သည်ရှိနေလို့ပါ'

'ဧည့်သည်မဟုတ်ပါဘူး၊ တို့လည်း ဒီကုမ္ပဏီရဲ့ ရှယ်ယာဝင်ပဲလေ၊ တို့ မြင့်မြတ်ခင်ပါ'

ရူပါ ဘာမှ မပြောရသေးခင် မြတ်က ခပ်သွက်သွက် ဝင်ပြောသည်။ မြင့်မြတ်ခင်ဆို၍ သူ့မျက်နှာကြော နည်းနည်းတော့ လျော့သွားပါသည်။

'မောင်လေး ဒီမှာ အလုပ်ဝင်ပေးနေတယ်ဆိုတာ တော့ ဝေက ဖုန်းဆက်ပါတယ်၊ တို့လည်း မအား တာနဲ့ မလာဖြစ်တာ၊ ဒီနေ့မှပဲ ရောက်ဖြစ်တော့ တယ်'

'ဟုတ်ကဲ့ အစ်မ'

'အဆင်ပြေတယ် မဟုတ်လား၊ မိချိုက အစစ အရာရာ ကူညီပေးမှာပါ'

မိချိုဆို၍ သူက ရူပါ့ကို တစ်ချက်လှမ်းကြည့်





သည်။ ရူပါ့ကို ပြောတာလားဆိုသည့်သဘော။ မြတ်က လည်း သူ့ အမူအရာကို သဘောပေါက်တာမို့

'အင်း တို့တွေက ရူပါချိုဆိုတဲ့နာမည်ကို သူများ တွေ ခေါ်သလို ရူပါလို့မခေါ်ဘဲ ချစ်စနိုးနဲ့ မိချိုလို့ ခေါ်တာလေ'

ရူပါ့နာမည်အခေါ်အဝေါ်ကို ရှင်းပြနေသေး သည်။ သူကတော့ နာမည်သာကြားဖူးပြီး လူကိုတော့ အခုမှ မြင်ဖူးသော မြင့်မြတ်ခင်ဆိုသည့်အစ်မကြီးကို အကဲခတ် နေမိသည်။ တော်တော် သွက်လက်တဲ့ပုံစံပါပဲ။ ဝတ်စားထားတာလည်း လိုက်ဖက်လှသည်၊ အသား ညိုညို၊ သေးသေးသွယ်သွယ်လေးနှင့် ရှိရင်းစွဲအသက် ထက်ပိုပြီး နုပါသည်။ မမြင့်မြတ်ခင်နဲ့ ယှဉ်လိုက်တော့မှ သူမရဲ့အချိုးမကျမှုက ပိုပြီး ထင်ရှားလာပါသည်။ ဒီနေ့ သူမဝတ်ထားတာလည်း ကြည့်ပါဦး။ အဝါရောင်တီရှပ်



www.burmeseclassic.com

www.burmeseclassic.com



ပွဲပွဲတစ်ထည်နှင့် ပန်းရောင်အကွက်ဆင်လုံချည်က ဘယ်လိုမှကိုမလိုက်ဖက်ပေ။

'အခု မောင်လေး လုပ်ငန်းအကြောင်း တော်တော်နားလည်ပြီလား၊ ဘယ်အပိုင်းမှာ တာဝန်ယူထားလဲ'

'ဟုတ်ကဲ့၊ လေ့လာတုန်းပါပဲ'

'ဩော်. . . ဆည်းပူးဆဲပေါ့ ဟုတ်လား၊ တစ်ခုတော့ရှိတယ် မောင်လေးရဲ့ လုပ်ငန်းခွင်အတွေ့အကြုံ ပညာကတော့ စာဖတ်သလို စာဖတ်ပြီး လေ့လာလို့တော့မရဘူး၊ ကိုယ်တကယ် ဒီလုပ်ငန်းထဲမှာ ဝင်မှ သိရတာ'

'ကျွန်တော်က ကိုယ့်မှာ ဘာအရည်အချင်းမှ မရှိသေးတော့ လုပ်ငန်းထဲကို မဝင်ချင်သေးဘူး၊ ကျွန်တော် နားမလည်ဘဲ ဆုံးဖြတ်ချက်တွေကို





မှားပြီးဆုံးဖြတ်တာမျိုးတို့၊ အစ်မတို့အလုပ်တွေကို နှောင့်ယှက်မိတာမျိုးတို့ ဖြစ်မှာစိုးလို့ပါ၊ ပြီးတော့ ကျွန်တော် ဘယ်သူဘယ်ဝါဆိုတာ အသိမခံချင်သေးတာလဲ သာမန်ကောင်လေးတစ်ယောက် အနေနဲ့ ရုံးကဝန်ထမ်းတွေ ရဲ့ စိတ်ဓာတ်အမှန်ကို သိချင်လို့ပါ'

အကြောင်းပြချက်ကတော့ အချောသားပင်။ ကြားရတဲ့သူတွေတောင် သူ့ကြိုးစားမှု၊ သူ့အယူအဆတွေကို ကျေနပ်ရတော့မလို။ ပရက်တီကယ်ဇာတ်လမ်း မစတော့ပေမယ့် ထမင်းမစားချင်လို့ အပြင်မှာမုန့်ထွက်စားမယ်ဆိုပြီး တစ်ခါတစ်ခါထွက်သွားရင် ရုံးကိုပြန်ရောက်မလာတော့။ ကိုယ့်တပည့်အဖြစ်နဲ့ ကိုယ့်လက်အောက်မှာ အလုပ်ဝင်လာတာလည်း မဟုတ်၊ ကိုယ့်ကျောင်းသားလည်း မဟုတ်တာမို့ အမိန့်ပေးပြီး ကိုယ့်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ပုံစံသွင်းလို့လည်း မရ။

သူလည်း ကိုယ်နဲ့ငွေကြေးအတူတူ ထည့်ဝင်ထားသူမို့ ရာထူးခြင်းအတူတူလို့ပဲ သတ်မှတ်လို့တောင်ရပါသည်။ ဒါပေမယ့် သူကတော့ အလုပ်ကို တကယ်စိတ်ပါဝင်စားလို့မှ မဟုတ်တာ။ အိမ်ကလူကြီးတွေရဲ့ ဆူပူနားငြီးမှုဒဏ်ကို မခံနိုင်လွန်းလို့သာ ရုံးကိုလာနေရတဲ့သဘောမျိုး။ အလုပ်ရဲ့တကယ့်အနှစ်သာရတန်ဖိုးကို သိတတ်နားလည်လို့လည်း မဟုတ်။

'အလုပ်ဆိုတာကတော့ ဘယ်သူမှ နဂိုကတည်းက နားလည်တတ်ကျွမ်းကြတယ် မဟုတ်ပါဘူး မောင်လေးရဲ့၊ တို့တွေ စ,လုပ်တုန်းကဆိုရင် သုံးယောက်စလုံးက အလုပ်နဲ့ပတ်သက်တဲ့အတွေ့အကြုံ လုံးဝမရှိကြတဲ့သူတွေချည်းပဲ၊ ဘယ်သူ့ ဘယ်သူမှ အားကိုးလို့မရဘူး၊ ဒီလိုပဲ မှားမှား





မှန်မှန် ရှေ့တိုးရတာပဲ၊ ဆုံးရှုံးမှုတွေနဲ့လည်း ကြုံရတာပဲ၊ ဆုံးရှုံးလို့ဆိုပြီးတော့ ရှေ့မဆက်လို့လည်း မရဘူးလေ၊ မဟုတ်ဘူးလား၊ အခု မောင်လေးကျတော့ အများကြီး ကံကောင်းတယ်၊ အရှိန်ရနေပြီးသား၊ လည်ပတ် အောင်မြင်နေပြီးသား လုပ်ငန်းမှာ အဆင်သင့်ဝင်ရုံပဲ၊ ဆုံးရှုံးမှုကြုံဖို့မရှိဘူး၊ ကိုယ့်ကိုမှန်သည်မှားသည် လမ်းပြမယ့်သူလည်း ကိုယ့်ဘေးမှာရှိတာပဲ၊ ဘာမှ မခက်ခဲပါဘူး'

မြတ်က စကားအရှည်ကြီးပြောလိုက်ရ၍ မောသွားဟန်နှင့် ခဏနားကာ ရူပါဖျော်တိုက်ထားသော ကော်ဖီကို သောက်သည်။ မြတ်အတွက်ဖျော်ရင်း ဘာရယ်မဟုတ် ကိုယ့်အတွက်ပါ တစ်ခွက်ပိုဖျော်ထားဖြစ်သော ကော်ဖီက အခုထိအတိုင်း၊ မသောက်ဖြစ်သေး။ စကားများများတော့ မပြောရပေမယ့် အလိုလိုနေရင်း အာခေါင်ခြောက်



www.burmeseclassic.com

www.burmeseclassic.com



လာတာမို့ ကော်ဖီတစ်ငုံလောက်သောက်လိုက်ဖို့ စိတ်ကူးကာလက်အလှမ်း သူကလည်း ကော်ဖီခွက်ဆီလက်အလှမ်းနှင့် ဆုံသည်။

'အဟဲ. . ဘယ်သူမှ မသောက်တော့ဘူးထင်လို့' သူက အရှက်ပြေရယ်ကာ ပြောသည်။

'တို့လည်း သောက်ပြီးပါပြီ၊ မင်းအတွက် ဖျော်ထားတာပဲ၊ မင်းကို ယူပေးမလို့ပါ'

မြတ်က ရူပ့ါအပြောကို ငါသိပါတယ်ဆိုသောမျက်နှာပေးနှင့် ပြုံးနေလေသည်။ သူ့ကွယ်ရာကျမှ အပျိုကြီးက မောင်လေးကို စေတနာတွေပိုနေတာလို့ ပြောဦးမှာအသေအချာ။ တစ်သက်လုံးနီးပါး ပေါင်းလာတဲ့သူငယ်ချင်းတွေမို့ တစ်ယောက်အတွင်းစိတ်ကို တစ်ယောက်ထိုးထွင်းမြင်နိုင်ပါသည်။

'တို့ကသာ မောင်လေးကိုဆရာလုပ်ပြီး အလုပ်





အကြောင်းတွေပြောနေပေမယ့် တို့ကိုယ်တိုင်လည်းဝင်ပြီး မဦးစီးနိုင်တော့ပါဘူး၊ အိမ်မှုကိစ္စတွေနဲ့ ကလေး ဝေယျာဝစ္စနဲ့ အလုပ်ဘက်ကိုခြေဦးမလှည့်နိုင်ဘူး၊ ဒီမှာလည်း မိချို တစ်ယောက်တည်း ဦးစီးပေးနေတာကို ကျေးဇူးလည်းတင်အားလည်းနာနေရတာ၊ အခု မောင်လေးလည်းပါလာပြီဆိုတော့ မိချိုလည်း အဖော်ရ အားရှိသွားတာပေါ့'

ရူပါက မြတ်ရဲ့လက်မောင်းကို မသိမသာလေးဆွဲလိမ်လိုက်ပါသည်။ မြတ်စကားက အနှောင့်အသွားမလွတ်။ ကိုယ့်ထက် အသက်ခြောက်နှစ်လောက်ငယ်ကဲ့ကိုယ့်မောင်လေးအရွယ်နဲ့များ မြတ်မို့လို့ယှဉ်တွဲပြီးနောက်ရက်သည်။ ဝေသိရင်လည်းမကောင်း။

'ကျွန်တော်က အခုအစ်မအတွက် အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



မရတဲ့အပြင် အနှောင့်အယှက်ဖြစ်နေတာပါ'

'အဲဒါဆိုရင်လည်း အနှောင့်အယှက်မဖြစ်အောင် ကူညီလိုက်ပေါ့မောင်လေးရယ်၊ မဟုတ်ဘူးလား'

ရှုပါက နောက်တစ်ကြိမ် ခပ်နာနာလေးဆွဲလိမ်လိုက်တော့မှ မြတ်ရယ်ကဲ့ကဲ့နှင့် စကားကိုရပ်သည်။ သူကတော့ မြတ်ရဲ့ဆိုလိုရင်းတွေကို သဘောမပေါက်၍သာ တော်ပါသေးသည်။ မဟုတ်ရင် ရှုပ့်အတွက် ရှက်ဖို့ကောင်းလှပါသည်။

အဲဒီနေ့က အချိန်တော်တော်ကြာကြာ သုံးယောက်သား စကားဝိုင်းဖွဲ့ဖြစ်ကြသည်။ အလုပ်မှာ လုံးဝစိတ်မပါဘဲ လူငယ်ပီပီ လေလွင့်ချင်စိတ်လေး ရှိနေသေးတာကို သူ့ စကားအသွားအလာတွေအရ သတိထားမိရသည်။ လူငယ်ဆိုတာကို အတင်းအကျပ် ဘောင်တစ်ခုထဲ ပုံသွေထည့်ချင်လို့မရမှန်း တချို့မိဘတွေက အခုချိန်ထိနားမလည်သေးတာ။ ပုံစံခွက်ထဲထည့်ဖို့ ကြိုးစားရင်း မူရင်းအခြေအနေထက်တောင် ပိုလို့ယိမ်းယိုင်သွားခဲ့ကြသောလူငယ်တွေကိုလည်း ရှုပါတွေ့ဖူးပါသည်။ သူ့ကိုတော့အဲဒီလို မဖြစ်စေချင်ပါ။

ရှုပ့်စိတ်ထဲကအတွေးတွေကို မြတ်သိရင်တော့ စေတနာတွေပိုနေပြန်ပြီဆိုပြီး ရယ်ဦးမလားမသိ။ အပျိုကြီးတော့ အသက်သုံးဆယ်နီးမှ ငယ်မူပြန်ပြီလို့မပြောရင်တော့ ကံကောင်း။








www.burmeseclassic.com

www.burmeseclassic.com



၈။

မြတ်ရဲ့တရားတွေကိုနာပြီးလည်း သူ့ပုံစံက အရင်အတိုင်းနေမြဲသာ။ မနက်ဘက် ရှုပ်ကား သူ့အိမ်ရှေ့မှာ ရပ်တိုင်း ငရဲပြည်ကိုခေါ်သွားမယ့် ယာဉ်ရထား ဆိုက်ရောက်သလို မကြည်မသာမျက်နှာထားနဲ့ ကားပေါ်တက်လာစမြဲ။ ရွာပြန်သွားတဲ့ကားဒရိုင်ဘာကြီးလည်း ဘာတွေဖြစ်နေသည်မသိ။ ခွင့်နှစ်ပတ်ပြည့်ပြီးတာတောင် ပြန်မလာသေး။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှုပါတောင်မှ ကားပြန်မောင်းတာ အတော်လေး အဆင်တပြေဖြစ်လာပါပြီ။ တစ်ခါတလေ ယောင်မှားပြီး ဘာရိတ်ဇမ်းအုပ်မိတာကလွဲလို့ပေါ့။ အဲဒီအချိန်ဆိုရင် သူ ရှေ့လေကာမှန်နဲ့ ဆောင့်မိတတ်သည်။ ထိုင်ခုံခါးပတ်လည်းပတ်မစီး။ ဆောင့်မိပြီးမှ နဖူးကိုပွတ်ပြီး စူပုပ်ပုပ် လုပ်နေတတ်ပါသည်။

ဘာအလုပ်မှလည်း မယ်မယ်ရရမရှိဘဲ ကုမ္ပဏီ တစ်ခုလုံးမှာ ဟိုစပ်စပ်ဒီစပ်စပ်နှင့် နေရာတကာ့ပါကာ Staff တွေ အားလုံးနဲ့လည်း ရင်းနှီးရောဝင်နေလေသည်။ သူ့ကို ရှယ်ယာဝင်တစ်ယောက်အဖြစ် မသိစေချင်ဘူး ဆိုတာကြောင့် မောင်လေးဝမ်းကွဲတစ်ယောက်လို့သာ အသိပေးထားတာမို့ အားလုံးကလည်းသူ့ကို သူငယ်ချင်းပေါင်း ပေါင်းကြသည်။ ရှုပါ့ကိုသာအရှိန်တစ်ခုနဲ့ ပြောရဲဆိုရဲ မရှိကြပေမယ့် သူ့ကိုတော့ ပြောရဲဆိုရဲ ရှိကြ





သည်။ သူကလည်း အားလုံးနဲ့ အဆင်ပြေအရောဝင် သလောက် ရှုပါ့ကိုဆိုရင် ခပ်စိမ်းစိမ်းပင်။ မလိုအပ်ရင် အာလာပသလ္လာပ စကားမျိုးတောင်မဆို။ ကားယူသွားချင်ပြီဆိုရင်တော့ အခင်းပျိုးလိုက်ရတဲ့စကားတွေ။ သူ ရှုပါ့ကို သုပ်နေပုံက ကလေးတွေရန်ဖြစ်ပြီး စိတ်ကောက် နေပုံမျိုးမို့ရယ်လည်း ရယ်ချင်ပါသည်။

သူ စိတ်ချမ်းသာသလိုသာ နေပါစေဆိုပြီး ရှုပါ ဘာမှ မပြောဖြစ်ခဲ့။ အလုပ်ထဲ အတိအကျကြီး ဝင်ခိုင်း လိုက်ရင်လည်း မဖြစ်သေးတာမို့ ဒီအတိုင်းပဲ ကြည့်နေ လိုက်သည်။ နောက် ခြောက်လလောက်ဆိုရင် လုပ်ငန်းခွင်မှာလည်း ကျွမ်းကျင်ပြီး တော်တော်လေး ရင့်ကျက်လာမယ်လို့တော့ မျှော်လင့်ထားပါသည်။ အဲဒီအချိန်ကျရင် အကျောင်းကိုစွဲဆို ပြီးတော့လည်း အကြောင်းပြစရာ ရှိပြီတော့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူက အဲဒီလိုမဟုတ်ခဲ့။

Staff တွေကို သူငယ်ချင်းပေါင်းပေါင်းပြီး အားလုံးရဲ့ လက်တိုလက်တောင်းနီးပါး ဖြစ်လာသည်။ ကုမ္ပဏီမှာက မိန်းကလေးတွေများလျက် Hardware သမားတွေလောက်သာ ယောကျ်ားလေးတွေရှိသည်။ သူတို့တွေကလည်း ကွန်ပျူတာပျက်တယ်ဆိုပြီး ဖုန်းဆက်ကွန်ပလိန်းတက်တိုင်း သွားကြည့်ပေးနေကြရတာမို့ ရုံးမှာရှိချိန်နည်းကြသည်။ အဲဒီတော့ ယောကျ်ားလေးတစ်ယောက် လုပ်ပေးမှ ရမယ့်ကိစ္စမျိုးဆိုရင် သူ့ကိုပဲအားလုံးက မျက်စောင်းထိုးကြတော့တာ။ ရုပ်ပါ မောင်ဝမ်းကွဲလို့သိထားပေမယ့် ရုပ်ပါနဲ့လည်း သိပ်ရင်းရင်းနှီးနှီးမရှိကြတာပါ တော်တော်အမျိုးဝေးတဲ့မောင်လို့ပဲ ထင်ကြဟန်လည်းရှိပါသည်။ အဲဒါကြောင့်လည်း ခိုင်းရဲကြခြင်းပါ။

'အောင်အောင်ရေ . . . ရှင်အပြင်သွားရင် ကျုပ်တို့





အတွက် J-Donuts တစ်ဘူးလောက်ဝယ်ခဲ့ပါဦး' ဆိုတာမျိုး။

'မမရုံးခန်းထဲသွားရင် ဒီဖိုင်လေးယူသွားပေးပါဦး'တို့။

'အပေါ်ထပ် Training ခန်းနဲ့ဆက်ထားတဲ့ အင်တာဖုန်းကြိုးများ ပြတ်နေသလားမသိဘူး၊ ကြည့်ပေးပါဦး အောင်အောင်ရယ်' ဆိုတာတွေ။ ကြားနေရပေမယ့် သူကိုယ်တိုင်က ကျေကျေနပ်နပ်ဖြစ်နေတော့ ရုပ်ပါလည်း မသိချင်ယောင်ဆောင်နေဖြစ်သည်။

ကျောင်းမှာ ကျူတိုရီရယ်၊ ပရက်တီကယ်သွားတဲ့နေ့မျိုးတွေဆိုရင်လည်း သူကျောင်းကင်တင်းက မုန့်တွေ ဝယ်လာပေးတတ်သေးသည်။ သူ့ဖေဖေကတော့ သူ့အလုပ်မှာ အတော်အဆင်ပြေ အံဝင်ခွင်ကျဖြစ်နေပြီဆိုပြီး တော်တော် ကျေနပ်နေပါသည်။

'ရွှေလဆိုရင် အန်ကယ်လည်း သင်္ဘောပြန်တက်ရတော့မယ်၊ သားငယ်ကို သမီးဆီမှာအပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရတာ အန်ကယ်တကယ်ဝမ်းသာတယ်၊ ဒါပေမယ့် ဒီကောင်ကညာဏ်များတယ်၊ အန်ကယ်မသွားခင်မှာ ကောင်းချင်ဟန်ဆောင်ပြီး သွားတော့မှ အရင်အချိုးပြန်ဖြစ်သွားမှာစိုးရသေးတယ်၊ သူမေမေကိုတော့ အသေအချာမှာခဲ့ရမှာပဲ'

စိတ်မချတွေဖြစ်ပြီး သားအဖကြားမှာ ပြဿနာတွေ ဖြစ်မှာစိုးတာကြောင့် အခြေအနေမှန်ကိုလည်း ရှုပါမပြောဖြစ်ပါ။ သူဘယ်အချိန်အတိုင်းအတာအထိ ဒီအတိုင်းနေနိုင်မလဲဆိုတာ စောင့်ကြည့်ရုံသာရှိတော့သည်။ တစ်ကြိမ်တော့ လိုအပ်သည်ထင်၍ တစ်မနက်ရုံးကိုအလာမှာ ရှုပါ သူ့ကိုစကားပြောကြည့်ခဲ့သေးသည်။

'ဘယ်တော့လောက်မှာ လုပ်ငန်းခွင်ကို စ,ဝင်မယ်လို့ စိတ်ကူးလည်း အောင်စည်သာ'

သူက ရှုပါ့ကို ဘာမှနားမလည်သလို အကြည့်မျိုး





နှင့် တစ်ချက်ကြည့်သည်။ ပြီးမှ

'ကျွန်တော် သိပ်နားမရှင်းလို့ တစ်ခုလောက်တော့ မေးပါရစေ အစ်မ၊ အခု ကျွန်တော်လုပ်ငန်းခွင်ဝင်နေတာ မဟုတ်ဘူးလား'

'မင်း တကယ်မသိလို့လား အောင်စည်သာ'

သူဘာမှပြန်မဖြေ။ ရှုပါဆက်ပြောမယ့်စကားကို ားစွင့်နေပုံရသည်။ ကိုယ့်မှာ မောင်နှမနှစ်ယောက်ပေယ့် ကိုကိုကြီးကရှုပါ့ထက် အသက်နှစ်ဆယ်တိတိကြီးသော အစ်ကိုမို့ အစ်ကိုတွေမောင်တွေရဲ့ ပေတေဂျစ်တိုက်မျိုးနဲ့ ရှုပါမကြုံဘူးခဲ့။ ကိုကိုကြီးလည်း သူ့အရွယ်တုန်းတော့ လူငယ်ပီပီ လူငယ်စရိုက်ရှိခဲ့ဖူးမှာပါပဲ။ ဒါပေမယ့် ါ လူမှန်းသိတတ်ချိန်မှာတော့ ကိုကိုကြီးက ရင့်ကျက်တဲ့ စ်ယောက်ဖြစ်နေခဲ့ပြီ။

သူနဲ့ကျမှ ဂျစ်တိုက်တတ်သော မောင်ငယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ ရှုပါဆက်ဆံဖူးတာဖြစ်သည်။ တစ်ခါ တစ်ရံလည်း ကလေးဆန်မှုအတွက် ရယ်ရသလို၊ တစ်ခါ တလေတော့လည်း စိတ်ပျက်သည်။

'မနက်မိုးလင်းရင် ရုံးကိုလာတယ်၊ မင်းနေချင် သလို ရုံးမှာနေတယ်၊ မင်းဘာကိစ္စဖြစ်ဖြစ် သွား စရာရှိရင် သွားဖို့လည်း တို့ခွင့်ပြုထားတဲ့အပြင် ကားသော့ကိုပါ မင်းကိုပေးထားတာပဲ၊ မင်းကို တို့ဘာမှ မချုပ်ချယ် မတင်းကျပ်ထားဘူး၊ တို့ ဆင်ထားတာက အခုလိုနေရင်းနဲ့ မင်း ဒီအလုပ် မှာ စိတ်ပါဝင်စားရှိလာလိမ့်မယ်လို့၊ အခု မင်းရုံး ကိုရောက်တာ နှစ်လနီးပါး ရှိပြီလေ၊ တစ်စုံတစ် တော့ မင်းဘက်က လှုပ်ရှားသင့်ပြီလို့ တို့ယူဆတ

'ကျွန်တော် ဒီအလုပ်ကို အရမ်းပျော်လို့ လုပ်တ လို့များ အစ်မယူဆထားလို့လား'





'တို့ သိပါတယ်၊ ကမ်းမမြင်လမ်းမမြင်တဲ့ သမုဒ္ဒရာ ကြီးရဲ့အလယ်မှာ လပေါင်းများစွာ အထီးကျန်ပြီး နေရမယ့်ဘဝနဲ့စာရင်တော့ ဒီဘဝကို မင်းပိုပြီး ပျော်လိမ့်မယ်လို့တော့ တို့ယူဆတယ်၊ ဘာပဲဖြစ် ဖြစ်လေ အခုလို အောင်မြင်တဲ့လုပ်ငန်းတစ်ခုကိုရ ဖို့ဆိုတာ လေးငါးနှစ်လောက် လူရောစိတ်ရော ငွေရော အပင်ပန်းခံခဲ့ရတာမျိုးပါ၊ မင်းအတွက် သိပ်ကို ကံကောင်းပါတယ်၊ ရလာတဲ့အခြေအနေ ကို မင်းတန်ဖိုးရှိရှိအသုံးချနိုင်ဖို့ တို့မျှော်လင့်တယ်'

ရှုပ့်စကားအတွက် သူ့ဘက်က ဘာစကားမှ ပြန်ခဲ့။ တစ်ခုတည်းသောတုံ့ပြန်မှုကတော့ နေ့လယ် ကျုံတိုရီရယ်သွားချိန်မှာ ရှုပ့်ကားကိုယူမသွားခြင်းပါ။ ကားသော့ကိုလည်း ရှုပါမမြင်မြင်အောင် ရှုပ့်စားပွဲမှာ ထားခဲ့သည်။ ကလေးဆန်လွန်းသော တုံ့ပြန်မှုကို



www.burmeseclassic.com

www.burmeseclassic.com



ရှုပါတစ်ယောက်တည်း ပြုံးရပါသည်။



၉။

သူ့အခြေအနေမှန်တွေကို ဖေဖေနဲ့မေမေမသိကြပေမယ့် မမီးကတော့သိနေခဲ့ပါသည်။ သိမှာပေါ့။ မမီးနဲ့သူမက သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးတွေဥစ္စာ။ ဖုန်းအဆက်အသွယ်လည်းရှိမပေါ့။

ထိုရက်ပိုင်းမှာ မမီးအမျိုးသားရဲ့အလုပ်ကိစ္စနဲ့ မမီးတို့ လင်မယား ရန်ကုန်ရောက်လာကြပါသည်။ ဖေဖေ၊ မေမေတို့ရှေ့မှာ ဘာမှမပြောပေမယ့် မောင်နှမနှစ်ယောက်တည်း ရှိချိန်မှာတော့ မမီးက သူ့ကိုမာန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'နင်အခုထိ အချိုးမပြေသေးဘူးလား သားငယ်ရယ်၊ ငါ့သူငယ်ချင်းကိုလည်း နင့်ကိုအပ်ထားရတာ ငါ အားနာလှပါပြီ၊ မိချိုတ သိပ်စိတ်ရှည်ပြီး သည်းခံတဲ့ သူမို့လို့၊ ငါသာဆိုရင်တော့ ဖြစ်ချင်တာဖြစ် နင့်ကို လက်မခံဘူး၊ တကယ်ဆိုရင် နင် မိချိုအနားမှာ ပညာ ယူရတာ အရမ်းကံကောင်းတယ်၊ မိချိုက အလုပ်မှာ သိပ်တော်သိပ်ထက်တာ'

မမီးက သူ့ သူငယ်ချင်းပုံစံတုံးတုံးကို ချီးကျူးနေတာမို့ သူ နားကြားပြင်းကတ်လာကာ

'မမီးသူငယ်ချင်း အဘွားကြီးကို သိပ်ချီးကျူးမနေပါနဲ့'

'အမယ်. . အဘွားကြီး၊ မိချို အဘွားကြီးဆိုတော့ ငါလည်းအဘွားကြီးပေါ့ ကောင်စုတ်လေးရဲ့၊ နင်ကများ ကိုယ့်အစ်မတွေကို. .'





'မမီးကိုပြောတာ မဟုတ်ပါဘူး၊ မမီးမပါဘူး၊ မမြတ်လည်းမပါဘူး၊ အစ်မကိုပြောတာ'

'အစ်မ. . အစ်မဆိုတာဘယ်သူလဲ'

'ဘယ်သူရှိရမှာလဲ. . မမီးသူငယ်ချင်း ဒေါ်ရှုပ်ချိုကို ပြောတာပေါ့'

ဝေသည် ဒီတော့မှ ကိုယ့်မောင်လေးပြောတာကို သဘောပေါက်သွားရသည်။ အဘွားကြီးတဲ့၊ အစ်မတဲ့။ ရှုပ်ပုံစံရှိုးလွန်းတာကို ပြောတာဖြစ်ရမည်။ အဝတ်အစားနဲ့ပတ်သက်ရင် ကမ္ဘာကျော်မော်ဒယ်ဘွိုင်းတွေတောင် အရှုံးပေးရမတတ် ဒီဇိုင်းအသစ်အဆန်း ခုံမင်လွန်းလှတဲ့ သားငယ်ဟာ အဝတ်အစားကို လုံးဝဂရုမစိုက်ဘဲ အဆင်ပြေသ ဝိုသာဝတ်တတ်တဲ့ ရှုပ်ပါ့ကို အဘွားကြီးလို့ ပြောတာပဆန်း။

'နင်ကလည်းဟယ်. . ငါ့သူငယ်ချင်းကို အဘွား



www.burmeseclassic.com

www.burmeseclassic.com



ကြီးတဲ့ ခေါ်ပုံကလည်း အစ်မတဲ့'

'ဟုတ်တယ်လေ၊ အဘွားကြီးပဲ ဥစ္စာ၊ မမီး သူငယ်ချင်းက ဝတ်လိုက်ရင်လည်း အမြဲတမ်းပုံမကျ ပန်းမကျနဲ့ ပစ်စလက်ခတ်ပဲ၊ အင်္ကျီနဲ့လုံချည်ဆိုလည်း ဘယ်တော့မှ အရောင်အသွေးမညီ၊ ဆံပင်ညှပ်တဲ့ခေါင်းစည်းကြိုးတွေ ကလစ်တွေဆိုရင်လည်း ပုလဲပြုတ်နေတာ၊ Crystal လေးတွေ ပြုတ်နေတာတွေနဲ့၊ လက်သည်းနီ ခြေသည်းနီဆိုရင်လည်း ပျက်တစ်ဝက်နဲ့၊ အမလေး . . . ပြောရင်ဆုံးတော့မှာမဟုတ်ဘူး'

ဝေသည် သူပြောသမျှနားထောင်ရင်း ရယ်ရတာဗိုက်တွေပါအောင့်လာလေသည်။ ဟုတ်လည်းဟုတ်တာပဲ။ ကျောင်းသူဘဝကတည်းက အဲဒီလိုပင်။ သုံးစွဲဝတ်ဆင်သမျှတွေက အဖိုးတန်တွေချည်းပေမယ့် ဖြစ်သလိုဝတ်





ဆင်တတ်တာ။ ကျောင်းစာကိုသာ အာရုံစိုက်လွန်းတာလည်း အဓိကပါ,ပါသည်။ အလုပ်ခွင်ရောက်တော့လည်း အလုပ်ကိုအာရုံစိုက်လွန်းလို့။ နဂိုအရင်းခံကတော့ လှပါသည်။ သို့ပေမယ့် အလှက ထင်ပေါ်ခွင့်မရတာ ဖြစ်သည်။

'အဲဒီတော့ ဘာဖြစ်လဲ၊ သူလှတာ. . . မလှတာနင်နဲ့ ဘာဆိုင်လဲ၊ သူမလှတာနဲ့ နင်က အလုပ်မလုပ်ချင်ဘူးလား'

'အဲဒီလိုတော့မဟုတ်ပါဘူး မမီးရာ၊ သားအရမ်းအလှအပ အသပ်အရပ်ကြိုက်တာ မမီးအသိဆုံးပဲ မဟုတ်လား၊ မလှဘူးဆိုရင်တောင် သပ်သပ်ရပ်ရပ်တော့ ရှိရမှာပေါ့၊ အခုက ဘယ်လိုမှကိုခံစားကြည့်လို့မရဘူး ဖြစ်နေတာ'

သူပြောမိပြောရာ ပြောမိသွားပြီးမှ မှားသွားမှန်းသိပေမယ့် မရတော့။ မမီးက သူ့ခိုးဖမ်းသော မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူ့ကို စေ့စေ့လိုက်ကြည့်ကာ

'အမယ်. . အမယ်. . မိပြီနော် မိပြီ. . မိချိုဆီမှာ နှင့် ကိုအပ်ထားတာ အလုပ်အတွက်ပါ သားငယ် ရယ်၊ နှင်နဲ့သူ့ကိုလက်ထပ်ပေးဖို့ နှင့်ကိုလေ့လာ ခိုင်းထားတာ မဟုတ်ပါဘူး၊ နှင်ပြောပုံက ခံစားလို့ မရဘူးတွေ ဘာတွေနဲ့၊ ငါ့ သူငယ်ချင်းကို နှင် မရိုးသားတော့ဘူး ထင်တယ်နော် သားငယ်'

'မဟုတ်ရပါဘူး မမီးရယ်၊ ကြံကြီးစည်ရာ၊ မမီး သူငယ်ချင်းကို မရိုးမသားစိတ်မျိုး သားမှာ တကယ် မရှိပါဘူး၊ ခံစားလို့မရဘူးဆိုတာက သူ့ကို လေးလေး စားစားနဲ့ ဆရာမလို သဘောထားကြည့်လို့ကို မရတာမျိုးကို ပြောတာပါ'

'နှင့်ကို ကွန်ပျူတာပညာရှင်ဆီမှာ အပ်ထားမိတာ မှားပြီထင်တယ်၊ တကယ်ဆို ရုပ်ရှင်မင်းသမီး





တစ်ယောက်ဆီမှာ အပ်ထားရမှာ၊ မင်းသမီးလို တော့ ဘယ်လှနိုင်ပါ့မလဲ သားငယ်ရယ်၊ မလှလို့ သာ နှင် အထင်သေးမယ်ဆိုရင်တော့ လောက ကြီးရဲ့ ထက်ဝက်လောက်ကို ဖြစ်နေမှာပေါ့၊ အဓိပ္ပါယ်ကို မရှိတာ'

ကိုယ့်အစ်မ မမီးကိုယ်တိုင်ကိုက သိပ်လှတဲ့သူမှ မဟုတ်တာ။ ကိုယ့်ကိုယ်ကို ပြင်ဆင်တတ် အဝတ်အစား ဆိုရင်လည်း ဆင်ယင်တတ်လွန်းလို့သာ ကြည့်လို့လှနေ တာ။ ဘာမှမဆိုင်ပါဘဲနှင့် မမီးက အသားလွတ်ပေါက်ကွဲ နေပါသည်။

'မမီးကို မပြောပါဘူးဗျာ၊ ကိုယ့်အစ်မကို မလှဘူး လို့ မပြောရပါဘူး၊ သားပြောတာက ဒေါ်ရူပါချိုကို ပြောတာပါ'

'ငါ့သူငယ်ချင်းကိုပြောတာလဲ ငါ့ကို ထိခိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဟဲ့၊ သူ့ခမျာ စေတနာအပြည့်နဲ့လည်း နင့်ကို ကူညီပေးနေရသေးတယ်၊ နင်အခုလိုပြောတာ လွန်တာပေါ့၊ မိချိုက တော်ရုံတန်ရုံ ဘယ်သူ့ သည်းညည်းကိုမှ အခုလို သည်းခံတာမဟုတ်ဘူး၊ အေးအေးဆေးဆေး နေတတ်တာ'

'အင်းပါ. . . ဟုတ်ပါတယ်'

'အင်းပါလုပ်မနေနဲ့၊ ဒီတစ်ပတ် ဆယ်ရက်လောက် အတွင်းမှာမှ နင်ဒါရိုက်တာနေရာမယူဘဲ အခုလို လတ်လျားလတ်လျားပဲ လုပ်နေမယ် ဆိုရင်တော့ ငါနင့်အကြောင်းတွေကို ဖေဖေနဲ့ တိုင်ပြောရမှာပဲ၊ ငါ့ကို ရန်ကုန်မှာမနေဘဲ တော မှာနေတယ်ဆိုပြီး နင်အထင် မသေးနဲ့နော်၊ နင် ဒီမှာ ဘာလုပ်နေ တယ် ဆိုတာတွေ ငါအကုန်သိတယ်'

'မယူချင်ပါဘူးဆို ဒီဒါရိုက်တာရာထူး၊ ဘာမှ





လည်း မလုပ်တတ်ဘဲနဲ့ ရှက်စရာကြီး'

'ဖြစ်သွားမှာပေါ့ဒီလိုပဲ၊ နင်တစ်ယောက်တည်းမှ မဟုတ်ဘဲ၊ မိချိုက နင့်ကိုကူညီမှာပေါ့၊ တချို့တွေ များ ပိုက်ဆံရှိပြီး ဘာအလုပ်လုပ်ရမှန်းမသိဘဲ ကားဝယ်ရောင်းလိုလို၊ ကန်ထရိုက်လိုလိုနဲ့ ဖြစ်နေ ကြတာတွေ အများကြီး၊ နင့်ပိုက်ဆံလေးနဲ့ ဒီလို အလုပ်မလုပ်ရင် ဘာမှလုပ်လို့ရမယ်မထင်နဲ့၊ အခု လို အောင်မြင်ပြီး သား အလုပ်တစ်ခုမှာ အဆင် သင့်လေးရတာကိုက ဘယ်လောက်ကံကောင်းလဲ'

'မမီးလည်း တစ်နေ့တခြား ဖေဖေမေမေတို့နဲ့ တူတူလာပြီ၊ နားကိုငြီးနေတာပဲ'

အဲဒီနေ့က မမီးရဲ့နားပူမှုဒဏ်ကို အတော်ခံလိုက် ရပါသည်။ မိန်းမတွေဟာ အသက်ကြီးလေ စကားပြော လေဆိုတာ မှန်တာပဲ။ မမီးငယ်ငယ်တုန်းက ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



စကားမပြော။ အခုမှ တကယ့်မိန်းမကြီးတစ်ယောက်လို စကားတွေများလာတာ။ မမီးသူငယ်ချင်းမမြတ်လည်း အဲဒီအတိုင်းပဲ။ ရုံးကိုခဏတစ်ဖြုတ်လေး ရောက်လာတာလည်း ပြောသွားလိုက်တဲ့စကားတွေ။ နင်အသုံးမကျဘူးလို့ သွယ်ဝိုက်မပြောပေမယ့် သူအခုထိအလုပ်မှာ အသုံးမဝင်သေးတာကိုတော့ သိသာစေသည့်စကားတွေပါပဲ။

မမီးတို့နှစ်ယောက်နဲ့ယှဉ်ရင် ကိုယ့်ရဲ့ဆရာမကြီး ဒေါ်ရွှပါချိုကတောင် စကားနည်းပါသေးသည်။ မလိုအပ်ဘဲ စကားမဆို။ သူ့ကိုတင် စကားနည်းတာမဟုတ်။ ရုံးမှာလည်း စကားနည်းပါသည်။ ပြောရင်လည်း ထိထိရောက်ရောက် အဓိပ္ပါယ်ရှိသောစကားသာ ဆိုတတ်ရဲ့။ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အရည်အချင်းကတော့ သူမမှာ အပြည့်ရှိပါသည်။ ဒါပေမယ့် မိန်းကလေး ဖြစ်ဖြစ်၊ ယောကျ်ားလေးဖြစ်ဖြစ် လှလှပပ ကျော့ကျော့မော့မော့





လေး ရှိနေတတ်တာကိုမှ အထင်ကြီးတတ်တဲ့ ကိုယ့်ရဲ့စိတ်ကိုတော့ ဘယ်လိုမှပြင်မရ။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ မမီး ဖေဖေ့ကိုမတိုင်ခင်မှာ လတ်လျားလတ်လျားကိစ္စကို ဆင်ခြင်ရတော့မှာတော့ အသေအချာပင်။



www.burmeseclassic.com

www.burmeseclassic.com



၁၀။

မနက်စောစောထပြီး မနက်စာစားဖို့ အောက်ထပ်ကို မ ၁င်းအားသေးဘဲ မှန်ရှေ့မှာ သူအလုပ်ရှုပ်နေပါသည်။ ဒီနေ့တော့ခါတိုင်းလို လူငယ်စတိုင်လ်အပြည့်ကြီးနဲ့ ရုံးကို သွားလို့မဖြစ်။ အလုပ်တာဝန်ကို စတင်ထမ်းဆောင်မယ့် ကုမ္ပဏီလူကြီးတစ်ယောက်အနေနဲ့ လူကြီးဆန်မယ့် ဝတ်စုံမျိုးတော့ ဝတ်ရမည်။ တစ်စုံလဲပြီး မှန်ရှေ့မှာရပ်လိုက်၊ မကျေနပ်ရင်ပြန်လဲလိုက်နှင့် Aircon ခန်းထဲမှာ တောင် ချွေးစို့လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဆင်စွယ်ရောင်ပေါ်မှာ အဖြူစင်းလေးတွေပါသော B.Sc တံဆိပ်ရှုပ်အင်္ကျီလက်တိုနှင့် GL တံဆိပ်ချောကလက်ရောင် စတိုင်လ်ဘောင်းဘီခပ်ပျော့ပျော့ကို စိတ်တိုင်းကျသွားပါသည်။ အားလုံးပြင်ဆင်ပြီး အောက်ထပ်ဆင်းလာတော့ မေမေက မနက်စာ အဆင်သင့်ပြင်ထားကာ

'ဒီနေ့တော့ ကားယူသွားလိုက်သားငယ်ရေ. . . အခုလေးတင်ပဲ ရှုပါချိုဖုန်းဆက်တယ်၊ သူ ဒီမနက် MICT မှာ အလုပ်တစ်ခုရှိလို့ ဝင်မခေါ်တော့ဘူးတဲ့၊ နောက်ကျမယ်တဲ့'

ဒီနေ့မှ အလုပ်တာဝန်တွေ စ,ယူမယ်ဆိုတဲ့ အကြောင်းကို ရုံးအသွား ကားပေါ်မှာပြောမယ်လို့ စိတ်ကူးထားတာ။ သူမကိုမမောင်းခိုင်းဘဲ ကိုယ်မောင်းပေးလိုက်မည်။ ပြီးတော့မှ စကားစပြီးပြောမည်။ ဒီလိုစဉ်းစား





ထားတာပါ။ ရုံးကိုရောက်တော့မှ မပြောချင်တော့။ ဒီနေ့မပြောချင်လည်း နောက်နေ့ပေါ့လေ။

'ကားပေးလိုက်မယ်ဆိုတော့ မေမေတို့ကသားကို စိတ်ချလို့လား၊ ရုံးမသွားဘဲ လျှောက်လိမ့်နေမှာ မစိုးဘူးလား'

'သိပ်တော့မယုံပါဘူး၊ ဒါပေမယ့် ကုမ္ပဏီဒါရိုက်တာကြီးလုပ်နေပြီး သူများကားနဲ့အမြဲလိုက်နေရင် လူအထင်သေးမယ်တဲ့၊ မီးမီးကလည်းမှာသွားတယ်၊ ပြီးတော့ ရှုပါလည်း အမြဲဝင်ခေါ်နေရတာ အားနာစရာကြီးလေ'

မောင်းခွင့်မရတာကြာပြီဖြစ်သော ကိုယ့် Suzuki Wagon လေးကို ပြန်မောင်းရတော့ စိတ်ထဲတစ်မျိုးဖြစ်နေသည်။ အရင်တုန်းကတော့ ဒီကားနဲ့ပဲ သွားချင်တာတွေသွားပြီး ပျော်ရွှင်လွတ်လပ်နေခဲ့တာ။ အခုတော့ စတိုင်



www.burmeseclassic.com

www.burmeseclassic.com



ကျကျနဲ့ ရုံးသွားရဦးမည်။ ကွန်ပျူတာကုမ္ပဏီတစ်ခုရဲ့ ဒါရိုက်တာတဲ့။ ကိုယ့်ရာထူးကိုတောင် ကိုယ်ရယ်ချင်ပါသည်။

သူမလာမခေါ်တော့လည်း ရင်ထဲမှာဟာတာတာ ဖြစ်နေသလိုပင်။ ခါတိုင်းဆိုရင် သူမအမှတ်တမဲ့ ဘရိတ်အုပ်လို့ နဖူးနဲ့ရှေ့မှန်နဲ့ မိတ်ဆက်ရတာလည်း ဖီလင်တစ်ခုပင်။

'အမယ်. . အောင်အောင်က ဒီနေ့တယ်ပြီး လူကြီး ဆန်နေပါလား၊ ဘာအထိမ်းအမှတ်လဲ မုန့်ကျွေးအစီအစဉ်လား'

ရုံးကိုရောက်တော့ သူမ မရောက်သေး၊ ကြောင်မရှိတာကြောင့် ကြွက်တွေအသံထွက်နေပါသည်၊ သူ့ကို အပျင်းပြေလာပြီး အချိန်ဖြုန်းနေသော ကောင်လေးတစ်ယောက်လို့သာ ထင်မှတ်ထားကြတာကြောင့် ရုံးက





လူတွေကမကြောက်ကြ။ အခုချိန်မှာများ သူဘယ်သူဘယ်ဝါဆိုတာ သိကြရင်တော့ ဘယ်လိုများ ဖြစ်ကုန်ကြမယ်မသိ။

'မမက ဒီနေ့နောက်ကျမယ်တဲ့၊ ဖုန်းဆက်တယ်၊ တို့တွေ လွတ်လပ်ရေးရတာပေါ့'

'ဟိုဘက်လမ်းမှာ ရှမ်းခေါက်ဆွဲ၊ မြီးရှည်ဆိုင် အသစ် ဖွင့်တယ်၊ အရမ်းကောင်းတယ်တဲ့၊ တို့တွေ သွားစားရအောင်'

'ဟုတ်လား. . . သွားမယ်လေ၊ တစ်အုပ်စုစီ အလှည့်နဲ့ သွားတာပေါ့'

ရှမ်းခေါက်ဆွဲဆိုင်သွားဖို့ တစ်ယောက်တစ်ပေါက် တိုင်ပင်ကြပြီး မိန်းကလေးတွေက သူ့ကို စကားဆိုလာပါသည်။

'အောင်အောင်ရယ်၊ ငါတို့ ရှမ်းခေါက်ဆွဲသွားစား



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ နင် Show Room မှာ ခဏစောင့်ပေးပါလား၊ ခဏပါပဲ၊ ငါတို့ ပြန်လာရင် နင့်အတွက် ဝယ်ခဲ့ပါ့မယ်'

'ရတယ်. . သွားလေ. . စောင့်ပေးမယ်'

သူလည်း ရုံးခန်းထဲမှာ ထိုင်နေရတာပျင်းတာကြောင့်ပါ။ အောက်ထပ်ဆင်းပြီး Show Room မှာ ထိုင်နေတာကမှ လူတွေတွေ့ပြီး အပျင်းပြေဦးမည်။ သူမရောက်လာရင်လည်း မမတာနဲ့ လျှောက်လစ်နေတယ်ထင်မှာဆိုးတာကြောင့် အပြင်မထွက်ချင်တာလည်းပါသည်။

သူစောင့်ပေးမယ်ဆိုတာကြောင့် အားလုံးဝမ်းပန်းတသာနှင့် ရှမ်းခေါက်ဆွဲဆိုင်ကို ချီတက်သွားကြလေသည်။ သူတို့ခမျာလည်း တစ်ခါတလေ ပျော်ပျော်ရွှင်ရွှင်လွတ်လွတ်လပ်လပ် သွားချင်ရှာမှာပေါ့။

Show Room ထဲမှာရောင်းသော ကွန်ပျူတာ





ပစ္စည်းတွေကို လိုက်စပ်စုကြည့်နေရင်း ကိုယ်သိတဲ့ပစ္စည်းလည်းရှိ၊ မသိတာလည်းရှိ။ ကွန်ပျူတာပညာရပ်ဟာ တကယ် ကျယ်ပြန့်တာပဲ။ လေ့လာလို့ကိုကုန်နိုင်မှာ ပဟုတ်။ အဲဒါကြောင့်လည်း ကိုယ်နားမလည်တဲ့ပညာရပ်မှာ ကိုယ်က ဆရာကြီးမလုပ်ချင်တာ။

'Colour Laser Printer ရှိလားခင်ဗျာ'

သူတစ်ယောက်တည်းရှိနေခါမှ ဈေးဝယ်သူရောက်လာပါသည်။

'ရှိပါတယ်၊ တံဆိပ်တွေကတော့အစုံပါပဲ'

သူက Printer တွေစီတင်ထားရာ ရှိုးကေ့စ်ကို လှန်ပြလိုက်ပါသည်။ ရောင်းတဲ့သူကနားမလည်ပေမယ့် ဝယ်တဲ့သူကတော့ နားလည်နိုင်လောက်ပါရဲ့။ Printer တွေကိုကြည့်ပြီး တစ်လုံးကို သူတို့သဘောကျသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဂရန်တီပေးလားဟင်'

'Printer တို့ Scanner တို့ သီးသန့်တော့မပေးပါဘူး၊ ကွန်ပျူတာတစ်စုံလုံးဆိုရင်တော့ ပေးပါတယ်၊ တစ်နှစ် အခမဲ့ပြင်ပေးပါတယ်၊ ပြင်ရတဲ့ပစ္စည်းဖိုးတော့ ၁၅ ရာခိုင်နှုန်းလျှော့ပေးပါတယ်'

'ဩော် . . . ဩော် . . ကျွန်တော်တို့ကလည်း ကွန်ပျူတာရှိပြီးသားပါ၊ Printer သာ အခုမှဝယ်ရမှာပါ'

'ဟုတ်ကဲ့'

'ဒီ Canon Colour Printer ဘယ်လောက်လဲဟင်'

ဈေးမေးတော့မှပဲ Price Label က ပစ္စည်းမှာကပ်မထား။ ဈေးမသိလို့မရောင်းလိုက်ရတာမျိုးတော့ အဖြစ်မခံနိုင်။ ဒါရိုက်တာလူကြီးလုပ်မယ့်သူက ဒီလောက်တော့ အဖြစ်ရှိရမှာပေါ့။ သူမလည်းသူ့ကို အံ့ဩသွားစေရမည်။





အရောင်းတာဝန်ခံတွေကိုင်ထားလေ့ရှိသော ဈေးနှုန်းစာရင်းတွေရှိသည့်ဖိုင်တွဲထဲမှာ ထိုပစ္စည်း၏ဈေးနှုန်းကို ကြည့်ပေးလိုက်သည်။ Canon BJC 2100 SP ရဲ့တန်ဖိုး ခုနှစ်သောင်းရှစ်ထောင်တဲ့။

'ခုနှစ်သောင်းရှစ်ထောင်ပါ'

'ခုနှစ်သောင်းရှစ်ထောင်၊ ယူမယ်လေ၊ နည်းနည်းတော့လျှော့ပါဦး'

'ဒါ Normal Price ပါပဲ'

ကိုယ့်ကိုယ်ကို ဈေးသည်ကြီးလိုလိုနဲ့။ ဈေးရောင်းရတာ ပျော်စရာတော့အကောင်းသားပဲ။

'လျှော့ပါဦး. . . အများကြီးမလျှော့ရင်တောင် Taxi ကားဖိုးလျှော့ပေါ့နော်. . . ညီလေးရာ'

နောက်ဆုံးတော့ သုံးထောင်လျှော့ပေးပြီး ခုနှစ်သောင်းခွဲနဲ့ရောင်းလိုက်ပါသည်။ သုံးထောင်လောက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ပေးလိုက်တာတော့ ဘာမှမဖြစ်လောက်ဘူးထင်ပါရဲ့။ ပိုက်ဆံခုနှစ်သောင်းခွဲကို အသေအချာရေတွက်ပြီးမှ Casher ရဲ့အံဆွဲထဲ ထည့်ထားလိုက်သည်၊ ဒီနေ့တော့ကောင်းတယ်ထင်ပါရဲ့။ အလုပ်ဝင်တော့မယ်စိတ်ကူးတော့ အလုပ်က စျေးဦးပေါက်အဆင်ပြေတယ်။ သူတို့တွေ ထိုင်နေကြရင်တောင် အခုလိုမနက်ပိုင်းမှာ စျေးဦးပေါက်တာနည်းလှတာ။ သူမသိရင်တော့ ဘာဝေဖန်မည်မသိ၊

သူ့အတွက်ဆိုပြီး ရှမ်းခေါက်ဆွဲပါဆယ်တစ်ထုပ်ဆွဲကာ အဖွဲ့တွေပြန်ရောက်လာကြတော့ သူက ဝိုင်းကြွကြွား မျက်နှာထားမျိုးနှင့်

'ဘာထူးခြားလဲကြည့်ဦးနော်'

'ဘာလဲ၊ မမ ရောက်လာပြီလား၊ ဆူနေလို့လား'

'မရောက်သေးပါဘူး'

'ဒါဆိုရင် တစ်ခုခုရောင်းထားရလို့ထင်တယ်။





ရောင်းထားရလဲ၊ စျေးဦးပေါက်ပေါ့လေ'

'အင်း. . . . Printer တစ်လုံး. . .'

'အလဲ့. . ဘယ်ဆိုးလို့လဲ၊ ပစ္စည်းကြီးရောင်းရသွားပဲ၊ ဘယ်ဥစ္စာလဲ'


'Canon Laser Printer လေ၊ ခုနှစ်သောင်းခွဲနဲ့'

သူက ဝမ်းသာအားရပြောလိုက်သောအခါ အားလုံးသည် ဝမ်းသာဟန်မပြဘဲ အထိတ်တလန့်မျက်နှာထားတွေ ဖြစ်ကုန်ကြသောအခါ သူလည်း ကြောင်အ,အ ဖြစ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၁။

ခါတိုင်း ရှုပ်ပါကားရပ်နေကျနေရာမှာ ကားတွေပြည့်နေတာကြောင့် ကားရပ်ဖို့နေရာရှာရင်း နှစ်လမ်းကျော် လာက်အထိ ကားကိုပတ်မောင်းနေရသေးသည်။ နောက်ဆုံးတော့ သုံးလမ်းကျော်လောက်မှာမှ ကားရပ်စရာရတော့သည်။

ချာတိတ်တစ်ယောက်တော့ ရုံးကိုရောက်မှရောက်ပါ့လားတော့ မသိ။ အမှန်ဆိုရင်တော့ မနက်စောစော



www.burmeseclassic.com

www.burmeseclassic.com



MICT Park ကိုအသွားမှာ သူ့ကိုဝင်ခေါ်သွားလို့ရပါသည်။ ရှုပါဝင်မခေါ်ဘဲ သူဘာသာသွားရင် ရုံးကိုလာမှ လာပါ့မလားလို့လည်း စမ်းသပ်ချင်လို့ပါ။

ရုံးရှေ့မလှမ်းမကမ်းနားမှာရပ်ထားသော သူ့ကားလေးကိုတွေ့တော့မှ ရှုပါ့နှုတ်ခမ်းတွေပြုံးသွားရသည်။ ရောက်တော့လာသားပဲ။

အပေါ်ထပ် Training ဘက်ကို အရင်သွားကြည့်လိုက်ဖို့ စိတ်ကူးပြီးမှ Show Room ထဲမှာ ဝန်ထမ်းတော်တော်များများ စုရုံးနေကြတာတွေ့လိုက်တာကြောင့် ရှုပါ Show Room ကိုပဲဝင်ဖို့ စိတ်ကူးပြောင်းသွားသည်။ အားလုံးက လမ်းမဘက်ဝင်ပေါက်ကို ကျောပေးထားရဲ့ မှန်တံခါးကို တွန်းဖွင့်ဖို့ပြင်ပြီးမှ ခပ်စွာစွာအသံတစ်ခုကြောင့် ရှုပါတုံ့ခနဲ ဖြစ်သွားသည်။

'အဲဒါ နင်လျှော်ပေးရမှာနော် အောင်အောင်...





ခေါင်းရှောင်မယ်တော့မကြံနဲ့'

အောင်အောင်. . . တဲ့။ ရုံးမှာ သူ့ကိုသိသောနာပည်မို့ ရှုပါ့စိတ်ထဲတစ်မျိုးဖြစ်သွားကာ တံခါးနဲ့ခပ်ကွယ်ကွယ်မှာ ပြန်ရပ်ပြီး အသာနားထောင်နေလိုက်သည်။ ဘာပြဿနာ ဖြစ်ကြတာလဲ။

'LBP-1120 နဲ့ BJC-2100 နဲ့ အကွာကြီး၊ တစ်သိန်းသုံးသောင်းတန် Printer ကို ခုနှစ်သောင်းခွဲနဲ့ နင်မို့ ရောင်းတတ်တယ်၊ မမသိရင်တော့ ငါတို့သေမှာပဲ'

'တော်ပါတော့မိစုရယ်၊ သူပြန်စိုက်ဖြည့်ပေးမယ်လို့ ပြောပြီးပြီပဲ၊ ငါတို့လည်း ဆိုင်ကိုပစ်ပြီးသွားမိတာကိုး၊ သူကလည်းစေတနာနဲ့ ရောင်းပေးထားတာပါ'

'ဈေးမသိရင်လည်း ခဏစောင့်ခိုင်းဦးပေါ့၊ တကယ့်ပဲ ဆရာကြီးလုပ်ချင်တာ'



www.burmeseclassic.com

www.burmeseclassic.com



မိစုဆိုသော ကြည်စုဝေရဲ့အသံက အကျယ်ဆုံးနဲ့ အစွာဆုံး။ တခြားသူတွေက မြေရာပြေကြောင်းပြောနေကြသည်။ သူ့အသံကိုတော့မကြားရ။ တော်တော် ခိုတ်ရှုတ်နေပြီထင်ပါရဲ့။ ပြောစကားတွေကိုကြားရုံနဲ့ ဘယ်လိုအခြေအနေဆိုတာ ရူပါနားလည်လိုက်ပါသည်။ အားလုံးမုန့်ထွက်စားပြီး သူ့ကိုဆိုင်စောင့်ထားခဲ့ကြတာ။ သူကဈေးနှုန်းမှားပြီးရောင်းပေးထားလို့ ပြဿနာတက်တာ။

မိစုက အားလုံးထဲမှာအစွာဆုံး။ Show Room ရဲ့အရောင်းတာဝန်ခံကလည်း မိစုဖြစ်သည်။ အပြစ်ဖြစ်မှာစိုးလို့ အတင်းကိုသူ့ကိုမဲနေတာ။

ရူပါနားထောင်ရင်း တော်တော်ဒေါသဖြစ်သွားပါသည်။ ကြည့်စမ်းပါဦး။ သူ့ကိုမှားပြောနေတာ မောက်မောက်မာမာရိုင်းရိုင်းစိုင်းစိုင်း။ မြန်မြန်လျော်ပေးမယ်ပြောပြီးရင် ပြီးပြီပေါ့။ သူဘယ်သူဘယ်ဝါဆိုတာကို မသိလို့ဘဲ





ထားဦး၊ လူတစ်ယောက်ကိုတော့ ဒီလိုမပြောသင့်ပေ။

ရူပါက ဗုဒ္ဓဟူးသမီးပေမယ့် စိတ်လည်းမကောက်တတ်၊ စိတ်ဆိုးဖို့လည်းခဲယဉ်းသည်။ စိတ်ဆိုးရင်တော့ ဘာတိုမှဘိုင်ဂရုမစိုက်တတ်။ တော်ရုံကိစ္စမျိုးကိုလည်း စိတ်ဆိုးခဲပါသည်။

ဒီထက်ပိုပြီး သူ့ကိုရိုင်းစိုင်းစော်ကားနေမှာကို ရူပါသည်းမခံနိုင်တော့။ စေ့ပိတ်ထားသော ဆိုင်ရဲ့အလူမီနီယံမှန်တံခါးကို တွန်းဖွင့်ဝင်သွားလိုက်သည်။ ရုတ်တရက် ရူပါ့ကိုတွေ့လိုက်တော့ အားလုံး မီးကိုရေဖြန်းလိုက်သလို ချက်ချင်း ငြိမ်သက်တိတ်ဆိတ်သွားကြလေသည်။

'ဘာဖြစ်လို့ ဆိုင်တံခါးကိုပိတ်ထားတာလဲ'

ရူပါ့အမေးကို ဘယ်သူမှ ရုတ်တရက်မဖြေနိုင်ကြ။ သူကတော့ အားလုံးရဲ့အလယ်မှာ စိတ်ပျက်လက်ပျက်ပုံစံနှင့်ရှိနေသည်။ သူဘာဖြစ်လို့ သူ့ရဲ့အခြေအနေမှန်ကို



www.burmeseclassic.com

www.burmeseclassic.com



မပြောတာလဲ။ ဒါပေမယ့် အခုချိန်မှာသူပြောရင်လည်း ဘာမှအရာရောက်မှာမဟုတ်ပါ။

'ဖုန်. . . ဖုန်ဝင်မှာစိုးလို့ပါ မမ'

ကေသီဆိုသောကောင်မလေးက အတုန့်တုန့် အယင်ယင်နှင့် ဖြေသည်။

'ဒီမှာပဲ ဘာဖြစ်လို့စုနေကြတာလဲ ကိုယ့်တာဝန်ကို ကိုယ်သွားလုပ်ကြတော့လေ၊ ဘယ်အချိန်ရှိပြီလဲ'

အားလုံး အလျိုလျိုနှင့် အပေါ်ထပ်ရုံးခန်းကိုလစ် သူလစ်၊ Show Room ထဲမှာ ဖုန်သုတ်သလိုလို၊ ပစ္စည်း နေရာရွှေ့သလိုလိုနဲ့ အလုပ်ရှုပ်ချင်ယောင်ဆောင်သူ ဆောင်နဲ့ လူစုကွဲကုန်ကြလေသည်။ သူကတော့ ထိုနေရာ မှာ ထိုင်နေဆဲ။

'ရောက်နေတာကြာပြီလား၊ အိမ်ကကားပေးလိုက် တာပေါ့လေ'





'ဟုတ်တယ်. . . အစ်မ၊ အစ်မကို ကျွန်တော် ပြောစရာ ရှိတယ်'

'အင်း. . . ပြောလေ၊ ရုံးခန်းထဲသွားတာပေါ့'

ရှုပါ ရုံးခန်းပေါ်တက်လာတော့ သူလည်း ရှုပါ့ အနောက်တပါလာသည်။ ဒီနေ့မှ ထူးထူးဆန်းဆန်း လူကြီးဆန်ဆန် ဝတ်လို့။ ဘာတွေများ စိတ်ကူးပေါက်လာ တယ်မသိ၊

'တော်တော်စိတ်ရှုတ်သွားလား အောင်စည်သာ'

ရုံးခန်းထဲရောက်သည်နှင့် ရှုပါပြုံးစိစိမေးလိုက် တော့ သူတအံ့တဩနှင့် မျက်ခုံးပင့်သွားသည်။

'အစ်မ သိတယ်'

'အင်း. . တို့အရှေ့မှာရောက်နေတာကြာပြီလေ၊ အားလုံးနီးပါးတော့ ကြားလိုက်ရတယ်ဆိုပါတော့'

'အဲဒီပိုက်ဆံ ကျွန်တော်ပြန်ပေးမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကူးတွေကို သူမဘာကြောင့်များ သိနှင့်နေရတာပါလိမ့်။ သူက ခေါင်းညိတ်လိုက်ပါသည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရသွားရကာ

'ဩော်. . အစ်မ. . . ခုနကကိစ္စအတွက်တော့ အစ်မ ဘယ်သူ့ကိုမှ အပြစ်မတင်ပါနဲ့နော်'

'အင်းပါ. . . မင်းသာစိတ်ချလက်ချသွား. . . ကားကိုလည်း အရမ်းမမောင်းသွားနဲ့ဦး၊ အချိန်ပါတယ်'

'ဟုတ်'

သူက ကလေးတစ်ယောက်လို ပေါ့ပေါ့ပါးပါး ပြေးထွက်သွားလေသည်။ ဒီနေ့မှ ထူးထူးဆန်းဆန်း ရှုပါတို့နှစ်ယောက်ကြားမှာ ကြည်ကြည်လင်လင်ဖြစ်နေပါသည်။ သူ့ကိုတွေ့တာနဲ့ အလုပ်ဝင်ဖို့ပြောမယ့်စကားတွေ ပြောချနေတာ။ သူကလည်း ကြည်ကြည်ဖြူဖြူလက်ခံလို့ ဒီနေ့






ရက်ရာဇာများလားဆိုပြီး ပြက္ခဒိန်ပြေးကြည့်ဖို့တောင်ကောင်းနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



၁၂။

ရုံးကိုရောက်လို့ တံခါးဝမှာခြေချလိုက်မိတာနဲ့ ရုံးမှာ တစ်ခုခုတော့ထူးခြားနေပြီဆိုတာ သူသတိပြုမိလိုက်ပါသည်။ တစ်မနက်လုံးကျောင်းမှာ ပရက်တီကယ်ရှိတာကြောင့် နေ့ခင်းထမင်းစားချိန်ပြီးမှ ရုံးကိုလာခဲ့တာပါ။ ဒီနေ့ အလုပ်ဝင်မယ်လို့ပြောထားပြီးမှ ရုံးကိုမလာဘူးဖြစ်နေမှာစိုးတာကြောင့် နေ့လယ်ပိုင်းပရက်တီကယ်တစ်ချိန် ကျန်သေးတာကိုတောင် သူငယ်ချင်းတွေကိုပဲဝိုင်းကူညီထားကြဖို့ မှာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးရှေ့မှာ သူမကားရပ်ထားတာတွေ့တာကြောင့် သူမ ရှိတာတော့ သေချာပါသည်။

သူဝင်သွားတာနဲ့ အရောင်းဆိုင်မှာရှိနေကြသော ကောင်မလေးတွေသည် ချက်ချင်းပင် ယိမ်းတိုက်ထားကြသလို အမူအရာတွေပြောင်းလျက် တရိုတသေ ကြောက်ကြောက်ရွံ့ရွံ့ပုံစံ ဖြစ်သွားကြတာ။ ခါတိုင်းဆိုရင်ကျောင်းကသူငယ်ချင်းတွေလိုပင် တွေ့ကြတာနဲ့ စ,နောက်တာကအရင်။ အပေါ်ထပ်ရုံးခန်းကို ဆက်တက်လာတော့လည်း သူ့ကိုတွေ့တာနဲ့ အောက်ထပ်မှာကြုံခဲ့တဲ့အတိုင်းပင်။ ပိုပြီးထူးခြားတာကတော့ ရုံးခန်းအပြင်အဆင်တွေကိုပါ ပြောင်းထားခြင်းပါ။

အရင်ဧည့်ခန်းနေရာမှာ သူ့အတွက် ရုံးခန်း ပြင်ဆ[င်] ထားပေးသည်။ ကွန်ပျူတာတစ်လုံးပါဆင်ထားရဲ့။ သူ[မ] ကတော့ ရုံးခန်းထဲမှာရှိမနေ။ ကားရပ်ထားတာတော့





တွေ့ခဲ့တာမို့

'အစ်မရော. . ထရိန်နင်ခန်းမှာလား'

'ဒီနားကရုံးတစ်ရုံးကို ခဏသွားပါတယ်ကိုအောင်စည်သာ၊ အစ်မက သူ့ကိုစောင့်နေဖို့မှာသွားပါတယ်'

သူမရဲ့မန်နေဂျာလည်းဖြစ်၊ ထရိန်နင်တာဝန်ခံလည်းဖြစ်သော ကျော့ကျော့က သူ့ရုံးခန်းထဲကစားပွဲပေါ်ကို ကော်ဖီလာချပေးရင်းဖြေသည်။ အပြင်ကပြန်လာတိုင်း အအေး၊ ဒါမှမဟုတ် ကော်ဖီကို သူမစားပွဲပေါ်လာတင်ပေးတတ်တာ ကျော့ကျော့ပြုမူနေကျပါ။ အခုလည်း ကျော့ကျော့အပြုအမူကြောင့် သူဘယ်သူဘယ်ဝါဆိုတာကို ကုမ္ပဏီတစ်ခုလုံးသိသွားပြီမှန်း သူသဘောပေါက်ပါသည်။ သူ့ကိစ္စကို အသိပေးရုံထက်ပိုပြီး သူမဘာတွေများလုပ်ထားသေးပါလိမ့်။ မနေ့ကကိစ္စကိုပေါ့။

'ဒီနေ့ ရုံးတွင်းကြေညာစာ ထုတ်သေးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ကိုအောင်စည်သာ၊ စားပွဲပေါ်မှာ လိုအပ်တဲ့ စာရွက်စာတမ်းတွေအားလုံး ဖိုင်တွေတွဲထားပေးပါတယ်'

မမီးရဲ့လက်မှတ်နှင့် ကုမ္ပဏီလုပ်ငန်းကိစ္စအဝဝတို့နှင့် အလုပ်တာဝန်များအားလုံး ပိုင်ဆိုင်မှုအားလုံးကို သူ့ထံသို့ လွှဲပြောင်းပြီးကြောင်း ထုတ်ပြန်ထားသောစာ။ ဒီနေ့နေ့စွဲ မဟုတ်ဘဲ လွန်ခဲ့သောနှစ်လကျော်၊ ကုမ္ပဏီကို သူစ, ရောက်သည့်နေ့စွဲနှင့် ထုတ်ပြန်ထားသော သူမရဲ့လက်မှတ်နှင့် မမီး၏လွှဲပြောင်းမှုကို လက်ခံအတည်ပြုသောစာ။ နောက်တစ်စောင်ကတော့ တာဝန်ဝတ္တရားများကို ယာယီလေ့လာသူအဖြစ်မှ ဒါရိုက်တာလူကြီးအဖြစ် စ,တင်ထမ်းဆောင်တော့မည်ဖြစ်သော ဒီနေ့နေ့စွဲနှင့်စာ။

ပြီးတော့. . .

ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်တဲ့။





ကြည်စုဝေ. . .။

မိမိ၏တာဝန်ဝတ္တရားများအား အကြိမ်ကြိမ်လစ်ဟင်းမှုရှိပါသဖြင့်တဲ့။

ဘာမှမလုပ်ပါနဲ့လို့ အတန်တန်မှာထားရက်နဲ့။

'တောက်. . .'

သူ့တက်ခေါက်သံက ကျယ်သွားတာကြောင့် လိုအပ်တာရှိရင်သူခိုင်းနိုင်အောင် စားပွဲနားမှာရပ်စောင့်နေသော ကျော့ကျော့ပင် အထိတ်တလန့်ဖြစ်သွားရသည်။ မနေ့တုန်းက ပြဿနာဖြစ်တော့ ကျော့ကျော့မရှိပါ။ ထရိန်နင်မှာ Course တစ်ခုပြီးလို့ စာမေးပွဲရှိတာကြောင့် အလုပ်ရှုပ်နေတာနဲ့ အောက်ထပ်ကိုမရောက်ဖြစ်တာ ဖြစ်သည်။ နေ့ခင်း ပိုင်းမှာမှ အရေးပေါ် Meeting ထိုင်စရာရှိတယ်ဆိုတာကြောင့် ရုံးခန်းကိုရောက်တော့မှအကြောင်းစုံသိရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဈေးမသိလို့ ရောင်းမိသူကရောင်းမိပေမယ့် အပြစ်မရှိပေ။ တကယ်အပြစ်ရှိသူက ကိုယ့်အရောင်းပြခန်းကို တခြားသူလက်မှာ ဖြစ်သလိုထားခဲ့သော အရောင်းပြခန်းတာဝန်ခံသာ ဖြစ်ပါသည်။ မန်နေဂျာအားလုံးကလည်း ထိုဝန်ထမ်းမျိုးကို နုတ်ထွက်ခွင့်ပေးသင့်ကြောင်းသာ ထောက်ခံကြသည်။ ကျော့ကျော့လည်း ဒီလိုပဲ ထောက်ခံတာပါပဲ။ အားလုံးဆုံးဖြတ်ပြီးမှသာ နုတ်ထွက်ခွင့်ပေးလိုက်တာပါ။ တခြားဝန်ထမ်းတွေကိုပါ နမူနာယူပြီး ဆင်ခြင်နိုင်အောင်လည်း ဖြစ်ပါသည်။

'ဒီကိစ္စ ဘယ်တုန်းကဆုံးဖြတ်လိုက်တာလဲ'

'မနေ့ညနေကပါ'

'ဒါဆို သူအလုပ်ထွက်သွားရပြီပေါ့၊ သုံးလစာရော ပေးလိုက်သေးလား'

'ဟုတ်ကဲ့. . သူ့မှာအပြစ်ရှိတဲ့အတွက် မပေးပါဘူး'





သူက တစ်ကိုယ်တည်းညည်းညူသလိုနှင့်

'အစ်မကကွာ. . အသေအချာမှာထားရက်သားနဲ့ လုပ်ချလိုက်ပြန်ပြီ'

ကျော့ကျော့ကတော့ သူ့နေရာမှာ မမရူပါသာဆိုရင် တစ်ခုခုပြောမိကောင်း ပြောမိမှာဖြစ်ပေမယ့် အခုတော့ ငြိမ်သက်နေလိုက်ပါသည်။ မမရူပါရဲ့ဆုံးဖြတ်ချက်မှန်ပါသည်။ Show Room ကို ကြုံရင်ကြုံတဲ့သူဆီမှာ အပ်ပြီး မိစုဦးဆောင်ကာ မုန့်ထွက်စားကြတာ အကြိမ်မနည်းတော့ပါ။ တော်ရုံလေးနဲ့မပြောချင်၊ အပြစ်မပေးချင်တာကြောင့်သာ မမရူပါကရော မန်နေဂျာတွေကပါ မသိချင်ယောင် ဆောင်ပေးနေခဲ့ကြတာ။

အခုတစ်ကြိမ်မှာတော့ မမရူပါလည်း သည်းခံနိုင်တော့တဲ့ပုံမပေါ်။ ကိုအောင်စည်သာကတော့ လူငယ်ဖြစ်တာရော၊ အလုပ်အတွေ့အကြုံမရှိတာရောအပြင် သူဈေး



www.burmeseclassic.com

www.burmeseclassic.com



မှားပြီးရောင်းမိခဲ့တာကြောင့် အားနာနေတာ။ သူက ဒါရိုက်တာလူကြီးဖြစ်နေလို့ သူ့ကိုမခန့်လေးစား နစ်နစ်နာနာ ပြောတာနဲ့ အလုပ်ထုတ်ပစ်တယ်ဆိုတာမျိုး မဖြစ်စေချင်လို့လည်း ထင်ပါသည်။

ဝန်ထမ်းတွေကို ထိန်းသိမ်းကိုင်တွယ်ရတာလည်း တကယ်တမ်း သိပ်ပြီးလွယ်ကူလှတာမဟုတ်။ ဘေးလူအမြင်မှာတော့လွယ်ပေမယ့် နေ့စဉ်နဲ့အမျှ ဆက်ဆံအုပ်ချုပ်နေရတဲ့သူတွေအတွက်တော့ အပြစ်ဒဏ်ပေးခြင်းဆိုတာ မလိုက်နာလို့မဖြစ်သော စည်းကမ်းတစ်ခုပင်။ ဒီကုမ္ပဏီမှာ ကျော့ကျော့စတင်အလုပ်ဝင်ကတည်းက အခုချိန်ထိ လေးနှစ်တာကာလမှာ မမရှူပါ ဝန်ထမ်းတွေကို မတရားတဲ့အပြစ်ဒဏ်မျိုး တစ်ကြိမ်တစ်ခါမှမပေးဘူးခဲ့။ အလုပ်က နုတ်ထွက်ခွင့်ပေးတယ်ဆိုရင်တောင်မှ အဲဒီဝန်ထမ်းရဲ့အပြစ်နဲ့ထိုက်တန်တဲ့ ဒဏ်ပေးမှုပဲဖြစ်ပါသည်။





'အစ်မက တော်တော်ကြာမှာလား၊ ဘာကိစ္စနဲ့သွားတာလဲ၊ မကျော့ကျော့သိလား'

'ဟုတ်ကဲ့. . . ကုမ္ပဏီမှတ်ပုံတင်ကိစ္စနဲ့ပါ။ ပြန်လာဖို့ နီးပါပြီ၊ မမဟန်း(ဒ်)ဖုန်းကိုခေါ်ပေးရမလား ကိုအောင်စည်သာ'

'အင်း. . ကောင်းသားပဲ၊ ခေါ်ကြည့်လိုက်'

သူမဟန်း(ဒ်)ဖုန်းကိုခေါ်တော့ သူမဘက်က ချက်ချင်းထူးသည်။

'အခုပဲ ရုံးအောက်ကိုရောက်နေပြီ. . . တက်လာခဲ့မယ်'

စက္ကန့်ပိုင်းအတွင်းမှာပင် သူမရောက်လာသည်။ ကျော့ကျော့ကတော့ ကိုယ့်ကိစ္စမရှိတော့ပြီမို့ ကိုယ့်နေရာမှာပဲ ဟိုယ်ပြန်ထိုင်နေလိုက်ပါသည်။

သူမက သူ့အတွက် ရုံးခန်းအသစ်ထဲမှာ မကျေ



www.burmeseclassic.com

www.burmeseclassic.com



မနုပ် မျက်နှာထားနှင့်ထိုင်နေသောသူ့ကို တစ်ချက် လှမ်းကြည့်ရုံသာကြည့်ပြီး သူမရုံးခန်းထဲဝင်သွားပါသည်၊ သူဒီအတိုင်း ထိုင်မနေတော့ဘဲ သူမရုံးခန်းထဲ လိုက်ဝင်သွား လိုက်သည်။

'အစ်မ အဲဒါဘာလုပ်တာလဲ'

ကုမ္ပဏီမှတ်ပုံတင်ရုံးကနေပြီး ကိုယ့်ရုံးအထိ ဘတ်(စ်)ကားမှတ်တိုင်လေးငါးမှတ်တိုင်စာ နေပူထဲမှာ လျှောက်လာရတာမို့ လူကနွမ်းနယ်မောပန်းနေချိန်မှာ ဒေါသတကြီးနှင့်သူက မေးခွန်းတစ်ခုမေးကာ ရှုပ်ရုံးခန်း ထဲ ရောက်လာလေသည်။



BURMESE CLASSIC .com

အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

၁၃။

'ဘယ်လိုလဲ အပျိုကြီး၊ ရင်ခုန်နေပြီလား'

ရှုပါကကားကို သူတို့အိမ်တည်ရှိရာလမ်းသွယ်ထဲသို့ ကွေ့ဝင်လိုက်စဉ်မှာ မြတ်ကမေးသည်။

'ဘာဖြစ်လို့ရင်ခုန်ရမှာလဲ၊ လူမမာလာမေးတာပဲ၊ ရင်ခုန်စရာလား'

'မဟုတ်ဘူးလေ၊ စိတ်ကောက်နေသော မောင်လေးကို ချော့ဖို့ကိုပြောတာ၊ ရှင်တို့ ဟိုရက်က ပြဿနာတက်လိုက်တယ်မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအတွက်တော့ မချော့နိုင်ပါဘူး'

'အဲဒါကြောင့် ရှင်အခုချိန်ထိ ရည်းစားမရှိသေးတာ၊ ရှင်သိပ်တစ်ယူသန်တာပဲ'

'တစ်ယူသန်တာ မဟုတ်ပါဘူးဟာ ၊ ငါလုပ်သင့်လုပ်ထိုက်တာကို ငါလုပ်တာပဲ၊ ငါမှမမှားတာ၊ အဲဒီအတွက် ငါဘာမှမလုပ်ပေးနိုင်ဘူး၊ ဒါအရှင်းဆုံးပဲ'

ကြည်စုဝေကို အလုပ်ထုတ်ပစ်လိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး သူနဲ့ရှုပါ အတော်ကို စကားများပြဿနာတက်သွားပါသည်။ ကိုယ်က အပြင်ကပြန်လာလို့ အမောမပြေနိုင်သေး။ သူက ကြည်စုဝေကို အလုပ်ထုတ်ပစ်တဲ့ကိစ္စနဲ့ ကိုယ့်ကို ရန်သူတစ်ယောက်လို လာပြီးဝုန်းဒိုင်းကျဲတာ။ မေးပုံကလည်း လူသတ်တော့မလိုမျက်နှာကြီးတင်းပြီး

'အစ်မ အဲဒါဘာလုပ်တာလဲ' တဲ့။





သူ့ဘက်က အေးအေးသက်သာ လိမ်လိမ်မာမာ မေးရင်တော့ ရှုပါကလည်း သူနားဝင်အောင် ကောင်းကောင်းမွန်မွန် ဖြေရှင်းပြမှာပါပင်။ အစောကတည်းက ဒီပြဿနာကိုကိုင်တွယ်လိုက်တာနဲ့ သူနဲ့ထိပ်တိုက်ရင်ဆိုင်ရမယ်ဆိုတာကို တွေးထားပြီးသား။ ဈေးမှားရောင်းမိတဲ့တရားခံက သူဖြစ်နေလို့ဆိုပြီး ကြည်စုဝေကို အပြစ်ကင်းလွတ်ပေးလိုက်လို့မရ။ အဲဒီလို ဆိုင်ကိုသူများလက်အပ်ထားပြီးနဲ့သွားစားတာမျိုးကို ရှုပါသိနေတာ သုံးလေးကြိမ်ရှိပြီ။ လက်ပူးလက်ကြပ်လည်းမမိတာကြောင့် အပြစ်မပေးဖြစ်တာ။

'အပြစ်ပေးလိုက်တာလေ. . ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ. . အစ်မကတိပေးထားတယ်မဟုတ်လား. . ဘာမှမလုပ်ဘူးဆို'

'ဒါပေမယ့် မရဘူးလေ၊ ဒီကိစ္စက ဘာအပြစ်မှ



www.burmeseclassic.com

www.burmeseclassic.com



မပေးဘဲ ထားလို့ရတာမျိုးမဟုတ်ဘူး'

'ကျွန်တော်လျှော်ပေးမယ်လို့ ပြောထားတာပဲ'

'အလျှော်လိုချင်လို့ မဟုတ်ဘူးလေ၊ စည်းကမ်း

တာ ငွေကြေးနဲ့ဖြေရှင်းလို့မရဘူး'

'ကျွန်တော် လက်မခံဘူး၊ ဒီဆုံးဖြတ်ချက်ကို'

'မင်းလက်မခံလည်း တို့ ဘာမှမတတ်နိုင်ဘူး

ကိုယ့်တာဝန်ဝတ္တရားကို အကြိမ်ကြိမ်လစ်ဟင်း

ဝန်ထမ်းတစ်ယောက်ကို တို့ကုမ္ပဏီက ဖက်တွ

မထားနိုင်ဘူး၊ ထိုက်သင့်တဲ့အပြစ်ဒဏ်ပေ

ပေးရမှာပဲ'

'ကျွန်တော် ဒါရိုက်တာလူကြီးတစ်ယောက်အနေ

ပြောနေတာပါ'

'ဒါရိုက်တာလူကြီးတစ်ယောက်အဖြစ် အ

တကယ် တာဝန်ထမ်းဆောင်တဲ့သူတစ်ယော





ဟာ ဒီလို မှားယွင်းတဲ့ အတိုက်အခံလုပ်ရပ်မျိုးကို

မလုပ်ဘူး အောင်စည်သာ'

တမင်သက်သက်ကို ပြောလိုက်တာပါ။ အလုပ်ကို ည်းနည်းမှုစိတ်မဝင်စား၊ အလုပ်အကြောင်းလည်းနား လည်ဘဲ သူက အပြစ်ရှိတဲ့ဝန်ထမ်းဘက်က ရပ်တည်ချင် ားသည်။ ဒါရိုက်တာလူကြီးတစ်ယောက်ကို မထိမဲ့မြင် လို့ အသားလွတ်အလုပ်ထုတ်တာမျိုး မဖြစ်စေချင်ဘူး ိုတာကို ရှုပါနားလည်ပါသည်။ ဝန်ထမ်းရဲ့တာဝန်လစ် င်းမှုကို သူမသိဘူးလား။ သိန်းပေါင်းများစွာတန်ဖိုးရှိ သာအရောင်းဆိုင်ကို တခြားလူလက်ထဲအပ်သွားရဲ့တာ ည်းတဲ့ပေါ့လျော့မှုတော့မဟုတ်။ တွေးမိတိုင်း ရှုပါ ော်တော်ဒေါသထွက်ရသည်။

ရှုပ့်စကားကို သူဆတ်ဆတ်ခါသွားပုံရရဲ့။ ဝုန်းဒိုင်း ပြီး ရုံးခန်းထဲကထွက်သွားခဲ့တာ။ သူ့ရုံးခန်းထဲက သူ



www.burmeseclassic.com

www.burmeseclassic.com



စာရွက်စာတမ်းဖိုင်တွေကိုဝင်ယူပြီး သူအောက်ထပ်ကို ဆင်းသွားတာ ရှုပါတွေ့နေရသည်။ ညနေရုံးဆင်းချိန် အထိ ပြန်ရောက်မလာတော့။ စိတ်ကောက်သွားတာလား။ တကယ်ပဲ အလုပ်လုပ်ချင်စိတ်မရှိတော့တာလား။ လုပ်ချင် တာသာလုပ်ပစေတော့။ စိတ်ကောက်သွားလည်း မချော့ နိုင်ပါ။

မြတ်နဲ့ဝေကိုတော့ အကျိုးအကြောင်း လှမ်းပြော ထားလိုက်ပါသည်။ ဝေကတော့ ငါ့မောင်လေး စိတ်ကောက် သွားတာပါ။ နင်ဒီအတိုင်းပဲနေလိုက်၊ သူစိတ်ပြေရင် ပြန်လာလိမ့်မယ်တဲ့။ မြတ်ကလည်း ရုံးတက်မတက် လှမ်း ပြီးမမေးဖို့ပြောသည်။ ရှုပါလည်း လုံးဝမခေါ်ဖို့ စိတ်ကူး ထားပြီးသားပါ။ ကိုယ်ကမှမမှားဘဲ၊ ခဏခဏအရှုံးပေးပြီး လိုက်ချော့ရအောင် အသက်သုံးလေးနှစ်အရွယ် ကလေး လေးလည်းမဟုတ်။





သို့ပေမယ့် တစ်ပတ်လောက် သူလုံးဝပျောက်နေ တော့ စိတ်ပူလာသည်။ နယ်က ဝေ့ဖုန်းကိုဆက်ကြည့် တော့လည်း ဖုန်းပျက်နေသည်။ သူ့အိမ်က ဘာများ ဆက် သွယ်လာမလည်းစောင့်ရင်း မနေ့ကတော့ (ဆယ်ရက် မြောက်နေ့) သူ့မေမေကဖုန်းဆက်သည်။

'အန်တီလည်း ဖုန်းဆက်မလို့သမီးရယ်၊ သားငယ် တာတော့ အစောပိုင်းကတည်းက ဆက်ထားတယ် ပြောတာပဲ၊ အန်တီလည်း ဒီနေ့မှ စိတ်အေး လက်အေး နည်းနည်းဖြစ်သွားတာနဲ့၊ သူကလည်း ဒီနေ့မှ ဆေးရုံကဆင်းတာလေ'

'ဆေးရုံ . . ဘာဖြစ်လို့လဲအန်တီ'

'ဟောတော့ . . သမီးမသိဘူးလား၊ ထင်တော့ထင် တယ်၊ သားငယ်အကြောင်းကြားတယ်ဆိုတာ မယုံရဘူးလို့၊ သားငယ်အူအတက်ပေါက်လို့လေ



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ ခွဲလိုက်ရတယ်၊ တစ်ပတ်ရှိပြီ၊ Sakura မှာလေ'

'မသိလိုက်ဘူးအန်တီ၊ သူခရီးတစ်ခုခုများ ထွက်သွားသလားလို့ပါ၊ အိမ်ကိုလည်း ဖုန်းဆက်မမေးမိဘူး'

တစ်ယောက်နဲ့တစ်ယောက် စိတ်ခုနေကြပြီး အဆက်အသွယ်မရှိဖြစ်နေကြတာကိုတော့ ရှုပါမပြောဖြစ်။ သူကလည်း ပြောထားပုံမရပါ။ ဒီအလုပ်ကို မလုပ်ချင်တော့ဘူးလို့တော့ သူဆုံးဖြတ်လိုက်ပုံတော့မရှိ။ ကလေးတစ်ယောက် စိတ်ကောက်သလို စိတ်ကောက်ခြင်းသာဖြစ်ပါလိမ့်မည်။ မြတ်ကတော့ 'တနင်္ဂနွေသွားနဲ့ ဗုဒ္ဓဟူးသမီးနဲ့ အပြိုင်စိတ်ကောက်တာ ဗုဒ္ဓဟူးသမီးရှုံးသွားတယ်ပေါ့လေ'တဲ့။ နောက်ဆုံးတော့ နေမကောင်းဖြစ်နေတဲ့ လူနာနဲ့ပြိုင်ပြီး ရှုပါစိတ်ကောက်လို့မဖြစ်တော့။

'သမီးလုံးဝမသိလို့အန်တီ၊ အခုရော သက်သာ





သွားပြီလားဟင်၊ သမီးမနက်ဖြန်လာခဲ့ပါဦးမယ်၊ ဒီနေ့က သောကြာနေ့ဆိုတော့ အလုပ်တွေနည်းနည်း ရှုပ်နေတာနဲ့'

'ရပါတယ်ကွယ်၊ အလုပ်အားမှလာပါ၊ သားငယ်မရှိတာနဲ့ အလုပ်မှာတစ်ယောက်တည်း ပိုပြီးအလုပ်တွေများနေမှာပေါ့၊ သားငယ်လည်း သက်သာနေပါပြီ၊ ဒါပေမယ့် အိမ်မှာတော့ တစ်ပတ်လောက် အနားယူရဦးမယ်'

ရှုပါတစ်ယောက်တည်း မသွားချင်တာကြောင့် မြတ်ကိုဖုန်းလှမ်းဆက်ပြီး အဖော်ညှိရသည်။

'စနေနေ့ ကျုပ်အားပါတယ်၊ ဈေးသွားဖို့တော့ ရှိတယ်၊ ဒီလိုလုပ်ပါလား၊ မနက်ကိုးနာရီခွဲလောက်ရှင် ကျုပ်ကိုလာခေါ်လေမိချို၊ ကျုပ်နဲ့ဈေးကိုတော့ ခဏလိုက်ပေး၊ ဈေးကအပြန်မှ ကျုပ်တို့ အောင်



www.burmeseclassic.com

www.burmeseclassic.com



စည်သာ့ကိုသွားကြည့်တာပေါ့”

“ကောင်းသားပဲ၊ ငါလည်း ဈေးမရောက်တာ ကြာပြီ”

ဒီလိုနဲ့ မနက်ကိုးနာရီခွဲမှာ မြတ်ကိုသွားခေါ်ရသည်။ ယုဇနပလာဇာ၊ ရန်ကင်းစင်တာတွေကို မမောတမ်း မြတ်နောက်ကလိုက်ရသည်။ အလုပ်ခွင်ဝင်လိုက်ကတည်းက ဈေးအေးအေးဆေးဆေး မပတ်ရတာတော့ ကြာပါပြီ။ အဝတ်အစားအသစ်ချုပ်ဖြစ်တာလည်း အမေကြီးကစီမံပေးလို့သာ။ အမေကြီးပဲဈေးသွား၊ ချုပ်နေကျအပ်ချုပ်ဆိုင်မှာအပ်ပေးနှင့် ရှုပါကတော့ ကိုယ့်အဝတ်ဗီရိုထဲ အဆင်သင့်ရောက်လာတာကို ဝတ်လိုက်တာပင်။

‘ရှင့်အင်္ကျီတွေက ပုံစံလုံးဝမကျဘူးမိချိုရယ်၊ အသက်အရွယ်လည်းရလာပြီ၊ အဝတ်အစားကို ဂရုတစိုက် ဝတ်ပါ၊ ကျုပ်ချုပ်တဲ့ဆိုင်မှာ လိုက်ချုပ်





ကြည့်ပါလား၊ အရမ်းပုံကျတယ်၊ ဒီဇိုင်းလည်း ရိုးရိုးလေးနဲ့ဆန်းတယ်၊ ကြုံတုန်းအပ်ကြည့်ပါလား၊ ပိတ်စတွေလည်း အစုံ ကြည့်လို့ရတုန်း. . ’

မြတ်မြှောက်ပေးတာနဲ့ပဲ ပိုက်ဆံအိတ်ထဲက တစ်ထောင်တန်တွေ အများကြီးလျော့သွားရသလို ရယ်ဒီမိတ်အင်္ကျီတွေ၊ ပိတ်စတွေဝယ်ပြီးထည့်လာတဲ့ ကြွပ်ကြွပ်အိတ်တွေက ရှုပါ့လက်ထဲများလာရသည်။ ပြီးတော့ ယုဇနပလာဇာက မြတ်အပ်နေကျအပ်ချုပ်ဆိုင်မှာပဲ ပိတ်စတွေကိုဝင်အပ်နှင့် အချိန်အတော်ကြာသည်။ ရန်ကင်းစင်တာရောက်တော့လည်း ဖိနပ်တစ်ရံကို ရှုပါနဲ့လိုက်တယ်ဆိုပြီး မြတ်က အတင်းဝယ်ခိုင်းပြန်ရော။

‘မြတ်ရယ်. . နာမည်ခံတော့ နင်ဈေးသွားတာကို ငါကအဖော်လိုက်ရတာ၊ တကယ်ဝယ်ရတော့ငါ၊ ဘယ်လိုဖြစ်တာလဲ၊ ငါ့မှာရှိသမျှစည်းစိမ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တစ်ရက်တည်းနဲ့ အကုန်ဈေးဝယ်ခိုင်းမလို့
လား'

ကြာတော့ ရှုပါသံသယဖြစ်လာပါသည်။ မြတ်က
တဟိဟိရယ်လျက်

'မဟုတ်ပါဘူးဟယ်၊ ရှင်ထင်လို့ပါ၊ ကျုပ်လည်း
ဝယ်တာပါပဲ၊ ရှင့်ကိုတော့ ဝယ်သင့်လို့ဝယ်ခိုင်း
တာပါ။ အသက်နည်းနည်းရလာရင် အလှအပ
ကိစ္စကို ပိုဂရုစိုက်ရတယ်ကွယ့်'

တကယ်တော့ မြတ်က ဝေနဲ့ပူးပေါင်းကြံစည်တာ
ပါ။ ရှုပ့်ကို ပုံစံတုံးလိုက်တာ၊ ရိုးလိုက်တာ၊ ပစ်စလက်ခတ်
နိုင်လိုက်တာဆိုတဲ့ အောင်စည်သာရဲ့ ဝေဖန်ချက်တွေကို
မခံနိုင်ကြလို့။ ရှုပါဘာဖြစ်လို့ အခုချိန်ထိ အပျိုကြီးဖြစ်နေ
ရတာလဲ ဆိုတာကိုလည်း အောင်စည်သာပြောမှ သဘော
ပေါက်သွားကြတာ။ ပစ်စလက်ခတ်ဝတ်စားတတ်လွန်းလို့





နဂိုက လှတပတမျက်နှာလေးနဲ့ ကိုယ်လုံးလေးတောင်
လှမှန်းမသိတော့တာ။ မြတ်တို့ဒီအတိုင်းကြည့်နေလို့ မဖြစ်
တော့ဘူးလို့ ဆုံးဖြတ်လိုက်ကြကာ ဒီအစီအစဉ်ကို စတာ
ပါပဲ။

'Sonia မှာ ကျုပ်ခဏခေါင်းလျှော်ဦးမယ်နော်၊ ရှင်
ခဏစောင့်ပေးဦး'

BURMESE CLASSIC .com

ကိုယ်ခေါင်းလျှော်ဖို့ နာမည်တပ်ပေမယ့် ဆိုင်ထဲ
ရောက်မှ ရှုပါကို အခုဆံပင်ပုံစံနဲ့မလှဘူး၊ စတက်(ဖ်)
အတိုလေးနဲ့လိုက်တယ်၊ ဘာညာဆိုပြီး အတင်းဆံပင်ညှပ်
ခိုင်း၊ ဆံပင်တွေမျက်နှာတွေ ပေါင်းတင်ခိုင်း။ SkinCare
မသုံးလို့ မရတော့ဘူးနော်ဆိုပြီး Kanebo SkinCare Set
တစ်စုံကို အတင်းဝယ်ခိုင်းနှင့် ရန်ကင်းစင်တာမှာ နေ့လယ်
ထမင်း စားချိန်အထိ ကြာသွားပါသည်။

'မထူးတော့ပါဘူး၊ Feel မှာပဲ ထမင်းစားပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



သွားကြတော့တာပေါ့ မိချိုရယ်. . . နော်. . . ကျုပ်တောင်မှ ဒီနေ့ ကျုပ်ယောကျ်ားနဲ့ကလေးတွေကို သံယောဇဉ်ဖြတ်ပြီး ထွက်လာခဲ့သေးတာပဲ၊ ရှင်နောက်ဆံ ငင်မနေနဲ့'

'မငင်ပါဘူး. . မငင်ပါဘူး. . ဒါပေမယ့် ကြိုပြောထားမယ်နော်၊ အိမ်ကထည့်လာတဲ့ ပိုက်ဆံနှစ်သိန်းခွဲလည်း နှစ်သောင်းလောက်ပဲ ကျန်တော့တယ်၊ ဘာမှထပ်ပြီး မဝယ်ခိုင်းနဲ့တော့'

'အင်းပါ. . မဝယ်ခိုင်းတော့ပါဘူး၊ ဒီဆံပင်အတိုလေးနဲ့ ရှင်နဲ့အရမ်းလိုက်တာပဲ၊ သိလားမိချို၊ ဆံပင်ကို အရှည်မထားနဲ့၊ ထိန်းသိမ်းရတာလဲ အလုပ်ရှုပ်တဲ့အပြင် ပုံစံလည်းမကျဘူး'

'အင်းပါ. . ပြောတဲ့အတိုင်းလိုက်နာပါ့မယ် ဒေါ်မြင့်မြတ်ခင်ရယ်၊ နင်သာ မော်ဒယ်(လ်)





သင်တန်းဖွင့်ရင် မတင်မိုးလွင်တောင် စိတ်ပျက်သွားလိမ့်မယ်၊ တကယ်ပဲ. . . တစ်ကိုယ်လုံးကို အလှပြင်တာ စေ့စေ့စပ်စပ် နိုင်လွန်းတယ်၊ ငါ ဒီပုံစံအတိုင်းနေလာတာ တစ်သက်လုံးပါပဲ၊ ဘာဖြစ်လို့အခုမှ ပြင်ဆင်ပေးချင်နေမှန်းကို မသိဘူး'

နင့်ကို အပျိုကြီးဘဝက ကျွတ်စေချင်လို့ပေါ့လို့ အမှန်အတိုင်းဖြေရင်တော့ စိတ်ဆိုးသွားမှာအသေအချာ။

'ဩော်. . အခုမှ နင့်ရဲ့မပြင်မဆင်တာတွေကို ပြင်ဆင် ပေးချင်လို့ပေါ့ဟာ'

ဝေကတော့ အသေအချာကိုပြောသွားတာ။ ေအာင် ၁ည်သာတစ်ယောက် မိချိုအပေါ်မှာ ခံစားမှုတစ်ခုတော့ ရှိနေပြီတဲ့။ မိချိုကို အလှပဆုံးဖြစ်သွားအောင် တာဝန်ယူပေးပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



'အမှန်အတိုင်းပြောရရင် မိချိုနဲ့သားငယ်ကို ငါ သဘောတူတယ်၊ မိချိုလို အလုပ်ကလွဲရင် ဘာကိုမှ စိတ်မဝင်စားတဲ့ကျောက်ရုပ်နဲ့ အလုပ်လုပ်ဖို့ကလွဲရင် အားလုံးကို စိတ်ဝင်စားတဲ့ သားငယ်နဲ့က နှစ်ယောက် ပေါင်းမှအဆင်ပြေမှာ မိချိုကိုလည်း ယောက်မတော်ချင်တယ်၊ ဖေဖေက လည်း ဖြစ်စေချင်တယ်'

ဝေက မြတ်ကို အဲဒီလို ပွင့်ပွင့်လင်းလင်း ပြော သွားခဲ့တာဖြစ်သည်။ မြတ်ကတောင် 'ရှင်က ကျုပ်ကိုတော့ ယောက်မ,မတော်ချင်ခဲ့ဘူးပေါ့လေ'လို့ နောက်ခဲ့သေးရဲ့၊ မြတ်ကိုယ်တိုင်လည်း ဝေဘာမှမပြောခင်ကတည်းက မိချို နဲ့အောင်စည်သာကို အဆင်ပြေသွားစေချင်တာပါ။ ဝေ ပြောတာနဲ့ပိုပြီး အားတက်သရောဖြစ်သွားခဲ့ရသည်။

'အောင်စည်သာ့အတွက် တစ်ခုခုတော့ ဝယ်သွား





မှ ထင်တယ်နော် မြတ်၊ ဗိုက်ခွဲထားတဲ့လူမမာ စားလို့ရတဲ့ အစားအစာပေါ့'


'ကောင်းတာပေါ့၊ City Mart မှာ ဝင်ကြည့် လိုက်ကြမယ်လေ'

Feel မှာ နေ့လယ်စာစားပြီးတော့ လူမမာအတွက် ဝယ်သွားဖို့ မုန့်တို့ရှာကြတာလည်း City Mart မှာ အဝေါ် အချိန်ကြာသည်။ နေ့လယ် ၂ နာရီလောက်မှ ဈေးဝယ်ခြင်းကိစ္စတွေပြီးဆုံးပြီး အောင်စည်သာ့အိမ်ဘက် ကို ခြေဦးလှည့်ဖြစ်ကြတာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၄။

'သမီးလာမယ်ဆိုလို့ သားငယ်က မနက်ကတည်းက မျှော်နေတာ၊ ဒီနေ့သားကြီးတို့လည်း ရောက်တာနဲ့ ကိုယ့်မိသားစုတွေ အပျော်သဘောမျိုး နန်းကြီးသုတ် လုပ်စားတော့ သားငယ်က အစ်မကိုစည့်ခံဖို့ ချန်ထားပါဦးနဲ့ တဖွဖွမှာနေတာ၊ ခုနကမှ ဆေးတိုက်ပြီးတော့ ဆေးကအိပ်ဆေးပါတော့ အိပ်ပျော်သွားတာသမီးရဲ့'

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြတ်က ရှုပါ့ကို ဘယ်လိုလဲဆိုသည့်မျက်နှာထား နှင့် လှမ်းကြည့်လိုက်ပါသည်၊ ရှုပါက မြတ်ကိုသတိမပြုမိ၊ လူ့အရပ်တစ်ဝက်စာလောက်ရှိသည့် ပန်းဒါဝက်စံရုပ်ကြီးကို ဖက်ပြီး ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်စွာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော သူ့ထံ အကြည့်ရောက်နေသည်။ စိတ်ကောက်နေကြသတဲ့။ တနဝ်နွေသားရော ဗုဒ္ဓဟူးသမီးပါ စိတ်ကောက်ပြေနေပါပြီ။ တစ်ယောက်ကလည်း လူကြီးဆန်လိုက်တာ၊ အသက်ငါးဆယ်မိန်းမကြီး အတိုင်း။ တစ်ယောက်ကတော့ ကလေးဆန်တာလည်း ငါးနှစ်သားကလေးလို အရုပ်နဲ့အိပ်သတဲ့။

မကောင်းတတ်တာမို့ မြတ်မှာ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရပါသည်။

'အူအတက်က အစားမှားလို့လား အန်ဝ် ဘယ်လို ဖြစ်တာလဲဟင်၊ ဒီရက်ပိုင်းတော့ နုံးမှာ၊





မပင်ပန်းပါဘူး'

'အင်း. . အူအတက်ရောင်ရောင်နေတာ နှစ်ခါ လောက်ရှိပြီသမီးရဲ့၊ ဆရာဝန်က အစောပိုင်းတုန်းက ခွဲချင်နေတာ၊ သားငယ်ကကြောက်တယ်ဆိုပြီး မခွဲဘဲနေတာ၊ ဒီတစ်ခါတော့ ဗိုက်အောင့်လာတာနဲ့ မရတော့ဘူးဆိုပြီး ခွဲလိုက်တာလေ၊ ခွဲလိုက်လို့တော်သေးတယ်၊ အူအတက်ကပေါက်တော့မှာတဲ့'

'အခုတော့ စိတ်ချသွားရပြီပေါ့နော်'

'စိတ်ချရပါပြီ၊ ဆရာဝန်က လုံးဝစိတ်ချတော့မှ ဆေးရုံကပေးဆင်းလိုက်တာ၊ ဒီရက်ပိုင်းမှာတော့ သားငယ်ကိစ္စနဲ့ တစ်မိသားစုလုံး အလုပ်ရှုပ်နေတာပဲ သူက သည်းလည်းသည်း ခွဲလည်းခွဲဆိုတော့' ရှုပါက သိသိသာသာချောင်ကျသွားသော မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို အကြည့်မလွှဲဘဲကြည့်နေမိရင်း ပင့်သက် ရှိုက်လိုက်မိသည်။ အခုလိုဆိုတော့ သနားစရာအကောင်း သား။ ဟိုရက်က ရှုပ်ါကို ဒေါ်သတကြီးနဲ့ အော်ခဲ့ပြောခဲ့တဲ့ အောင်စည်သာ မဟုတ်တော့သလိုပါပဲ။ ဒီကြားထဲမှာ အရုပ်ကြီးကိုလည်း ဖက်ထားသေးသည်၊

သူ မဆက်သွယ်ခဲ့တာကို သူကပဲ သိပ်တင်းမာ ဆန့်ကျင်ပြနေတယ်ဆိုပြီး ရှုပါကလည်း ခပ်တင်းတင်း နေခဲ့တာ။ အခုလို နေမကောင်းတာသာသိခဲ့ရင် ဆေးရုံမှာကတည်းက ရှုပါရောက်ဖြစ်မှာပါ။

'ဝေရောသိလားဟင်. . အန်တီ'

'ဝေက သူ့အိမ်မှာမရှိဘူး၊ အလုပ်ကိစ္စနဲ့ ခရီးထွ သွားတယ်သမီးရဲ့ သားငယ်ရဲ့ဖေဖေကလည်း စင်ကာပူကို အလုပ်ကိစ္စတစ်ခုနဲ့ ခဏထွက်သွ တော့ ဒီမှာ အန်တီတစ်ယောက်တည်းပေ





စိတ်ပူပြီး ဘာလုပ်ရမှန်းကိုမသိဘူး၊ သူ့ဖေဖေက လည်း အလုပ်ကိစ္စတွေမပြတ်တော့ ပြန်မလာနိုင် နဲ့. . . သားကြီးတို့ ရှိလို့တော်သေးတယ်၊ သားကြီး က ဆေးရုံမှာစောင့်ပေးတယ်လေ၊ သားကြီး အမျိုးသမီးနဲ့ အန်တီကတော့ ချက်ပြုတ်၊ ဆေးရုံ ပြေးပို့နဲ့ပေါ့'

ဝေ့မှာ 'နိုင်စည်သာ'ဆိုသော မောင်တစ်ယောက်ရှိ တာကိုလည်း ကြားဖူးပါသည်။ ရှုပါတို့ကျောင်းတက်နေ တုန်း (ရိုးရိုးတန်းဖိုင်နယ်မှာလားမသိ) နိုင်စည်သာတစ် ယောက် ဒုတိယနှစ်ကျောင်းတက်နေရင်း မိန်းမခိုးပြေးတဲ့ အကြောင်းကို ဝေပြောဖူး၍မှတ်မိနေသည်။ ကျောင်းက လည်း စက်မှုတက္ကသိုလ် (ယခုနည်းပညာတက္ကသိုလ်) တက်နေ ဆဲမို့ မိဘတွေခမျာ သားကိုနှမြောစိတ်နဲ့ အတော် စိတ်ဆင်းရဲခဲ့ရသတဲ့။ ဒါပေမယ့် နိုင်စည်သာရဲ့ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ အတော်ကိုလိမ္မာရေးခြားရှိတာကြောင့် နောက်ပိုင်းမှာတော့ စိတ်ချသွားရသတဲ့။ ဝေက တစ်ခါတစ်ရံ စကားစပ်မိရင်း ပြောဖူးပါသည်။

ကြည့်ရတာ အခုလည်း အောင်စည်သာ့ကို နိုင်စည်သာလိုပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျမှာစိုးတာကြောင့် အလုပ်ခွင်ကို အတင်းဝင်ခိုင်းတာထင်ပါရဲ့။ အခုမှ အကြောင်းရင်းတွေကို ရှုပါ ဆက်စပ်မိလာသည်။

ထိုအခိုက်မှာ ၆ နှစ် ၇ နှစ်အရွယ်ကောင်လေးတစ်ယောက် အခန်းထဲကို ပြေးဆော့ဝင်လာပါသည်။

'ဘွားဘွား. . .'

'မြေး. . ဖိုးသဲလေး၊ မအော်နဲ့လေ၊ သားလေးလေးငယ် နိုးသွားလိမ့်မယ်'

'သားရဲ့ Game အခွေလာရှာတာ၊ သား Game အခွေ ကို လေးလေးယူထားလို့၊ သားဆော့ချင်လို့'





'ပြီးရင် ဘွားဘွားယူပေးပါ့မယ်၊ သား တခြားအခွေနဲ့ သွားကစားနေနှင့်ဦးနော်၊ လေးလေးငယ်နိုးမှ ဘွားဘွား ယူပေးမယ်၊ အခုအောက်ထပ်မှာ သွားဆော့ဦးနော်၊ ဒီမှာ ညှော်သည်တွေနဲ့'

နိုင်စည်သာရဲ့သား ထင်ပါရဲ့။ ဒီတစ်ကြိမ်တော့ မြတ်နှင့်ရှုပါ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်မိပါသည်။ ဘယ်အရွယ်ကတည်းကများ အိမ်ထောင်ကျလို့ ဒီအရွယ်ရှိတဲ့ သားရှိနေတာလည်းတော့မသိ။ ဆယ့်ခုနစ်နှစ်လား၊ ဆယ့်ရှစ်နှစ်လား။ နိုင်စည်သာနဲ့ယှဉ်ရင်တော့ အောင်စည်သာက မဆိုးဘူးပင်။ အသက်နှစ်ဆယ်ကျော်ပြီဆိုတော့ အရွယ်ကိုထက်တောင် လူပျိုသက်တမ်းရှည်နေတာပေါ့။

ကလေးက အဘွားစကားကိုနားထောင်ကာ အောက်ထပ်ကို ပြန်ဆင်းသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မြေးလေ. . သားကြီးကမွေးတာ၊ သူ့ခမျာ အမေဘက်မှာလည်း အဘိုးအဘွားဦးလေးရင်းချာမရှိတော့ ဒီဘက်ကိုပဲတွယ်တာလွန်းတာ၊ သားငယ်နဲ့ဆိုရင် သူငယ်ချင်းပေါင်းပေါင်းကြတာလေ၊ တစ်နေ့တစ်နေ့ သူတို့နှစ်ယောက်ပဲ ကစားစရာလုပြီး ဆူညံအော်ဟစ် နေကြတာလေ'

သူ့မေမေက ခပ်အေးအေးလေးနှင့် စကားတွေတော်တော်များများပြောနိုင်ပါသည်။ ပြောပုံကို နားထောင်ရတာကတော့ နိုင်စည်သာရဲ့ယောက္ခမတွေ ရှိတော့ပုံမရ။

'လွင်မာလေးကလည်း လိမ္မာလွန်းတော့ ကိုယ့်သမီးလေးလိုဖြစ်နေရတာ၊ သားငယ်ဆိုလည်း အခုနေမကောင်းတာတောင် လွင်မာ့ကို ဆန်ပြုတ်တစ်မျိုးပြီးတစ်မျိုး သောက်ချင်တယ်ဂျီကျနေတာ၊ မီးမီးက အနားမှာမရှိတော့ လွင်မာပဲ အစ်





အရင်းဖြစ်နေတယ်'

ချွေးမကိုလည်း ချီးမွမ်းနေပြန်ပါသည်။ အောင်စည်သာကတော့ အိပ်ပျော်နေဆဲ။ ရောက်ပြီးမှတော့ သူနိုးလာတဲ့အထိ ခဏလောက်စောင့်ကြည့်မှကောင်းမှာမို့ ရှုပါတို့လည်း သူ့မေမေရဲ့ညည့်ခံစကားတွေကို နားထောင်ရင်း စောင့်နေဖြစ်ကြပါသည်။

'မေမေ. . နန်းကြီးသုတ် အဆင်သင့်ဖြစ်ပါပြီ'

အခန်းတံခါးဝမှာ ကြွေရုပ်လေးတစ်ရုပ်ပေါ်လာသလို ကောင်မလေးတစ်ယောက်ပေါ်လာကာ ပြောတာမို့ ရှုပါရောမြတ်ပါ ခဏတော့ ငေးမိသွားကြပါသည်။ လှလိုက်တဲ့မိန်းကလေး။ တင်ပါးကျော်ထိရှည်လျားသောနက်မှောင်ဖြောင့်စင်းလှသည့် ဆံပင်ရှည်။ ပန်းပုရုပ်ထုထားသလို အချိုးအစားကျလှသောကိုယ်ခန္ဓာနှင့် ဆင်စွယ်ရောင် စိန်နေသော အသားအရေ။ နီညိုရောင်ရွှေဇာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပါတိတ်ကို ပုံစံဆန်းဆန်းလေးဝတ်ထားသည်။ မျက်နှာလေးမှာလည်း နှာတံ၊ မျက်လုံး၊ နှုတ်ခမ်း ဘာတစ်ခုမှ အပိုအလိုမရှိ လှပတိကျနေတာ။

လွင်မာဆိုတာထင်ပါရဲ့၊ နိုင်စည်သာတစ်ယောက် ဘာကြောင့်များအသက်ငယ်ငယ်နဲ့ မိန်းမယူရသလဲဆိုတဲ့ အဖြေကို ရှုပါတို့ရသွားပါသည်။ ဒီလောက်လှတဲ့မိန်းကလေးကို ဘယ်သူက လက်လွှတ်ဆုံးရှုံးခံနိုင်မှာတဲ့လဲ။

'လာ သမီးတို့၊ နန်းကြီးသုတ်စားလိုက်ကြပါဦး၊ သားငယ်က အရမ်းကျွေးချင်နေတာ၊ အန်တီကလည်း သမီးတို့ကိုမျှော်နေတာ ဟင်းရည်ဆိုရင် ခဏခဏ ပြန်နွေးလွန်းလို့ အရသာလေးသွားမှာတောင် စိုးရတယ်'

အောက်ထပ် ထမင်းစားခန်းကိုဆင်းပြီး နန်းကြီးသုတ်ကို အားပေးရပြန်သည်။ လွင်မာ့လက်ရာ နန်းကြီး





သုတ်က တော်တော်အရသာရှိပါသည်။ ဒါကြောင့်လည်း လိမ္မာရေးခြားရှိတယ်လို့ ပြောတာထင်ပါရဲ့။ ရှုပါတို့စားနေတုန်း အပြင်ခဏထွက်သွားသည်ဆိုသော နိုင်စည်သာ ပြန်ရောက်လာသည်။ နိုင်စည်သာကလည်း အောင်စည်သာနဲ့ ရုပ်ခြင်းအတော်ဆင်ရဲ့။ လူကြီးဆန်ပြီး တည်ငြိမ်လွန်းတာနဲ့ ကလေးဆန်တာသာ ကွာခြားပါသည်။ ဒါပေမယ့် နိုင်စည်သာက အသားနည်းနည်းညိုသည်။

သူနေမကောင်းလို့ လာကြည့်ကြတာကလည်း သူ့ခွေမျိုးဇယားကို လာစစ်သလို ဖြစ်နေရပါသည်။ ဝေနဲ့အရမ်းခင်ပြီး စီးပွားတူဖြစ်တာတောင် ဒီလောက်စုံစုံစေ့စေ့ မသိခဲ့ရ။ သူနဲ့ပတ်သက်တော့မှ သိရတော့သည်။ သူ့မေမေ စကားတွေပြောနိုင်တာကြောင့်လည်း ပါပါသည်။

နန်းကြီးသုတ်စားပြီး စကားစမြည်ခဏပြောကာ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ကသူ့အခန်းကို ပြန်တက်လာကြတော့ သူနိုးနေခဲ့ပြီ။

'အစ်မ ရောက်နေတယ်'

ရူပါ့ကို သူမေးလိုက်တဲ့စကားသံက ခပ်တိုးတိုးပေမယ့် ရူပါ့ရင်ထဲမှာ အတော်ကို လှုပ်ခတ်သွားရပါသည်။ ရန်လိုခြင်းတွေ၊ ဂျစ်တိုက်ခြင်းတွေ၊ လှောင်ပြောင်ခြင်းတွေ ဘာတစ်ခုမှမရှိတဲ့ သူ့မျက်ဝန်းအကြည့်နွေးနွေးတွေမှာ တစ်ခုခု ပျော်ဝင်နေတာသိပေမယ့် ဘာဆိုတာ အဓိပ္ပါယ်ဖော်ရ ခက်လှသည်။ ရူပါရင်မဆိုင်ရဲလှစွာနှင့် အကြည့်လွှဲလိုက်ပါသည်။

'မင်း နေမကောင်းဘူးဆိုလို့'

သူ ခပ်ယဲ့ယဲ့ပြုံးသည်။

'ဒီရက်ပိုင်းမှာ ကျွန်တော် ပုံပြင်တစ်ပုဒ်ဖတ်ရတယ်၊ ညစောင့်တစ်ယောက်က သူ့သူဌေးရဲ့





ဂိုဒေါင်ထဲက ပစ္စည်းတွေအားလုံးဟာ ရွှေတွေဖြစ်သွားတယ်လို့ အိပ်မက်မက်တယ်တဲ့၊ အဲဒါနဲ့ ညစောင့်က မနက်မိုးလင်းတော့ ဝမ်းသာအားရနဲ့ သူဌေးကို သူ့အိပ်မက်အကြောင်းသွားပြောသတဲ့၊ သူဌေးက အိပ်မက်အတွက်ဆုငွေပေးပေမယ့် ညစောင့်ကို အလုပ်က ထုတ်လိုက်တယ်တဲ့၊ ဘာဖြစ်လို့ အလုပ်ကထုတ်လိုက်တယ်ဆိုတာ အစ်မသိလားဟင်'

ရူပါ တအံ့တသြနှင့် သူ့ကိုကြည့်မိသည်။ သူနားလည်သွားပြီပေါ့။ ရူပါဘာကြောင့် ကြည့်စုဝေကို အလုပ်ထုတ်လိုက်မှန်း သူသဘောပေါက်လက်ခံသွားပြီပေါ့။ ဝမ်းသာစိတ်ကြောင့် နှုတ်ခမ်းတွေကပြုံးလာရရင်း ရူပါ့ရင်ခုန်နှုန်းတွေ အတိုင်းမသိ မြန်ဆန်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

၁၅။

သူ့ရှုံးမတက်ရသေးသော ရက်တွေအတော အတွင်းမှာ သူ့ဆီကို သူမနှစ်ကြိမ်သာ ရောက်လာခဲ့ပါ သည်။ ပထမတစ်ကြိမ်ကတော့ မမြတ်နဲ့အတူ သတင်း မေးရောက်လာခဲ့တာဖြစ်ပြီး' နောက်တစ်ကြိမ်ကတော့ အရေးကြီး စာရွက်စာတမ်းတချို့အတွက် သူ့လက်မှတ်ထိုး ဖို့လိုအပ်တာတွေကို လာပြီးလက်မှတ်ထိုးခိုင်းတာ ဖြစ်သည်။ နှစ်ယောက်သားအဆင်မပြေဘဲ တင်းမာနေ



www.burmeseclassic.com

www.burmeseclassic.com



တုန်းကတော့ တော်တော်တင်းမာနေကြပြီး လျှော့ကြ တော့လည်း နှစ်ဖက်စလုံးက နောက်ဆုံးအထိ အလျှော့ပေးလိုက်ကြတာမို့ အေးစက်စက်တွေ ဖြစ်နေကြရသည်။

'ကျွန်တော်လည်း ဒီတစ်ရက်နှစ်ရက်မှာ ရုံးပြန် တက်နိုင်မှာပါ အစ်မ'

'ရပါတယ်. . မင်းနေကောင်းအောင်သာနေပါ၊ ရုံးက ဘယ်အချိန်ပြန်တက်တက်ရတာပဲ. . . ကျန်းမာရေးကသာ အဓိကပါ'

အခုတော့လည်း သူမပုံစံက အရင်တုန်းက လောက် အလုပ်ကိုပဲ အသဲအမဲ ကြိုးစားသူမဟုတ် သလိုလို။ ဘာ စိတ်ကူးပေါက်လို့ ညှပ်လိုက်မှန်းမသိသော ခပ်တိုတို သရီးစတက်ဆံပင်ပုံစံကြောင့် သူမကခါတိုင်း ထက် ပိုပြီးနုပျိုကာ ကြည့်လို့ကောင်းလာတာတော့အမှန်။ မျက်နှာမှာလည်း ဖြစ်သလိုလိမ်းလာတတ်သော သနပ်ခါး





ရေကျဲမတွေ့ရတော့။ သူမပုံစံ တော်တော်ပြောင်းလဲ သွားတာတော့ သေချာပါသည်။

သူကရော. . . ဘာထူးလို့လဲ။ အရင်ကနဲ့ယှဉ်ရင် တော့ သူလည်း ပြောင်းလဲသွားတာပါပဲ။ တစ်သက်လုံး ဘစကားကိုနားမထောင်ဘဲ ကိုယ်ထင်ရာကိုယ်စိုင်းလာ တာ။ သူလုပ်သမျှတွေကို ဖေဖေ့အပြစ်ပေးဆုံးမတာ၊ မေမေ ဆူပူတာတွေကို သူတော်တော်စိတ်ပျက်ပြီး တစ်ခါ တစ်ရံ အိမ်မှာမနေချင်တော့တဲ့စိတ်တောင် ဖြစ်ခဲ့ဖူးပါ သည်။ လိမ္မာတဲ့မမီးနဲ့ကိုကြီးကို စိတ်တိုင်းကျခဲ့သမျှ သူနဲ့ ကျမှ ဖေဖေနဲ့မေမေ အားမလိုအားမရဖြစ်ပြီး ဆူပူတာ တွေအတွက် သူ့ကို အကြီးနှစ်ယောက်လောက်မချစ်ဘူးလို့ ထင်ခဲ့တာ။ မချစ်ဘူးထင်လေ ပိုပြီးအရွဲ့တိုက်လေ။ အရွဲ့တိုက်တယ်ဆိုတာကလည်း တခြားရှယ်တူယောက်ျား လေးတွေလိုတော့ ဆေးချတာမျိုး၊ မိန်းမရှုပ်တာမျိုးတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ တစ်နေ့ကုန်သူငယ်ချင်းတွေနဲ့ ဂိမ်း(Game)သွား
ဆော့နေတာ၊ လက်ဖက်ရည်ဆိုင်ထိုင်တာ၊ ရှော့ပင်ထွက်
တာ၊ ကောင်မလေးတွေနဲ့ ဖုန်းတွေမနားတမ်းပြောတာမျိုး
တွေပါ။

အတင်းအကျပ်ကြီး အလုပ်ခွင်ကိုသွင်းလိုက်တော
လည်း ဖေဖေတို့ကိုရော ဖေဖေတို့အစီအစဉ်ကို လက်ခံ
ညီပေးတဲ့သူမကိုရော သူနည်းနည်းမှမကျေနပ်ခဲ့။ သူမ
လည်း ဖေဖေတို့ဘက်တော်သားတစ်ယောက်လို့ပဲ သ
မှတ်ခဲ့တာပါ။ သူနေမကောင်းဖြစ်တော့မှ သူဖေဖေနဲ့
မေ သူ့ကိုသိပ်ချစ်ကြတာ၊ ဂရုစိုက်ကြတာကို သူနားလ
တော့သည်။ သူ့အနားမှာ တစ်ချိန်လုံးနီးပါးရှိနေကာ
စားချင်တာ (သူနဲ့လည်းတည့်သော) စားစရာတစ်ခု
တောင့်တလိုက်တာနဲ့ အိမ်ကိုချက်ချင်းပြန်ပြီးချက်ပေး
ပင်ပန်းပေမယ့် သူကျေနပ်ရင် ပြုံးနေတတ်တဲ့ပေ





အလုပ်တစ်ဖက်နဲ့ ပြန်လာလို့မရသေးပေမယ့် နာရီဝက်
ခြားတစ်ကြိမ်၊ တစ်နာရီခြားတစ်ကြိမ်လောက် သူ့အခြေ
အနေကို ဖုန်းဆက်မေးနေတတ်တဲ့ ဖေဖေ။

သူခွဲစိတ်ခန်းထဲကနေ မေ့ဆေးမပြယ့်တပြယ်
ထွက်လာရချိန်မှာ သူ့လက်ဖဝါးကို တင်းတင်းဆုပ်ကိုင်ကာ
သူ့ဘေးနားမှာမေမေရှိနေခဲ့သည်။ ငယ်ငယ်တုန်းက သူ
နေမကောင်းရင် ညဘက်တွေမှာလည်း သူ့ဘေးမှာမေမေ
တစ်ချိန်လုံးရှိနေပြီး ပြုစုပေးခဲ့မြဲ။ အခုလည်း သူငယ်ငယ်
တုန်းကအတိုင်းပါပဲ။ ဖေဖေနဲ့မေမေက သူ့ကိုမချစ်တော့ဘူး
ပို့ သူ ၁င်ထားခဲ့တာတွေ မှားယွင်းလို့နေလေသည်။ ကိုယ်
ိုင်လည်း လေးငါးနှစ်အရွယ် ချွဲလို့အကောင်းဆုံးကလေး
ယ်တစ်ယောက် ပြန်ဖြစ်သွားသလိုရှိသည်။ ဂျစ်တိုက်
ျင်စိတ်တွေနဲ့လည်း မေမေစိတ်ညစ်အောင် မလုပ်ချင်
တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ပတ်သက်တဲ့ မကျေနပ်ချက်တွေကိုတော့ ကိုကြီးနဲ့နှစ်ယောက်တည်းရှိနေချိန်မှာ ကိုကြီးကိုပြောပြ ဖြစ်ပါသည်။ ဖေဖေ့ဆန္ဒအရ ကုမ္ပဏီကိုသွားနေရပေမယ့် တကယ်တမ်း သူဘာအလုပ်မှမလုပ်ဘဲ အရွဲ့တိုက်နေခဲ့တဲ့ အကြောင်းကစလို့ ကြည်စုဝေကို သူမအလုပ်ထုတ်ခဲ့တဲ့ အကြောင်းအရာတွေအထိ မခြွင်းမချန် ကိုကြီးကို သူပြော ဖြစ်ခဲ့သည်။ အားလုံးနားထောင်ပြီးတော့ အပြစ်မတင်တဲ့ အပြင် ကိုကြီးကရယ်နေသေးရဲ့။ သူဒီလိုပဲ ဂျစ်ကန်ကန် နဲ့အရွဲ့တိုက်မယ်ဆိုတာ မျှော်လင့်ထားပြီးသားပုံရပါသည်။

'မီးမီးရဲ့သူငယ်ချင်းလို စိတ်ရှည်သည်းခံနိုင်တဲ့ သူမျိုးတော့ ငါတကယ်အံ့သြတယ်၊ တကယ်ဆို ရင် လုပ်ငန်းတစ်ခုလုံးကိုဦးဆောင်နေတာ သူပဲ သူ့မှာ ဆုံးဖြတ်ပိုင်ခွင့်အပြည့်ရှိတယ်၊ ရှယ်ယာ ဝင်ခြင်းအတူတူပေမယ့် မင်းကိုလက်မခံနိုင်ဘူး၊





အခုထွက်သွားပါဆိုပြီးတော့ သူ့မှာပြောခွင့်ရှိ တယ်၊ အခုလောက် မင်းကို စိတ်ရှည်သည်းခံပေး တာ မင်းကျေးဇူးတင်ရမယ် သားငယ်ရဲ့'

ဆိုးနွဲ့တတ်သော မောင်ငယ်တစ်ယောက်ကို သည်းခံသောအစ်မကြီးတစ်ယောက်လို သူမသည်းခံ ပေးတတ်တာကို သူပြန်တွေးမိသည်။ ဟုတ်တော့ဟုတ်တာ ပဲ။ သ မနေရာမှာ သူကိုယ်တိုင်ဆိုရင်တောင် ကိုယ့် အလုပ်မှာလာပြီး ရှုတ်ရှုတ်ယှက်ယှက်လုပ်နေတဲ့သူမျိုးကို ရှယ်ယာဝင်ဆိုပြီး အောင့်အီးသည်းခံနေမှာမဟုတ်။ အလုပ်တာဝန်ကိုလည်း ဘာတစ်ခုမှမယ်မယ်ရရမယူဘဲ ကိုယ့်အလုပ်မှာ အပို သက်သက်လာရှုပ်နေတဲ့ဥစ္စာ။

'ဟိုဝန်ထမ်းကို အလုပ်ထုတ်ပစ်လိုက်တာလဲ မရှူပါချိုမှန်တယ်. . ကိုယ့်တာဝန်ချိန်မှာ ဘယ်သူ့ ကိုမှ အခုလို ဆိုင်ကိုအပ်ပြီး လျှောက်သွားလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူးလေ၊ အဲဒီလို ဝန်ထမ်းချိုးကို အလုပ်ထုတ်ပစ်တဲ့ပြစ်ဒဏ်မျိုးပဲ ပေးသင့်တယ် ငါ့ဆိုဒ်ထဲမှာဒီလိုဖြစ်ရင် ငါလည်း အလုပ်ထုတ်ပစ်တာပဲ၊ အကြိမ်ရေများလာရင်ပေါ့'

ကိုကြီးက သူ့ကို ညစောင့်အလုပ်သမား တစ်ယောက် အိပ်မက်မက်တဲ့အကြောင်းကို ပြောပြခဲ့တာပါ။ မထူးဆန်းလှပေမယ့် လေးလေးနက်နက် အဓိပ္ပါယ်လေးတစ်ခုရှိတဲ့ ဇာတ်လမ်းလေးပင်၊ သူမက ထိုဇာတ်လမ်းလေးထဲက အလုပ်ရှင်ဆုံးဖြတ်သလို ဆုံးဖြတ်ခဲ့ခြင်းပဲ၊

အချိန်တိုင်းလိုလို အိပ်ရာပေါ်မှာ အေးအေးဆေးဆေးလှဲပြီး နေရသောအချိန်များမို့ အတွေးတွေအများကြီး သူတွေးဖြစ်ခဲ့ပါသည်။ သူမကို စိတ်လိုက်မာန်ပါနဲ့ စကားတွေပြောမိတဲ့အဖြစ်ကိုလည်း ပြန်တွေးတာ သူရှက်မိသည်။ သူမတော်တော်များ စိတ်ဆိုးသွားသလား၊ သူက





လည်း စိတ်ကောက်လာခဲ့တာရော၊ ရုတ်တရက်ဆေးရုံတက်ပြီး ဗိုက်ခွဲလိုက်ရတာရော နှစ်ခုပေါင်းပြီး သူမကို မဆက်သွယ် ဖြစ်ခဲ့၊ အလုပ်မဆင်းတော့ဘူးလို့များ သူမ ထင်နေပြီလားလို့ သူစိတ်ပူလာမိချိန်မှာ သူမဖုန်းဆက်ခဲ့တာပါ။

အဲဒီနေ့ကလည်း သူမလာမယ်ဆိုတာကြောင့် မနက်ကတည်းက သူစောင့်နေခဲ့တာ။ နေ့လယ်ပိုင်းမှာမှ သူမက မမြတ်နဲ့အတူ (သူအိပ်ပျော်တော့မှ) ရောက်လာခဲ့ရဲ့၊ သူအိပ်ရာက နိုးတာကိုစောင့်ရင်း မေမေက သူ့အကြောင်းတွေပြောပြရင်း ညည့်ခံလိုက်သတဲ့။ သူနိုးလာတော့ ခမြတ်က ရယ်မောရင်းပြောသည်။

'အောင်စည်သာကျွေးချင်နေတဲ့ နန်းကြီးသုတ်လည်း တို့နှစ်ယောက်စားပြီးပြီနော်'ဆိုသောအခါ သူရှက်သွားခဲ့ပါသည်။ သူမကတော့ ပြုံးလျက်



www.burmeseclassic.com

www.burmeseclassic.com



သိပ်မဆို။ သူက ကိုကြီးပြောသော ညစောင့်အိပ်မက်မက်တဲ့အကြောင်းကိုပြောတော့ သူမနှုတ်ခမ်းတွေ ပုံပြုံးလာခဲ့တာ။ နှစ်ယောက်သား စစ်ပြေငြိမ်းသွားပါပြီလို့ သူက တစ်ယောက်တည်း တီးတိုးဝန့်ခံနေမိခဲ့သည်။ အစ်မစိတ်ရှုပ်အောင် မနှောင့်ယှက်တော့ပါဘူး။ အစ်မအတွက် အကူအညီရတဲ့ အားကိုးရတဲ့ ပါတနာတစ်ယောက် ဖြစ်ရပါစေမယ်။

ဖေဖေနဲ့မေမေအတွက်လည်း မလိမ္မာရင်တောင်မှ ဆိုးမိုက်တဲ့သားတစ်ယောက် မဖြစ်စေရတော့ပါဘူး၊ တစ်ယောက်တည်းကတိတွေပေးကာ တစ်ယောက်တည်း ကျေနပ်နေရလေသည်။

သူရုံးပြန်မတက်ခင်တစ်ရက်မှာ ဖေဖေစင်ကာပူက ပြန်ရောက်လာပါသည်၊

'သားငယ်နေမကောင်းဘူးဆိုတာသိရတာနဲ့





ဖေဖေလည်း အမြန်ပြန်ချင်တာပဲ၊ ဒါပေမယ့် အလုပ်တွေက မပြတ်တော့ ပြန်လို့မရဘူး၊ ပြန်လို့မရတော့ သတိရတိုင်းဖုန်းဆက်မေးနေတာနဲ့ ဖုန်းကတ်ဖိုးချည်းပဲ စင်ကာပူဒေါ်လာတစ်ထောင်ကျော်ဖိုး ကုန်သွားတယ်'

ခါတိုင်းလို့ဆိုရင်တော့ ဖုန်းဖိုးကုန်မယ့်အစားလက်ဆောင်တွေဝယ်လာခဲ့တာမဟုတ်ဘူးလို့ ပြောရင်ပြောဖြစ်မှာဖြစ်ပေမယ့် အခုတော့ ဖေဖေ့ဂရုစိုက်မှုကို သူကျေနပ်ပါသည်။ သူ့ G.S.M ဖုန်းအတွက်လည်း Digital Camera ပါသော Hand Set အဆန်းလေးတစ်လုံးလည်း ဝယ်လာပေးခဲ့သည်။

'ကွန်ပျူတာကုမ္ပဏီ ဒါရိုက်တာကြီးဆိုတော့လည်း HandSetအသစ်လေးနဲ့ ရှိုးထုတ်ရတာပေါ့ကွာ၊ ဖေဖေသိမ်းထားတဲ့ သားရဲ့GSM ကို ပြန်ကို



www.burmeseclassic.com

www.burmeseclassic.com



ထားတော့၊ လုပ်ငန်းအတွက် ကိုယ့်လက်ထဲမှာ ဖုန်းတစ်လုံးမရှိလို့မဖြစ်ဘူး'

သူနေမကောင်းဖြစ်ထားတာကိုလည်း သနားလို့ ထင်ပါသည်။ သူ့ကိုလည်း ကုမ္ပဏီလုပ်ငန်းတွေနဲ့ အတော် လေးကျွမ်းဝင်နေလောက်ပြီလို့ ယုံကြည်လိုက်ဟန်ပါ။ အဲဒီလိုယုံကြည်လေ သူပိုပြီးအနေရခက်လေ။

'ဒီအလုပ်ကို မင်းစိတ်ပါလက်ပါနဲ့ အောင်မြင် အောင် လုပ်ပေါ့သားငယ်၊ ငါဆိုရင် ကျောင်း တစ်ဖက်နဲ့ မိန်းမယူလိုက်မိတော့ မဖြစ်မနေ အလုပ်ခွင်ကို ဝင်ရတော့တာပဲ၊ ကိုယ့်ကို အဆင် သင့်ကူညီပေးမယ့်သူမရှိတော့ တော်တော်ကြိုး စားရတယ်ကွ၊ မလွယ်ဘူး. . အလုပ်ဝင်လိုက်လို့ ကိုယ့်လွတ်လပ်မှုတွေလည်း မဆုံးရှုံးပါဘူးကွာ၊ ဒါက အလုပ်မလုပ်သေးတဲ့သူတွေ ပြောတဲ့






စကားပါ၊ တကယ် ကိုယ်အလုပ်ခွင်မှာ ပျော်သွား ရင် အလုပ်မရှိဘဲတောင် မနေတတ်တော့ဘူး. . '

ကိုကြီးပြောတဲ့အတိုင်းဆိုရင် သူမကလည်း အလုပ်ခွင် မှာ ပျော်နေတဲ့သူပေါ့။ သူလည်း အလုပ်မှာပျော်အောင် တော့ ကြိုးစားရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



၁၆။

တူမွေဏီကို သူပြန်အလုပ်ဆင်းခါစ အစောပိုင်းရက်တွေမှာတော့ ဝန်ထမ်းတွေနဲ့ ခပ်စိမ်းစိမ်းဖြစ်နေပါသေးသည်။ သူငယ်ချင်းပေါင်းသလို ပေါင်းလာကြတဲ့ အပြင် ပစ္စည်းမှားရောင်းမိတော့လည်း သူ့ကိုဟောက်ခဲ့ကြတဲ့ သူတွေလည်း တချို့ရှိတာမို့ ချက်ချင်းလက်ငင်းကြီး သူ့ကို တူမွေဏီလူကြီး ဒါရိုက်တာတစ်ယောက်အဖြစ် သိလိုက်ရချိန်မှာ အားလုံးရှိန်သွားကြခြင်းပါ။ သူကလည်း သူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ဆိုရင် လက်ရှိအခြေအနေမှန်အတိုင်းနဲ့ပဲ ကျွန်တော်ဝင်လာခဲ့ရမှာနော်အစ်မ၊ အခုလို ရုတ်တရက် ဆပ်ပရိုက်(စ်)ဖြစ်သွားကြတော့ ကျွန်တော်တို့ကြားမှာဆက်ဆံရတာ နည်းနည်းခက်သွားတာပေါ့'

Meeting တစ်ခုအတွက် သူမနှင့်အတူသွားရချိန်မှာ သူပြောဖြစ်တော့ သူမပြုံးသည်။

'အောင်စည်သာကမှားတယ်လို့ ယူဆချင်လို့လား'

'ကျွန်တော့်အတွေးတွေ အဲဒီတုန်းက မှားနေခဲ့တာတော့ အမှန်ပဲအစ်မ. . အလုပ်ကိုလည်း စိတ်မဝင်စားခဲ့ဘူး၊ တစ်ချိန်လုံးထွက်ပြေးချင်နေတာ'

'အခုရော. . '

'အခုတော့ နည်းနည်းစိတ်ဝင်စားလာပါပြီ'

'နည်းနည်းပဲပေါ့'





'တဖြည်းဖြည်းတော့ များလာမှာပေါ့အစ်မရဲ့'

အစ်မကိုလည်း နည်းနည်းတော့စိတ်ဝင်စားလာပြီဆိုတာကိုတော့ စိတ်ထဲကပဲပြောလိုက်ပါသည်။ သူမပြောင်းလဲလာပုံက သူကုမ္ပဏီကိုရောက်ခါစနဲ့ လုံးဝမတူတော့။ ဆံပင်အတိုညှပ်လိုက်ပြီးကတည်းက နုဖတ်ရှင်းသန့်သွားတာ မျက်နှာမှာလည်း မိတ်ကပ်ခပ်ပါးပါးလူးတတ်လာသည်။ နှုတ်ခမ်းနီဆိုးခဲ့လျှင်တောင် နှုတ်ခမ်းမှာတောင်လိမ်းမော်သွေးရောင်မကျတကျ နှုတ်ခမ်းနီကိုတွေ့ရတတ်ရဲ့။ မိန်းကလေးလှတပတမြင်ရင် စိတ်ဝင်စားတတ်ကြသောယောကျ်ားလေးတွေထဲမှာ သူက ပိုဆိုးပါသည်။ ကျူရှင်တက်ရင်တောင် ဆရာမချောချောလေးသင်တဲ့ ကျူရှင်မှာမှာ ်ချင်တာ။ မရိုးမသားစိတ်နဲ့တော့မဟုတ်။ မျက်နှာလှလှလေးကိုမြင်နေရရင် စိတ်ချမ်းသာလို့ဖြစ်သည်။

အဲဒါကြောင့် သူ့တို သူငယ်ချင်းတွေကပြောတာ။



www.burmeseclassic.com

www.burmeseclassic.com



'မင်း အလှကြိုက်ပုံကတော့ ကမ္ဘာပေါ်မှာ ရုပ်ဆိုးတဲ့သူတွေ နေစရာတောင်ရှိမှာ မဟုတ်တော့ဘူး'တဲ့။

'ဆက်ဆံရတာ နည်းနည်းတော့ အထစ်အငေါ့ရှိရင် ရှိပေမယ့် တစ်ခုတော့ မင်းအတွက်ကောင်းပါတယ်၊ သူတို့နဲ့ တန်းတူလိုဆက်ဆံဖူးတော့ တော်ရုံသူတို့ရဲ့ အထက်လူကြီးတစ်ယောက်အနေနဲ့ မသိနိုင်တဲ့ သူတို့ရဲ့အကျင့်လေးတွေကို သိရတာပေါ့'

'ဘာလဲ . . Show Room ကို သူများလက်ထဲ အပ်ပြီး မုန့်ထွက်စားတတ်တဲ့ အကျင့်မျိုးလားအစ်မ'

'မဆိုးဘူး . . မင်းတော်တော်တိုးတက်လာပြီ'

နှစ်ယောက်သား တိုင်ပင်မထားဘဲ ရယ်ဖြစ်ကြပြန်သည်။ အလုပ်သဘောအရသာ မျက်နှာထားတင်းတင်းနဲ့ မိန်းမကြီးတစ်ယောက်လိုနေပေမယ့် တကယ်





တမ်းဆက်ဆံကြည့်တော့ သူမက လူငယ်တစ်ယောက်လို ပွင့်ပွင့်လင်းလင်းနှင့် ခင်ဖို့ကောင်းပါသည်။ သူကိုယ်တိုင်ကပဲ အကောင်းမြင်တတ်သွားလို့လားတော့မသိ။ ဒါမှမဟုတ် သူမကပဲ အရင်ကထက်လှလာလို့ပဲလား။

'တို့ရှေ့တစ်ပတ်ထဲမှာ စင်ကာပူကို ဆယ့်ငါးရက်လောက်သွားရဦးမယ်၊ တို့ကို ပစ္စည်းတွေလှမ်းပို့ပေးနေတဲ့ကုမ္ပဏီက သူတို့ကုမ္ပဏီနှစ်ပတ်လည်ပွဲနဲ့ အစည်းအဝေးတွေအတွက်လေ၊ တို့ကုမ္ပဏီက နှစ်ယောက်သွားခွင့်ရှိတယ်၊ မင်းနဲ့တို့သွားမလားလို့'

'ကျွန်တော့်မှာ ပတ်(စ်)ပို့အဆင်သင့်မရှိဘူးအစ်မ၊ ကျွန်တော်မလုပ်ထားဘူး'

'ဟောတော့ . . ပတ်(စ်)ပို့မရှိဘူးလား၊ တို့ကရှိတယ်ထင်လို့၊ အင်း . . ဒီနေ့ဆယ့်ငါးရက်နေ့ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ပတ်လောက်ပဲ အချိန်ရတော့တာပဲ နော်. . . ဒါဆိုရင်တော့ ပတ်(စ်)ပို့လုပ်ဖို့ မမီတော့ဘူး'

'ခါတိုင်းရော. . . အစ်မတစ်ယောက်တည်း သွားတာ လား'

'မြတ်တော့ တို့နဲ့တစ်ခေါက်လိုက်ဖူးတယ်၊ နောက်ပိုင်းတော့ ကုမ္ပဏီကမန်နေဂျာအဆင့်တွေကို မဲဖောက်ပေးပြီး တစ်လှည့်စီခေါ်သွားတယ်လေ၊ တို့ တစ်ယောက်ထဲလည်းမသွားချင်ဘူး၊ အဲဒါကြောင့် မင်းမလိုက်နိုင်ဘူးဆိုရင်တော့ ဒီတစ်ခေါက် တို့ ကျော့ကျော့ကိုခေါ်သွားလိုက်မယ်၊ နောက် တစ်ခေါက်ကျရင် မင်းနဲ့ကျော့ကျော့ သွားလို့ရတာပေါ့'

ကုမ္ပဏီတစ်ခုလုံးက မန်နေဂျာအဆင့်ဝန်ထမ်း





တွေကို လေးငါးလတစ်ကြိမ်လောက် တစ်လှည့်စီ နိုင်ငံခြားကို လွှတ်ပေးကြောင်းကိုတော့ နောက်မှသူသိရသည်။ ကွန်ပျူတာနဲ့ ကွန်ပျူတာဆက်စပ်ပစ္စည်းတွေ တင်သွင်းသည့်လုပ်ငန်းအပြင်၊ ပဲတွေကိုလည်းတင်ပို့သော ထုတ်ကုန် (Export) လုပ်ငန်းလည်းရှိတာမို့ နိုင်ငံခြားကတော့ ခဏခဏ သွားကြရတာမဆန်း။ ဆန်းတာကတော့ သူမ ကိုယ်တိုင်က အရေးကြီးကိစ္စတွေရှိမှသာသွားပြီး ကျန်တဲ့ကိစ္စတွေမှာ သက်ဆိုင်ရာဝန်ထမ်းတွေကိုပဲ အလှည့်ကျ လွှတ်တာကိုပါ။

'မမကအနေတည်ပေမယ့် ဝန်ထမ်းတွေကို အရမ်းဂရုစိုက်တာ၊ ကိုယ်က ဝန်ထမ်းလို့ ကိုယ့်ကိုယ်ကို သဘောမထားဘဲ ကိုယ့်ကိုယ်ပိုင် အလုပ်လို သဘောထားပြီးလုပ်ပါတဲ့၊ ကိုယ့်အကျိုးစီးပွားရော ကုမ္ပဏီရဲ့အကျိုးစီးပွားရော



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်လာမှာပဲတဲ့၊ မမက အမြဲပြောတယ်၊ စင်ကာပူ၊ ဗန်ကောက်ရောက်လည်း မမနဲ့အတူ သွားရရင် ပျင်းဖို့ကောင်းတယ်၊ မမက ရှော့ပင် ဝါသနာမပါဘူးလေ၊ အလုပ်ပြီးတာနဲ့ စားချင်တာ တစ်မျိုးပြီးတစ်မျိုးမှာစားပြီး အခန်းမှာနားတော့တာပဲ'

'ကျော့ကျော့ကတော့ နဂိုကတည်းက သူနဲ့ပုံမှန်အနေအထားသာ အဆက်အဆံရှိခဲ့သူမို့ သူ့ကို ပြောရဲဆိုရဲရှိပါသည်။ သူမသိသောကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးဖို့လည်း ကျော့ကျော့ကို သူ့အနားမှာထားပေးထားတာကြောင့် တစ်ရုံးလုံးမှာ ကျော့ကျော့နဲ့ပဲ သူစကားလက်ဆုံ ပြောဖြစ်သည်။ သိချင်တာရှိရင်လည်း ကျော့ကျော့ကိုပဲ မေးဖြစ်သည်။ ကြားရသမျှကတော့ သူမရဲ့ ကောင်းသတင်းတွေချည်းသာ။ သူမနဲ့ယှဉ်ကြည့်လိုက်ရင် သူက





သူမ ( ခြေဖျားကိုတောင်မမီ။

သူမကတော့ မိန်းကလေးဖြစ်ပေမယ့် ယောက်ျားတစ်ယောက်ထက်တောင် ပိုလို့ထက်မြက်နေသေးရဲ့။

'တို့သွားနေတဲ့နှစ်ပတ်မှာ မင်းပဲ အစစအရာရာတာ ဝန်ယူထားရမှာနော်၊ မင်းကိုအားလုံးလွှဲထားခဲ့မယ်'

'အစ်မ ဖုန်းတော့ဆက်ပေါ့၊ အရေးကြီးတဲ့ Decision ဆိုရင် ကျွန်တော်အစ်မကိုမေးလို့ရအောင်. .'


'ကုမ္ပဏီဒေဝါလီခံမယ့်ဆုံးဖြတ်ချက်မျိုးတော့ မင်းမဆုံးဖြတ်ဘူးမဟုတ်လား၊ တို့စိတ်ချပါတယ်'

သူမက တစ်ခါတစ်ရံ အဲဒီလို စိတ်အေးလက်အေးနိုင်သော အမျိုးသမီးလည်းဖြစ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com





၁၇။

သူမ စင်ကာပူသွားသောနေ့ကိုတော့ သူမကားနဲ့ လေယာဉ်ကွင်းသွားရင် ကားကိုအိမ်ပြန်ပြီးမောင်းယူသွားမယ့် ဒရိုင်ဘာမရှိတာကြောင့် သူပဲ သူ့ကားနဲ့ပို့ပေးဖို့ တာဝန်ယူထားလိုက်ပါသည်။ ကျော့ကျော့ကလည်း သူမ အိမ်မှာပဲ အတူလာစောင့်နေမှာမို့ ကျော့ကျော့ကိုလည်း တကူးကက သွားကြိုစရာမလိုတော့။

သူ့အိမ်ကိုသာ သူမ ခဏခဏရောက်ခဲ့ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူမ အိမ်ကိုတော့ သူ မရောက်ဘူးပါ။ အိမ်ကိုသွားစရာ အကြောင်းကိစ္စလည်း မရှိ၍ဖြစ်သည်။ အဲဒီမနက်ကတော့ သူမပေးထားသည့်လိပ်စာအတိုင်း သူမအိမ်ကို သူရောက်သွားခဲ့ပါသည်။ ဗြိတိသျှစတိုင်လ် ရှေးဟောင်း နှစ်ထပ်တိုက် အဝါနုရောင်ကြီးက ခမ်းနားလှပေမယ့် တိတ်ဆိတ်လွန်းလှသည်။ ဆင်ဝင်အောက်မှာရော အိမ်ရှေ့မြေကွက်လပ် ကျယ်မှာပါ နှင်းဆီပင်တွေတော်တော်များများ စိုက်ထားပါသည်။

နှင်းဆီတွေပွင့်နေချိန်မို့ ကားပေါ်ကဆင်းလိုက်သည်နှင့် နှင်းဆီပန်းရနံ့တွေကို လေထုထဲမှာရှူရှိုက်မိသည်။ ကားပေါ်ကဆင်းပြီး အိမ်ထဲမဝင်သေးဘဲ သူက ခြံထဲမှာ လျှောက်စပ်စုနေမိသေးသည်။ အိမ်ကြီးရဲ့ ညာဘက်ခြမ်း မြေကွက်လပ်မှာတော့ ကံ့ကော်ပင်တွေက စိစိရီရီ။ သံပန်း ရောင်စုံနဲ့အလှဆင်ထားတဲ့ ဒန်းလေး





တစ်ခုကလည်း ခပ်ကြီးကြီးမြင့်မြင့် ကံ့ကော်ပင်ကြီး အောက်မှာ ရှိပါသည်။ ဘယ်ဘက်ခြမ်းမှာတော့ ဂျပန်မြက်ခင်းစိမ်းစိမ်းက အစိမ်း ရောင်ကတ္တီပါကော်ဇောတစ်ခု ခင်းထားသည့်နှယ်။

တော်တော်အေးချမ်းတာပဲ။ ရန်ကုန်မှာ အခုလိုခြံကျယ်ကျယ်နဲ့အိမ်ကြီးကြီးမျိုး ရှားပါးနေပါပြီ။ ခြံထဲမှာ ပန်းပင်၊ သစ်ပင်တွေကို ပြုပြင်ထိန်းသိမ်းဖို့လည်း အလုပ်သမားနှစ်ယောက်လောက်တော့ ထားရမှာပင်။

'ကိုအောင်စည်သာက ဒီမှာကိုး. . ကားသံကြားလို့ ထွက်ကြည့်တော့ ကားပဲတွေ့ပြီးလူမတွေ့လို့၊ ဘယ်များရောက်သွားသလဲလို့'

ကံ့ကော်ပင်အောက်ကဒန်းမှာ ထိုင်ကြည့်နေတုန်း အနားကို ကျော့ကျော့ရောက်လာသည်။ အဝတ်အစား မလဲထားသေးဘဲ သာမန်အိမ်နေရင်းဝတ်စုံနှင့်ပို



www.burmeseclassic.com

www.burmeseclassic.com



'မပြင်ဆင်ရသေးဘူးလား . . ဘာလဲ . . မလိုက်တော့ဘူးလား'

'ကျော့က ဒီမှာ ညကတည်းကလာအိပ်တာလေ ကို အောင်စည်သာ . . မမနဲ့ဟိုကိုယူသွားမယ့် စာရွက်စာတမ်းတွေ၊ လက်ဆောင်ပစ္စည်းတွေ ပြင်ဆင်ကြတာ'

'သြော် . . .'

လွန်ခဲ့သည့်သုံးလေးရက်ကတော့ ကျောက်စီပန်းချီကားတွေ၊ ရွှေခြည်ထိုးပန်းချီကားတွေရဲ့ ဈေးနှုန်းတွေကို Handicraft ဆိုင်တွေဆီ သူမဖုန်းဆက်မေးနေသံကြားပါသည်။

'အိမ်ထဲဝင်ထိုင်လေ ကိုအောင်စည်သာ . . . ကြီးကြီးက မကော်ရည်ခေါက်ဆွဲလုပ်ထားတယ်'

'အင်း . . ဝင်မယ် . . ခြံကြီးကသာယာလွန်းလို့





လှည့်ပတ်ကြည့်နေတာ . . . အေးချမ်းလိုက်တာနော်'

'ဟုတ်တယ်၊ အပင်တွေကအစုံပဲလေ . . . အနောက်ဘက်မှာလည်း သဘော်ပင်တို့ဇွက်ပျောပင်တို့ မာလကာပင်တို့အစုံပဲ၊ ကြီးကြီးနဲ့ဘဘက အပင်စိုက်တာ အရမ်းဝါသနာပါတယ်၊ ခြံအလုပ်သမားလည်း သုံးယောက်တောင်ရှိတယ်၊ ဘဘက ခြံထဲမှာချည်းပဲ'

'သြော် . . ဟုတ်လား'

ခြံထဲမှာ သူဆက်ထိုင်နေရင် ကျော့ကျော့လည်း သူ့ကို စောင့်ခံနေရမှာစိုးတာကြောင့် သူထပြီး အိမ်ထဲဝင်ခဲ့လိုက်ပါသည်။

ဧည့်ခန်းအပြင်အဆင်ကတော့ အတော်ရှေးရိုးဆန်လှပါသည်။ ဒါကြောင့် ဒီအိမ်ရဲ့သခင်မလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ခပ်ရိုးရိုး ပုံစံဖြစ်နေတာ ထင်ပါရဲ့။ သူက တွေးဖြစ်အောင် တွေးမိ လိုက်သေးသည်။

'လာ. . အောင်စည်သာ. . တို့တွေက စောသေး လို့ဆိုပြီး မပြင်မဆင်ကြသေးတာ. . . ကော်ရည် ခေါက်ဆွဲ စားရမယ်နော်. . . ပူပူနွေးနွေးလေး'

ဧည့်ခန်းမှာ သူဝင်ထိုင်အပြီးမှာ သူမထွက်လာပါသည်။ သူမလည်း အိမ်နေရင်းအဝတ်အစားနဲ့ပင်။ လေယာဉ်ကွင်းကိုသွားဖို့ တစ်နာရီလောက်ပဲလိုတော့တဲ့ အချိန်ကိုတောင် စောသေးသတဲ့။ သူသိသော တခြား မိန်းကလေးတွေများ နှစ်နာရီလောက်အချိန်ပေးပြီး အလှပြင်ကြတာ။ သူမကတော့ အဲဒါကြောင့် အမြဲတမ်းမသပ်မရပ်မလှမပ ဖြစ်နေတာထင်ပါရဲ့။

'အောင်စည်သာတော့ တို့မရှိရင် ရုံးမှာနားအေး မှာပါ၊ တို့က ရုံးမှာ အမြဲတမ်းနားပူနေတာလေ၊





အသက်ကြီး လာတော့လည်း လိုအပ်တာတွေ့ရင် မပြောဘဲ မနေနိုင်ဘူး အောင်စည်သာရဲ့. . . ငယ်ငယ်တုန်းကတော့ မသိချင်ယောင်ဆောင်နေ ပစ်လိုက်တာပဲ'

ပြောပြီး ခပ်တိုးတိုးရယ်နေပါသည်။ ကျော့ကျော့က အထဲဝင်သွားပြီး ကော်ရည်ခေါက်ဆွဲကိုအသင့်ပြင်ကာ ပြန်ထွက်လာသည်။

'စားလိုက်ဦးနော်၊ တို့အမေကြီးလက်ရာ. . . ဪ. . အောင်စည်သာ့ကို အမေကြီးနဲ့ မိတ်ဆက် ပေးရဦးမှာပဲ'

အမေကြီး. . တဲ့။ အမေကို မေမေလည်းမဟုတ်၊ အမေလည်းမဟုတ်။ ကလေးတွေခေါ်သလို မေကြီး လည်းမဟုတ်။ အရှေ့က 'အ'ကပါသေးသည်။ အိမ်မှာ ဆိုရင် ဖေဖေမေမေကိုတောင် တစ်ခါတစ်ရံစိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရင် Dad, Mon လုပ်နေတတ်သေးတာ။ သူမရဲ့ အမေကြီးဆိုတဲ့အခေါ်အဝေါ်ကို သူပြုံးချင်သွားရပါသည်။

ဒါပေမယ့် သူမပြုံးဖြစ်ခဲ့။ သူမရဲ့အမေကိုတွေ့ရတော့မှ သူမဘာဖြစ်လို့ အမေကြီးလို့ခေါ်ရသလဲဆိုတာ သူသဘောပေါက်သွားရသည်။ သူမအမေက သူ့အဘွားရှိသေးရင် အဘွားနဲ့ရွယ်တူနီးပါးရှိလောက်သည်။ ခြောက်ဆယ်ကျော်၊ ခုနှစ်ဆယ်နားနီးနေပြီဆိုတာ သူခန့်မှန်းလို့ရပါသည်။

'တို့အမေကြီးလေ. . အမေကြီး. . . ဒါ ဝေ့မောင်လေး အောင်စည်သာလေ၊ အခုသမီးတို့ကုမ္ပဏီမှာ ဒါရိုက်တာပဲပေါ့'

'ဟုတ်ကဲ့. . တွေ့ရတာဝမ်းသာပါတယ် ကြီးကြီး'

အဘွားအရွယ်ပေမယ့် ကျော့ကျော့က ကြီးကြီးလို့ခေါ်တာကြားထားတာကြောင့် သူလည်း ကြီးကြီးပဲခေါ်





လိုက်ပါသည်။

'အေးကွယ်. . သမီးတော့ပြောတာ ကြာပါပြီ. . လူကိုတော့အခုမှဆုံတာပါ. . . သား. . . အလုပ်မှာအဆင်ပြေရဲ့မှတ်တယ်. .'

'ဟုတ်ကဲ့. . . ပြေပါတယ်ကြီးကြီး'

'သမီးကတော့ သားအဆင်မပြေမှာ တော်တော်စိတ်ပူရှာတာကွယ့်. . အိမ်မှာရုံးကပြန်လာတိုင်း ဒီ အကြောင်းပဲပြောဖြစ်နေတာ. . . ဟိုတစ်လောကလည်း နေမကောင်းလို့ဆို'

အဝတ်အစားသွားလဲဖို့ ပြင်ဆင်ဦးမယ်ဆိုပြီး သူမရော ကျော့ကျော့ပါ အနားမှာမရှိ၍တော်ပါသေးသည်။ သူမရဲ့အမေကြီးကတော့ လူကြီးပီပီ ဟန်ဆောင်ဖုံးကွယ်မှုတွေ သိပ်မရှိ။ သူ့အပေါ်ထားရှိသော သူမရဲ့သဘောထားကို အမှန်အတိုင်းနီးပါး သိခွင့်ရခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့. . အူအတက်ပေါက်လို့ပါ ကြီးကြီး. . အခုတော့ကောင်းသွားပါပြီ'

'အင်း. . ဟုတ်တယ်. . ဟုတ်တယ်. . ကြီးကြီး မေ့သွားလို့. . . ဗိုက်ခွဲရတယ်ဆိုလား သမီးပြော ပါတယ်၊ သမီးလည်း ရွယ်တူမောင်နှမ,မရှိတော့ သားကိုမောင်လေး တစ်ယောက်လိုပဲ ချစ်ရှာပါ တယ်၊ သားအလုပ်ဝင်ခါစကဆိုရင် သားကို အလုပ်မှာပျော်ပြီး စိတ်ဝင်စားလာအောင် သူ ဘယ်လိုလုပ်ပေးရမယ်မသိဘူးဆိုပြီး အိမ်မှာ ညည်းနေတာ၊ အဲဒါ ကြီးကြီးတို့က ပြောရတယ်၊ စိတ်ရှည်ပါလို့၊ သူ့အလိုလို စိတ်ဝင်စားလာမှာ ပါလို့. .'

သူမက သူ့အကြောင်းတွေအားလုံးနီးပါးကို အိမ်မှာပြန်ပြောခဲ့ပုံရရဲ့။ သူတမင်သက်သက် ဂျီတိုက်





ဂျစ်ကျတဲ့အကြောင်းတွေလည်း ပြန်ပြောမှာမလွဲ။ သူမျက်နှာပူလာ ရပါသည်။

'သမီးရဲ့အစ်ကိုကြီးက သမီးထက်ဆယ့်ငါးနှစ် လောက် ကြီးတော့ သမီးကငယ်ငယ်ကတည်းက တစ်ဦးတည်းသောသမီးလိုဖြစ်နေတာ၊ မောင်လေး ညီမလေး သိပ်လိုချင်တာလေ၊ ကြီးကြီးကလည်း မမွေးပေးနိုင်တော့ဘူး၊ ဆွေမျိုးထဲမှာ မောင်နှမ ဝမ်းကွဲလည်းရှားတော့ သူ့ခမျာအဖော်မဲ့တယ်၊ ကျော့ကျော့ကိုဆိုရင်လည်း သူ့ညီမလေးလိုပဲလေ၊ သမီးက စကားလည်း သိပ်မပြောတတ်ဘူး၊ နားဝင်ချိုချိုမချိုချို ပြောလိုက်တာပဲ၊ စိတ်ရင်းက တော့ ဖြူပါတယ်၊ အပိုစကား ဝေဝေဆာဆာ မပြောတတ်တာ၊ အဝတ်အစားကိစ္စဆိုရင်လည်း ကြီးကြီးပဲ အစစ စီစဉ်ပေးရတာလေ၊ ကျောင်း



www.burmeseclassic.com

တက်ကတည်းက အခုအလုပ်ခွင်ဝင်တဲ့အထိ သူကိုယ်တိုင်ဈေးသွားပြီး အဝတ်အစား ဝယ်တယ်ဆိုတာ မရှိဖူးဘူး. .'

အဲဒါကိုတော့ယုံပါသည်။ အသက်ခြောက်ဆယ် ကျော်ခုနှစ်ဆယ် အဘွားကြီးဆင်ယင်ပေးတဲ့ အဝတ်အစားတွေဟာ ဘယ်လိုမှ ခေတ်မမီနိုင်တော့။ ဒါပေမယ့် အခုတစ်လောတော့ အဝတ်အစားဝတ်တာ တော်တော်လေးအဆင်ပြေလာပါသည်။ AIIZ လို၊ Arrow လို Branded တီရှပ်လေးတွေနှင့် လုံချည်စကပ်အဆင်လှလှလေးတွေ ဝတ်တတ်လာသည်။

သူ့အတွေးတွေကို သိနှင့်နေသည့်နှယ်. . .

'ဒီရက်ပိုင်းတော့ ဘာစိတ်ကူးပေါက်တယ် မသိပါဘူး၊ ကိုယ်တိုင်ဈေးဝယ်ထွက်သတဲ့. . . ကြီးကြီးတို့ကလည်း သူ အဲဒီလိုပြင်ဖို့ဆင်ဖို့ကို





စိတ်ဝင်စားလာတာကို သဘောကျပါတယ်. . . ကြီးကြီးတို့က အသက်ကြီးပြီလေ. . . ကိုယ်မျက်ကွယ်မပြုခင်မှာ သူ့အိမ်ထောင် သူ့မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်တွေ့သွားချင်တယ်. . သူ့အစ်ကိုကြီးကလည်း ပင်လယ်ပျော် လူပျိုကြီးလေ. . . သမီးတစ်ယောက်တည်း အထီးကျန်နေမှာ'

ရိုးသားလွန်းလှသော သူမအမေကြီးကိုကြည့်ကာ သူမ အခုလိုပုံစံဖြစ်နေတာကို သူနားလည်သွားရသည်။ သူမ ဘဝက ပျင်းစရာတော့ တော်တော်ကောင်းမှာပဲ။ လူငယ်တစ်ယောက်ရဲ့ စရိုက်အပြည့်အဝနဲ့ လူငယ်ဘဝကို ဖြတ်သန်းခဲ့ရပုံမပေါ်။ အဲဒါကြောင့် အလုပ်တစ်ခုကိုပဲ အားလုံး စုပုံအာရုံစိုက်ပြီး တခြားဘာကိုမှ စိတ်မဝင်စားတာ။

ဒီပုံစံအတိုင်းဆိုရင်တော့ တစ်ကိုယ်တည်းအပျို

www.burmeseclassic.com



ကြီး ဘဝနဲ့ပဲ အဆုံးသတ်ဖို့ရှိပါတော့သည်။

'အမေကြီးညှော်ခံနေတာ အောင်စည်သာ မပျင်းတော့ဘူးမဟုတ်လား'

သူမတို့ပြင်ဆင်ပြီး အထုပ်အပိုးတွေနှင့်ထွက်လာတော့မှ စကားစပြတ်သည်။ သူကတော့ သူမကိုကြည့်ကာ ရုတ်တရက်စကားပင်မဆိုမိ။ လိမ္မော်ခြောက်ရောင်ပေါ်မှာ အနက်ကွမ်းရိုးစင်း၊ အသားခပ်ပျော့ပျော့ Suit ကို ဝတ်ဆင်ထားတာသည် သွယ်လျပါးလျားသော သူမ ခန္ဓာကိုယ်ပေါ်မှာ အင်မတန်ကြည့်လို့ကောင်းနေသည်။ မျက်နှာမှာ မိတ်ကပ်ပါးပါးလိမ်းထားပြီး နှုတ်ခမ်းကိုတော့ ခါတိုင်း ဆိုးနေကျ လိမ္မော်ရောင်ကိုဆိုးထားသည်။ ရှုပ်ထွေး ဆိုသော ဘုကျကျပုံစံတုံးတုံး အပျိုကြီးမမက တခြား တစ်ယောက်လားလို့ မေးရလောက်တဲ့အထိ သူမပုံစံက ပြောင်းလဲလို့ သွားသည်။ ခုနက အိမ်မှာနေရင်း ဖိုသီ





ဖတ်သီပုံစံနဲ့တော့ တခြားစီ။

သူအူကြောင်ကြောင်နှင့် ဒီအတိုင်းထိုင်နေမိဆဲ. .

'အမေကြီးကို သမီးကန်တော့ဦးမယ်'

ပြောပြောဆိုဆိုနှင့် ကြမ်းပြင်ပေါ်မှာ ကျုံ့ကျုံ့လေးထိုင်ချလိုက်တာကြောင့် သူကမန်းကတန်း မတ်တပ်ထရပ်ပေးလိုက်ရသည်။ သူမအမေကြီးက ဆုတွေတသီတတန်းကြီး ပေးနေပြီးမှ

'အမေကြီးကိုရော ကန်တော့ပြီးပြီလား. . သမီး'

'ဟုတ်ကဲ့. . ကန်တော့ပြီးပြီအမေကြီး. . အဖေကြီးက စံပယ်ပင်တွေနားမှာ အလုပ်ရှုပ်နေတယ်. . . သမီးကို သူ့အတွက် ဆေးတံဆေးမွှေးမွှေးလေးဝယ်ခဲ့တဲ့'

'ဝယ်ခဲ့လိုက်ပေါ့. . '

'ဒါဆို သမီးသွားပြီနော်အမေကြီး၊ အမေကြီးကို



www.burmeseclassic.com

www.burmeseclassic.com



အပ်တာရှိရင် ရှုံးကို ပြော်. . အောင်စည်သာ ရှိသားပဲ၊ အောင်စည်သာ့ဖုန်းနံပါတ်ကို သမီးရေး ပေးခဲ့မယ်၊ အောင်စည်သာ့ဆီကို လိုအပ်တာဖုန်း ဆက်ပြောလိုက်နော် အမေကြီး'

ပြောလည်းပြော၊ ညှော်ခန်းထောင့်နားမှာချိတ်ထား သော White Board မှာလည်း အောင်စည်သာ -0950 (.......)ဆိုပြီး ချက်ချင်းသွားရေးသည်။

'တစ်ခုခုဆိုရင် ကျွန်တော့်ကိုဖုန်းဆက်လိုက်ပါကြီး ကြီး. . ကျွန်တော်လာခဲ့ပါ့မယ်'

'အေးကွယ်. . အေးအေး'

သူ့စိတ်ထဲမှာ သူမအမေကြီးကို တရင်းတနှီးသံ ယောဇဉ်လည်း ဖြစ်သွား၍ပါ။ သူမကိုလည်း ပိုပြီး နားလည် လာရသည်။ အလှအပကို မက်မောတာမှန်ပေမယ့် မလှဘူးဆိုရင်လည်း အထင်သေးစရာ၊ ကဲ့ရဲ့ရှုံ့ချချင်စရာ





မဟုတ်ဘူးဆိုတာ သူတဖြည်းဖြည်း သဘောပေါက် လာသည်။

ဒါပေမယ့် ဒီနေ့တော့ သူမတကယ်ကိုလှနေတာ သူ လက်မခံလို့မရ။ ကားမောင်းတော့လည်း သူမကို ခဏ ခဏခိုးကြည့်နေရတာနဲ့ ဂီယာနံပါတ်တွေ မှားပြီးထိုးမိတာ ခဏခဏ။ သူမ သတိထားမိသလားတော့ မသိပေမယ့် ဟျော့ကျော့ကတော့ သူ့အဖြစ်ကိုသတိထားမိကာ ပြုံးစိစိ ဖြစ်လာရပါသည်။

'တို့တည်းရမယ့် Hotel ရဲ့ e-mail address တို့၊ ဖုန်းနံပါတ်တို့တော့ မင်းမှာရှိတယ်မဟုတ်လား'

'ရှိတယ်အစ်မ. . စိတ်ချပါ. . ကုမ္ပဏီဒေဝါလီခံရ မယ့်ကိစ္စမျိုးဆိုရင်တော့ ကျွန်တော်ဆက်မှာပါ'

တိုင်ပင်မထားမိကြဘဲ ရယ်ဖြစ်ကြပါသည်။ ဘာရယ်မဟုတ်၊ သူမနဲ့ပတ်သက်ပြီး ရင်ထဲမှာ ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ ဘယ်လိုခံစားချက်ကြောင့်ဆိုတာကိုတော့ ကိုယ်တိုင်ဝေခွဲ မရနိုင်သေး။



၁၈။

သူမနှင့်သူ အရင်းနှီးဆုံးချစ်သူတွေအဖြစ် အမြန်ဆုံး ပြောင်းလဲသွားကြခြင်းဟာ အင်မတန် ဝမ်းနည်းဖွယ်ရာကောင်းသော အကြောင်းအရာတစ်ခုကြောင့် ဖြစ်ခဲ့မယ်မှန်း ကြိုသိခဲ့ရင်တော့ ထိုအဖြစ်ကို သူလက်ခံမှာမဟုတ်။ ကံကြမ္မာဆိုတာ ဘယ်လိုမှ မျှော်လင့်မထားတာတွေ ဖြစ်လာတတ်တယ်ဆိုတာ အသက်ကြီးလာတာနဲ့အမျှ ကြုံတွေ့လာရတာ။



www.burmeseclassic.com

www.burmeseclassic.com



သူမသွားကတည်းက ခါတိုင်းသူမရဲ့အလုပ်တွေကို လွှဲယူထားလိုက်ရတာမို့ သူဘယ်လိုမှမအားလပ်ပေ။ သုံးရက်လုံးလုံး ညဘက်ကိုတောင် အတော်လေးညဉ့်နက်မှ အိပ်ရာဝင်ရတာ။ ဆက်တိုက်ဝင်နေတဲ့ လုပ်ငန်းဆိုင်ရာ e-mail တွေကိုဖတ်၊ ပြီးတော့ ပြန်ပို့။ Meeting တွေရှိရင်လည်း ပြေးရသေးသည်။ ပြီးတော့ ဘာဆိုတာ နာမည်တပ်ပြီး ပြောလို့မရသော အလုပ်တွေက တစ်ပုံတစ်ပင်။ သူမ တစ်ယောက်တည်း နိုင်နိုင်နင်းနင်း ထိန်းသိမ်းနိုင်ခဲ့သည့်အတွက် သူတကယ်ကို ချီးကျူးပါသည်။

လေးရက်မြောက်နေ့မှာတော့ သူမမျှော်လင့်ထားခဲ့သောဖုန်းတစ်ခု သူ့ထံသို့ဝင်လာခဲ့လေသည်။

'ကို. . ကိုအောင်စည်သာလား'

'ဟုတ်ကဲ့. . ပြောပါခင်ဗျာ'

တစ်ဖက်မှအသံသည် မဝံ့မရဲ။ သူနှင့်အလွန်





စိမ်းသက်လွန်းတာမို့ စိတ်ထဲတစ်မျိုးဖြစ်သွားရသည်။

'မေမေကြီးက ဆက်ခိုင်းလို့ပါ. . ကျွန်မ မရှုပါတို့အိမ်ကပါ. . ဘဘကြီးမူးလဲသွားလို့ အခု ဆေးရုံကို သွားပြီတဲ့'

'မူးလဲလို့. . ဘယ်ဆေးရုံလဲ'

'ရွှေ. . . ရွှေဂုံတိုင်ဆေးခန်းတဲ့'

'ဒါဆို ကျွန်တော်အခုသွားလိုက်ပြီနော်'

သူကလည်း တိုက်တိုက်ဆိုင်ဆိုင် ရွှေဂုံတိုင်ဘက်ကို ရောက်နေ၍ တော်ပါသေးသည်။ သူမအဖေလည်း အသက်တော်တော်ရလောက်ပါပြီ။ သူမအမေတောင်မှ ဒီအရွယ်ရှိနေတာ။

ရွှေဂုံတိုင်အထူးကုဆေးခန်းရောက်တော့ ဟိုဝေးဒီစမ်းနှင့် သူမအဖေရှိရာ အရေးပေါ်ခန်းရှေ့ ရောက်သွားပါသည်။ သူမအမေကြီးကတော့ အရေးပေါ်ခန်းရှေ့



www.burmeseclassic.com

www.burmeseclassic.com



ခုံ တန်းမှာထိုင်လို့။

'ကြီးကြီး'

သူက ဘေးမှာဝင်ထိုင်လိုက်ပါသည်။

'သြော်. . သားရောက်လာပြီလား. . ကြီးကြီးလည်း ဘယ်သူမှမရှိတာနဲ့ သားကိုခေါ်ခိုင်းလိုက်ရတာ'

'ရပါတယ်ကြီးကြီးရဲ့၊ အခု ဘဘအခြေအနေရော ဘယ်လိုလဲ'

'မျှော်လင့်လို့ရတော့မယ်တော့ မထင်ပါဘူးကွယ်၊ ဒီ ရက်ပိုင်းမှာ ကြီးကြီးအိပ်မက်တွေမကောင်းဘူး၊ သူက လွန်ခဲ့တဲ့လေးနှစ်ကလည်း ဒီလိုပဲ ဟာ့တ်အတက်ရဖူးတယ်၊ ဒီတစ်ခါတော့ ကယ်လို့မရတော့ဘူးထင်ပါရဲ့'

ဘဘဖေးမစကားမှ မဆိုတတ်တော့တာမို့ သူက အမေ ကြီးရဲ့ လက်ဖဝါးအေးစက်စက်လေးတွေကို ခပ်ဖွဖွ





ဆုပ်ကိုင်အားပေးလိုက်ပါသည်။

'လူနာရှင်. . ဦးမင်းချိုရဲ့လူနာရှင်တစ်ယောက်နဲ့ တွေ့ချင်တယ်'

အရေးပေါ်ခန်းအဝမှာ ဆရာဝန်မတစ်ယောက် လာရပ်ကာမေးတော့. . .။

'ဆရာဝန်က တွေ့ချင်လို့နဲ့တူတယ်. . . သားပဲ သွားတွေ့လိုက်ပါကွယ်. . ကြီးကြီး ဘုရားစာပဲ ရွတ်နေချင်တယ်'

တာဝန်ကျဆရာဝန်ကို လူကြီးလုပ်ကာ သူသွားတွေ့ရပါသည်။

'လူနာက နှလုံးကလည်း လုံးဝမကောင်းတော့ဘူး၊ ရုတ်တရက် သွေးအရမ်းဆောင့်တိုးပြီး သွေးကြော ပြတ်သွားတာပဲ၊ သတိလည်း လည်မှာမဟုတ် တော့ဘူး၊ ဒီတော့ ညီလေးတို့ဘာလုပ်ချင်လဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာပဲ နောက်ဆုံးအချိန်အထိထားမလား၊
အိမ်ကိုပြန်ခေါ် သွားမလား'

သူ့ဆုံးဖြတ်ချက်ကို သူမရောအမေကြီးပါ ကျေနပ်နိုင်လိမ့်မည် ထင်ပါသည်။

'အိမ်ကိုပြန်ခေါ်သွားမယ်ခင်ဗျာ'

ဒီနေ့ ဒါမှမဟုတ် မနက်ဖြန်သန်ဘက်ခါမှာ လောကကြီးထဲကနေ တိတ်ဆိတ်စွာထွက်သွားတော့မယ် လူတစ်ယောက်အတွက် သူ့ရဲ့အိမ်ကသာ အသင့်တော်ဆုံးပါ။ မိသားစုအတွက်လည်း ဖြေသိမ့်စရာအကောင်းဆုံးပါပဲ။

မြောနေပြီဖြစ်သော သူမအဖေကြီးကို အိမ်ကိုပြန်ခေါ်လာခဲ့ကြသည်။ သူမတို့အိမ်မှာလည်း ခြံအလုပ်သမားသုံးယောက်နဲ့ ထမင်းချက်အဝတ်လျှော် ဝေယျာဝစ္စမိန်းကလေးတစ်ယောက်သာ ရှိပါသည်။ ဆွေမျိုးတွေကလည်း နယ်တွေမှာများပြီး ရန်ကုန်မှာရှိသော ဆွေမျိုးတွေက





လည်း သက်ကြီးရွယ်ကြီးတွေပါ။ အနားမှာ လာနေပေးမယ့်သူလည်း ဘယ်သူမှမရှိ။ ရုံးကိုခဏပြန်ပြီး အလုပ်ကိစ္စရှိတာတွေ မှာစရာရှိတာမှာ၊ အပြန်အိမ်ကိုဝင်၊ ဖေဖေမေမေ ့ကို အကျိုးအကြောင်းပြောကာ အဝတ်အစားသုံးလေးစုံယူခဲ့ပြီး သူမအိမ်ကိုပြန်ရသည်။

'စောင့်ပေးရမှာပေါ့ သားငယ်ရဲ့၊ ရှုပါက သား
အပေါ်မှာ ဒီလောက်ကောင်းတာ. . . ဖေဖေတို့
လည်း ညဘက်ကျမှလာခဲ့ဦးမယ်'

ရုံးက ကောင်လေးတစ်ယောက်ကိုလည်း သူနဲ့အတူ ကူဖော်လောင်ဖက်ရအောင် ခေါ်ထားလိုက်ပါသည်။

သူမတည်းခိုရာဟိုတယ်ကို ဖုန်းဆက်တော့ ပလေးရှားကို တစ်ညအိပ်နှစ်ရက်ခရီး ထွက်သွားကြောင်းသာ သိရသည်။ တစ်စုံတစ်ရာမမှာထားခဲ့တော့ဘဲ သူမ ပြန်ရောက်ရင် သူဆက်ကြောင်းပြောပေးဖို့သာ မှာပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

အမေကြီးကတော့ အိမ်ကိုပြန်ရောက်ကတည်းက ဘယ်သူ့ကိုမှလည်း စကားမပြောတော့ဘဲ ဘဘအနားမှာသာ တစ်ချိန်လုံး ဘဘမျက်နှာကို ငေးကြည့်ရင်းနေတော့တာ။ သူ သက်သောင့်သက်သာနေပါစေ။ စက်ကိရိယာတွေ မတပ်ပါနဲ့တော့ဆိုသော အမေကြီးရဲ့ဆန္ဒကြောင့် ဘဘကို နှလုံးခုန်အကူစက်တွေ၊ အောက်ဆီဂျင်စက်တွေ ဘာတစ်ခုမှ တပ်မထားတော့ပါ။ လိုအပ်တာရှိရင် နည်းနည်းပါးပါးကူညီနိုင်ဖို့ စပါယ်ရှယ်နာ့စ်တစ်ယောက်ကိုတော့ ခေါ်ထားဖြစ်ပါသည်။

ညဘက်မှာတော့ သူ့ဖေဖေနဲ့မေမေ ရောက်လာပါသည်။ အသက်ပုံမှန်ရှူနေပေမယ့် နှလုံးခုန်နှုန်းက တဖြည်းဖြည်းနှေးနေလာသည်။

'ဖေဖေ့အထင်တော့ ဒီညတောင် ကျော်နိုင်ပါ့





မလားမသိဘူး၊ ရှုပ်ပါ့ကိုရော အကြောင်းကြားထားပြီးပြီလား'

'မလေးရှားဘက်ကို ခဏကူးသွားတယ်တဲ့ဖေဖေ၊ မနက်ဖြန်လောက်မှ စင်ကာပူကိုပြန်ရောက်မှာ'

'သားသမီးက ရှုပါတစ်ယောက်တည်းလား၊ တခြား သားချင်းရော'

'ရှိတယ် . . . ဖေဖေ၊ သင်္ဘောတက်နေတာတဲ့၊ အကြောင်းကြားဖို့ လိုအပ်တာတွေတော့ မေးထားတယ်၊ အဲဒါဖေဖေ့ကိုမေးမလို့၊ ရိုးရိုးသင်္ဘောလိုင်းက မဟုတ်ဘူး ဖေဖေ၊ Cruises သင်္ဘောက ဦးဗညားချိုတဲ့၊ CDC နံပါတ်က'

'ဗညားချို . . . ဗညားချို . . . ဖေဖေနဲ့ရင်းနှီးတယ် . . . ဖေဖေတို့သင်္ဘောကုမ္ပဏီကပဲ၊ အသက်လေးဆယ့်ငါးလောက် ရှိပြီမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ဖေဖေ'

'ဒါဆို ဖေဖေအကြောင်းကြားပေးမယ်. . .

ဖေဖေ့တာဝန်ထားလိုက်. . . သားလည်း တစ်ခုခု

လိုအပ်ရင် ဖေဖေ့ကိုဖုန်းဆက်လိုက်ပေါ့'

တိုက်တိုက်ဆိုင်ဆိုင် သူမအစ်ကိုကြီးနဲ့ ဖေဖေက ရင်းနှီးနေပါသေးသည်။ အရင်တုန်းက စကားမစပ်မိကြလို့သာ မသိကြတာ။

ညနက်ပိုင်းမှာတော့ အသက်ရှူတွေကျပ်လာကာ နှလုံးခုန်နှုန်းတွေ ရပ်တစ်ချက်နှေးတစ်လှည့် ဖြစ်လာပါသည်။ နာ့စ်က အသက်ကယ်ဆေးတစ်လုံး ထိုးပေးလိုက်တော့ နာရီပိုင်းတော့ ပြန်ပြီးငြိမ်သက်သွားသည်။ မနက် မိုးလင်းခါနီး အရုဏ်တက်လေးနာရီလောက်မှာတော့ အသက်ရှူတွေပိုကျပ်ပြီး အခြေအနေပိုဆိုးလာသည်။ မနက်(၅) နာရီကျော်ကျော်မှာတော့ သူမဖေဖေသည်






ချစ်ခင်သူ အားလုံးကို နှုတ်ဆက်ထွက်ခွာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉။

ဖုန်းထဲမှာကြားရသော သူမစကားသံသည် ကြည်ရွှင်သာယာလို့။ မလေးရှားကိုရောက်ခဲ့သည့်အကြောင်းတွေ၊ လုပ်ငန်းအသစ်တွေအတွက် အဆင်ပြေခဲ့ကြောင်းတွေ၊ သူမပြောနေသမျှကို နားထောင်ရင်း သူပြောရမယ့်စကားအတွက် ရင်ထဲမှာ ပိုပြီးနင့်လာရသည်။ တစ်ခါမှ သူမ ဒီလောက်ပျော်နေတာမျိုး သူမကြားဘူးခဲ့၊ သူမပျော်ရွှင်မှုတွေနဲ့ အဆန့်ကျင်ဆုံးစကားကို



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ သူ မပြောချင်ပါ။ ဒါပေမယ့် မပြောလို့မှ မဖြစ်ဘဲ။

သူမစကားတွေကို ဆယ်မိနစ်နီးပါးနားထောင်ပြီးမှ

'အစ်မ'

'ဘာလဲ၊ ဖုန်းဖိုးကုန်မှာစိုးလို့လား. . . ဖုန်းကတ်နဲ့ဆက်နေတာလေ. . . ဖုန်းကတ်ကုန်တဲ့အထိ ပြောမယ်'

'အစ်မ. . အစ်မကို ကျွန်တော်ပြောစရာရှိလို့'

'အင်းဟင်. . ပြောလေ. . ဘာဖြစ်လို့လဲ'

သူက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီးမှ. . .

'အခု ကျွန်တော်ရုံးမှာမဟုတ်ဘူး အစ်မ. . . ကျွန်တော် အစ်မအိမ်ကိုရောက်နေတာ'

'တို့အိမ်ကို'





ခပ်တိုးတိုးရေရွတ်ပြီး သူမအသံတိတ်သွားသည်။ သူ မရိပ်မိသွားပါပြီ။ သူ့အသံပျက်ယွင်းနေတာကိုလည်း သူမ သတိထားမိသွားပြီ။

'အစ်မမီတဲ့လေယာဉ်နဲ့ ချက်ချင်းပြန်လာခဲ့ပါ. . . အဘ အစ်မဖေဖေ သိပ်အခြေအနေမကောင်းဘူး'

'အဖေကြီး. . အဖေကြီး အခြေအနေမကောင်းဘူး၊ ဟုတ်လား၊ အမှန်အတိုင်းပြောပါ. . . အမှန်အတိုင်း ပြောစမ်းပါ အောင်စည်သာရဲ့၊ အဖေကြီး မရှိဘူးလား. . . ဟင်. . . ဟုတ်တယ် မဟုတ်လား'

သူဆို့နင့်စွာနှင့် ငြိမ်သက်နေမိပါသည်။ သူမသာ အနားမှာရှိရင်တော့ သူအားပေးဖေးမမိမှာပါ။ နှုတ်နဲ့ဖြေသိမ့်ဝ့စကားမျိုးတော့ သူ မဆိုတတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



'တို့ပြန်ခဲ့မယ်၊ ဒီနေ့တော့ ဘာဖလိုက်မှမိမှာ မဟုတ်တော့ဘူး၊ တို့မနက်ဖြန်တော့ ရအောင်ပြန်လာမယ်၊ အမေကြီးကို အမေကြီးကို ဖေးမထားပေးပါ အောင်စည်သာရယ်'

အမေကြီးက အတင်းချော့မော့ပြီးတိုက်တဲ့ ကွေကာအုပ်တစ်ခွက်သာ သောက်သည်။ သူကတော့ ထိုညက ညစာမစားနိုင်။ ကော်ဖီတစ်ခွက်ကိုတောင် မနည်းအောင့်အီးပြီးသောက်ရသည်။ ကိုယ်က နာရေးရဲ့ ကာယကံရှင်မဟုတ်ပေမယ့် ကိုယ့်မျက်စိရှေ့မှာ ဝမ်းနည်းဖွယ်ရာ မြင်ကွင်းတွေ့နေရတာတွေရော သူမရဲ့ဖုန်းထဲက ဝမ်းပန်းတနည်း အသံလေးကိုပါ ကြားရတာရောနှင့် ရင်ထဲဆို့နင့်ကာ ပြည့်နေသည်။

ရုံးကလူတွေကိုလည်း ရုံးမှာ Show Room အစောင့်နဲ့ ရုံးစောင့်လောက်သာချန်ပြီး သူမအိမ်မှာခေါ်





ထားလိုက်သည်။ မဟုတ်ရင် အိမ်ကြီးကကျယ်လွင့်နေကာ တိတ်ဆိတ်အထီးကျန်လွန်းလှသည်။ ကြွင်းကျန်သော ရုပ်ကလာပ်ကိုလည်း သူမကိုစောင့်ဖို့အတွက် ရေခဲတိုက်မပို့တာကြောင့် အိမ်မှာ လူများများရှိဖို့လိုသည်လေ။

အမေကြီးအကြောင်းကြားခိုင်းတဲ့ ဆွေမျိုးလေးငါးဆယ်ယောက်တော့ နှစ်ယောက်သုံးယောက်တစ်သုတ်စီ ရောက်လာကြပါသည်။ ဆွေမျိုးတွေရောက်လာပေမယ့် ဧည့်သည်အဖြစ်နဲ့သာမို့ နဂိုကတည်းက အိမ်ရှင်လိုဖြစ်နေသော သူပဲ အစစအရာရာလိုအပ်တာတွေ စီစဉ်ပေးရသည်။ အမေကြီးကလည်း သူ့ကိုပဲ အစစလွှဲအပ်ထားပါသည်။

သူမနဲ့ဖုန်းရပြီး နောက်တစ်ရက်မနက်မှာတော့ သူမ ပြန်ရောက်လာပါသည်။ ဖုန်းလည်း မဆက်ထားတာကြောင့် သူလည်းသွားမကြိုဖြစ်။ အမေကြီးလည်း သက်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆွမ်းကပ်ရုံတင်မကဘဲ ရက်လည်တဲ့အထိ နေ့တိုင်းဘုန်းကြီးဆွမ်းကပ် တရားနာချင်တယ်ဆိုတာကြောင့် ဘုန်းကြီးပင့်တဲ့၊ ဆွမ်းကပ်တဲ့ကိစ္စတွေနဲ့ အလုပ်ရှုပ်နေတာကြောင့်လည်း ပါပါသည်။

တရားနာနေတုန်းမှာ သူမရောက်လာခဲ့သည်။ ခြံထဲကို ကားဝင်လာသံလည်းမကြား။ အမေကြီးအနားမှာ ဖေးဖေးမမနဲ့ထိုင်ပေးနေတုန်း ရုံးကကောင်မလေးတစ်ယောက်က သူ့နားနားကပ်ကာ ခပ်တိုးတိုးလာပြောသည်။

'မမရောက်လာပြီ ကိုအောင်စည်သာ'

သူမက အခန်းထဲကို ချက်ချင်းဝင်မလာသေး။ အခန်းတံခါးဝမှာရပ်ကာ ပြင်ဆင်ထားသော အဖေကြီး၏ ရုပ်ကလာပ်ကို မမြင်ဘူးသလို တွေတွေငေးငေး။ သူအတွက် စိုးရိမ်တကြီးနှင့် သူမအနားကို သူရောက်သွားရပါသည်။





သူမမျက်လုံးတို့က နီရဲမို့အစ်နေသည်။ တီရှပ်ပွပွတစ်ထည်နှင့် ဘောင်းဘီပွပွတစ်ထည်ကို ကပိုကရိုဝတ်ထားသည်။ ကြည့်ရတာ ဟိုတယ်အိပ်ခန်းထဲမှာဝတ်တဲ့ အဝတ်အစားကို မလဲနိုင်တော့တာဖြစ်မည်။ သူက သူမလက်ဖဝါးကို အားပေးသလိုဆုပ်ကိုင်တော့ သူမလက်ဖဝါးလေး အေးစက်နေသည်။ အားကိုးတကြီးနှင့် သူ့လက်ကို ပြန်ဆုပ်ကိုင်ထားပြန်သည်။

'အောင်စည်သာရယ် . . အဖေကြီးသောက်ချင်
တဲ့ ဆေးတံဆေးလေ . . . တို့ဝယ်လာတယ် . . .
ပြီးတော့ အဖေကြီးကြိုက်တဲ့'

သူမစကားမဆုံးသေးဘဲ သူမခန္ဓာကိုယ်လေးက သူ့ဘက်ကို ယိုင်ကျလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၂၀။

နာရေးကာလတစ်လျှောက်လုံး နေ့ရောညပါ သူမတို့ အိမ်မှာ သူရှိနေပေးခဲ့သည်။ ရုံးကအဖွဲ့တွေလည်း ရှိကြတာမို့ အရင်သူ့အခြေအနေမှန်ကို သိစဉ်ကဖြစ်ခဲ့တဲ့ ရှိုးတို့ရှန့်တန့်တွေလည်း မရှိကြတော့။ အရင်လို သူငယ် ချင်းပေါင်းမဟုတ်ပေမယ့် အတန်အသင့်ရင်းနှီးသော အလုပ်ရှင်အလုပ်သမားဆက်ဆံရေးမျိုး ဖြစ်လာပါသည်။

'မမဒီနေ့တစ်နေ့လုံး ဘာမှမစားသေးဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ပြောပါဦး' ဆိုတာမျိုး. .

'မမကို ခဏမေးခိုင်းထားတယ်၊ ကိုအောင်စည်သာလည်း ခဏနားပါဦး၊ ကိစ္စရှိရင် ကျွန်မတို့ရှိတာပဲ' တို့နှင့် သူ့ကိုအရိပ်ကြည့်လိုက်၊ သူမကို အရိပ်ကြည့်လိုက် ကြ။

သူ့ဘဝတစ်လျှောက်လုံးမှာလည်း သူစိမ်းမိန်းကလေးတစ်ယောက်ကို အပေါ်ယံမဟုတ်ဘဲ လှိုက်လှိုက်လှဲလှဲ နှစ်နှစ်ကာကာ ဂရုစိုက်မိတာသည် သူမတစ်ယောက်တည်းသာ။ ဘယ်တုန်းကမှ မိန်းကလေးတစ်ယောက်ကို မှန်လိုကြည့်ကာ ဂရုမစိုက်စဖူး။ အားကိုးမခံချင်စဖူး။ အပျော်သဘောမျိုးနဲ့ လှလှပပကောင်မလေးတွေ့ရင် ဇာတ်လမ်းလုပ်ပြီး ရည်းစားထားခဲ့ကြတာတွေရှိခဲ့ပေမယ့် ဘယ်သူ့ကိုမှ တလေးတနက်မရှိဘူးခဲ့။ သူတလေးတနက်လို့ အမည်တပ်မိတဲ့ခံစားမှုကတော့ အချိန်တိုင်းနီးပါး





တခြားသူတစ်ယောက်အကြောင်းကိုတွေးပြီး ထိုသူနဲ့ထပ်တူခံစားမိခြင်းပါ။

သူမသိပ်ဝမ်းနည်းနေသလား၊ အိပ်ချိန်မှန်ရဲ့လား၊ အာဟာရဖြစ်ရုံလောက်မှ အစားအစာစားရဲ့လားဆိုပြီး အစစအရာရာ သူမကိုပဲစိတ်ပူနေမိတာ။ အပူသည်မို့ မျက်နှာမှာမိတ်ကပ်မရှိ၊ သနပ်ခါးမရှိ၊ မျက်နှာပြောင်ပေမယ့် ဒရဲဒီလိုရှင်းပြောင်နေတာကိုက တစ်မျိုးအေးချမ်းလှပါသည်။ လှတာမလှတာတွေ ခေတ်မီစတိုင်လ်ကျတဲ့ အဝတ်အစားတွေ ဘာတစ်ခုမှဂရုမစိုက်ဖြစ်တော့။

အမှန်တကယ် သူ့ရောဂါလည်းမသေးလှ။ သူမစင်ကာပူကို ထွက်တဲ့နေ့ကတည်းက သူမကိုမေ့လို့မရခဲ့။ ရုံးမှာထိုင်နေရသော သုံးရက်လုံးလုံးမှာလည်း ရုံးမှာခါတိုင်းလှုပ်ရှားနေသော သူမပုံသဏ္ဌာန်တွေကိုပဲ မြင်ယောင်နေခဲ့ရတာ။ ကိုယ့်ခံစားမှုရဲ့အခြေခံကို အရင်းမစစ်နိုင်သေးခင်



www.burmeseclassic.com

www.burmeseclassic.com



မှာ အခုလိုနာရေးကိစ္စက ဝင်လာတာဖြစ်သည်။

နာရေးကိစ္စဖြစ်ပေမယ့် အဲဒီကိစ္စကြောင့်ပဲ သူမ အနားမှာ သူအမြဲတမ်းရှိနေရသောအခါ သူ့ရဲ့ရောဂါက ပိုသည်းလာပါသည်။

ဘယ်လိုမှ မခံစားနိုင်တော့တာမို့ သူက သူငယ်ချင်းတစ်ယောက်ကို ဖုန်းလှမ်းဆက်ပြီး ရင်ဖွင့်ရပါသည်။ သူ့အဖြစ်ကိုကြားတော့ သူငယ်ချင်းက ဟက်ဟက်ပက်ပက် ရယ်ကာ

'ဟေ့ကောင် အောင်စည်သာ၊ ကြည့်လုပ်ဦးနော်၊ သူ များအဖေသေတာကို မင်းအခွင့်ကောင်းယူပြီး ခွင်(ဂွင်) ထုမနေနဲ့. . အဖိုးကြီး ကုပ်လာချိုးနေဦးမယ်'

'မဟုတ်ပါဘူးကွာ. . ငါတကယ်ကြွေနေလို့ပါ. . အလူးအလဲပဲဟေ့ကောင်. . သူ့မျက်နှာမြင်ရတာနဲ့ မခံစားနိုင်ဘူး'





'အဲဒါနဲ့ပဲ ညာတာပါတေးနဲ့ ဝမ်းနည်းပြီး သတိလစ်လစ်သွားတဲ့မမကြီးကို ဖက်ထားပေးလိုက်တာပေါ့၊ ဟုတ်လား၊ မင်းပဲအစတုန်းကတော့ ရုပ်ဆိုးဆိုပေမယ့် မဗျူတီ (beauty) ဘူးဆို'

'ချစ်ရင်တော့ ဗျူတီသွားတာပေါ့ကွာ'

'မအောင့်နိုင်ရင်တော့ ဖွင့်ချလိုက်ကွာ၊ အောင့်ထားရင် မကျန်းမမာဖြစ်တတ်တယ်. . ဟား. . ဟား'

သူငယ်ချင်းလည်း ဘာအကြံဉာဏ်မှမပေးဘဲ သူ အသည်းပိုပုံကို ဟီးဟီးဟားဟားစ,နောက်ပြီး ဖုန်းချသွားပါသည်။ သူကိုယ်တိုင်လည်း ဘာလုပ်ရမှန်းကိုမသိ။ သူမျာ:က ဝမ်းနည်းပူဆွေးနေချိန်မှာ ကိုယ်ကအချစ်ရောဂါထနေတာ ရှက်ဖို့တော့ကောင်းပါသည်။

အချစ်ဆိုတာ. . တကယ်ကိုဆန်းတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် အလှအပအနုအရွကြိုက်တဲ့ ယောကျ်ား တစ်ယောက်ဟာ တော်ရုံအလှလောက်သာရှိတဲ့ ကိုယ့်ထက် အသက်ခြောက်နှစ်ကျော် ခုနစ်နှစ် နီးပါးကြီးတဲ့ မိန်းမ တစ်ယောက်ကို ချစ်မိသွားလိမ့်မယ်ဆိုတာ သူကိုယ်တိုင် တောင် မမျှော်လင့်ထားမိခဲ့တဲ့ကိစ္စပဲ။ မမီးသာသိရင်တော့ ဝါးလုံးကွဲမတတ် ရယ်မည်ထင်ပါသည်။ သူငယ်ချင်းကို ချစ်လှသူမို့ တားမြစ်စကားတော့ ဆိုမည်မထင်ပါ။

'ငါ့မောင်လေးကိုတော့ ပညာနဲ့ဥစ္စာရှာခိုင်းမှပဲ ကြင်ယာတွေ့တော့တယ်'လို့ ပြောမလားမသိ။

မီးသဂြိုဟ်သည့်နေ့တော့ အမေကြီးကို အိမ်မှာပဲ အိပ်ဆေးတိုက်ပြီးထားခဲ့ရသည်။ သူမဘေးမှာတော့ သူတစ်ချိန်လုံးရှိနေခဲ့ပါသည်။ သူလက်မောင်းတစ်ဖက်ကို တင်းတင်းကျပ်ကျပ်ဖက်တွယ်ထားခဲ့ကာ မျက်ရည်မကျနိုင် တော့ဘဲ သူမ အံတင်းတင်းကျိတ်ကာနေသည်။ ဒီလိုပဲ






တစ်သက်လုံး သူ့လက်မောင်းကိုမှီတွယ်ပြီး အားကိုးခဲ့ရင် သိပ်ကောင်းမှာပါပဲ။ သူက မဆီမဆိုင်အခွင့်အရေးယူပြီး စိတ်ကူးယဉ်နေမိသေးသည်။

အလောင်းကို မီးသဂြိုဟ်စက်ထဲထည့်လိုက်ချိန်မှာ တော့ သူ့ရင်ခွင်ထဲမှာ သူမ သတိလစ်သွားခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



၂၁။

အဲဒီညက 'လ'ကတော့ အတော်သာပါသည်။ ရက်လည်မည့်ညမို့ သူမတို့အိမ်မှာ သူနောက်ဆုံးနေရမည့် ညလည်း ဖြစ်သည်။ ရက်လည်ဆွမ်းကပ်တရားနာပြီးတာနဲ့ အိမ်ကိုဝိညာဉ်တ စွန့်ခွာသွားရတယ်လို့ ကြားဖူးနားဝတော့ ရှိပါသည်။ တကယ်ဟုတ်မဟုတ်တော့မသိ။ သူလည်း အဲဒီလိုပဲ စွန့်ခွာသွားရမယ့်ဝိညာဉ်လိုပါပဲ။ မနက်ဖြန်ပြီးတာနဲ့ သူမနဲ့ခါတိုင်းလို ပုံမှန်ဆက်ဆံရေး ပြန်ဖြစ်သွားတော့မည်။

ဘယ်သူ့ကိုမှအားမကိုးတတ်သော၊ ထက်မြက်လ



www.burmeseclassic.com

www.burmeseclassic.com



သော ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ရူပါချိုဘဝကို ပြန်ရောက်သွားတော့မည်။ တကယ်တော့ အောင်စည်သာဟာ ရူပါချိုရဲ့ ပညာယူမောင်လေးတစ်ယောက်ပါပဲ။ မနက်ဖြန်ဆိုရင် အရာရာပြီးဆုံးသွားတော့မည်။

အိမ်ရှေ့ဧည့်ခန်းက ပိုကာဝိုင်းတွေအနားမှာ ခဏထိုင်ရင်း လူကစိတ်ထဲမွန်းကျပ်လာတာမို့ ခြံထဲဆင်းဖြစ်ခဲ့ခြင်းပါ။ နှင်းဆီပန်းရနံ့တွေ မွှေးနေဆဲ။ အပင်တွေကိုချစ်မြတ်နိုးလှပါသည်ဆိုသော သူမရဲ့အဖေကြီးကတော့ အပင်တွေကို စွန့်ခွာသွားရပါပြီ။ သူမအနားမှာနေခွင့်ရဖို့ အပင်တွေစိုက်တဲ့အလုပ်သမားပဲ လာလုပ်ရမလား။

ဒန်းကလေးရှိရာ အိမ်ဘေးဘက်ကို လျှောက်လာရင်း ဒန်းပေါ်ကအရိပ်တစ်ရိပ်ကြောင့် သူ့ခြေလှမ်းတွေ တုံ့သွားရသည်။

အစ်မ. . ။





အိပ်ဆေးတိုက်ပြီးသိပ်ထားတယ်လို့ ကောင်မလေးတစ်ယောက်ပြောတာ။ အိပ်မပျော်ဘူးထင်ပါရဲ့။ သူကတစ်လှမ်းချင်း ဆက်လှမ်းသွားလိုက်တော့ သူမက လှည့်မကြည့်ဘဲ. . .

'အဖေကြီး. . အဖေကြီးလားဟင်'

သူ့ရင်ထဲ နာကျင်သွားရပါသည်။

'ကျွန်တော်ပါအစ်မ'

သူကပြောရင်းနှင့် သူမဘေးမှာဝင်ထိုင်လိုက်သည်။ သူမက ခြံထဲကအပင်တွေဆီကိုပဲ အကြည့်ပို့ထားသည်။ ငိုတော့မငိုတော့ပါ။ ငိုဖို့မျက်ရည်လည်း မရှိတော့ဘူးထင်ပါသည်။

'တို့စောင့်နေတာ. . . အဖေကြီးများ တို့ကိုလာကြည့်မလားလို့၊ တို့စောင့်နေတာ'

သူ့ရင်ထဲမကောင်းလှစွာ သူမကို ဒီအတိုင်း



www.burmeseclassic.com

ငေးကြည့် နေဖြစ်သည်။

'တို့သွားခါနီးကန်တော့တော့လေ . . အဖေကြီး က မာလကာပင်ကို မြေဆွနေတာ . . . မာလကာ သီးတွေ ကြီးတော့မယ်တဲ့၊ သမီးပြန်လာရင် အတော်ပဲတဲ့၊ တို့က မာလကာသီးသိပ်ကြိုက်တာ လေ၊ တို့ကမလိမ္မာပါဘူး၊ အဖေကြီးကို မပြုစု လိုက်ရဘူး၊ ကျောင်းတက်တော့လည်း ကျောင်း စာနဲ့၊ အလုပ်လုပ်တော့လည်း တာဝန်နဲ့ တို့အဖေ ကြီးကို မပြုစုခဲ့မိဘူး၊ တို့စာကြိုးစားတယ် အလုပ် ကြိုးစားတယ်၊ အဲဒါဆိုရင် မိဘကျေးဇူးကို ဆပ်ရာ ရောက်ပြီလို့ ထင်ထားခဲ့တာ'

'အဲဒီလိုလဲမဟုတ်ပါဘူး အစ်မရယ်၊ ဘဘက ကျေနပ်ပါတယ်၊ အစ်မ အခုလိုကြိုးစားတာတွေ ကလည်း မိဘ ကျေးဇူးဆပ်တာပဲပေါ့'





'အောင်စည်သာ . .'

'ခင်ဗျာ အစ်မ'

'အဖေကြီးမဆုံးခင် မင်းက အနားမှာရှိတယ် မဟုတ်လား၊ တို့ကို အဖေကြီးဘာပြောသွားသေး လဲဟင် . . . ဘာမှာသွားသေးလဲ'

သူ့ရင်ထဲ ဘယ်လိုမှကိုမချိတော့။ ရင်ထဲက ခံစား ချက်တွေကိုလည်း ဘယ်လိုမှထိန်းချုပ်လို့မရတော့။ သူမ ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲမှာ ခပ်တင်းတင်းပွေ့ထား လိုက်မိရင်း . . .

'အစ်မ . . အစ်မရယ် . . အစ်မအရမ်းဝမ်းနည်း နေရတာ ကျွန်တော်နားလည်ပါတယ်၊ ဘဘ ကိုယ်စား ကျွန်တော်သေပေးလို့ရရင် သေပေး လိုက်ချင်ပါတယ်၊ အစ်မကို မခံစားစေချင်ဘူး' သူ့ရင်ခွင်ထဲကနေ သူမ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်ငင်ရင်း ငိုနေမှန်းကို အထိအတွေ့ကြောင့်သိနေသည်။

'ဒီလိုအချိန်မှာ ကျွန်တော်ဒီလိုစကားမျိုး မပြောသင့်ဘူးဆိုတာ သိပါတယ်အစ်မ၊ အဲဒီအတွက် ကျွန်တော့်ကို အစ်မကြိုက်တဲ့အပြစ်ပေးပါ၊ ကျွန်တော့်ဘဝမှာ အစ်မ မရှိလို့မဖြစ်တော့လို့ပါ၊ အစ်မကိုကျွန်တော် ချစ်တယ်၊ အရမ်းချစ်တယ်၊ ကျွန်တော့်ကို အစ်မ ဘေးနားမှာ အခုလိုပဲ တစ်သက်လုံးနေခွင့်ပေးပါနော်. . အစ်မ'

ညက တိတ်ဆိတ်နေဆဲ။ သူမကလည်း ငိုရှိုက်နေဆဲ။ သို့ပေမယ့် နှစ်ယောက်စလုံးရဲ့ ရင်ခုန်သံတွေကိုတော့ ရင်ထဲက နားနဲ့ကြားနေရသည်။ ချစ်သူမျက်ရည်ခြောက်တဲ့အချိန်အထိ သူစောင့်ပါမည်။ တစ်လဖြစ်ဖြစ်၊ တစ်နှစ်ဖြစ်ဖြစ်၊ တစ်သက်လုံးဖြစ်ဖြစ်ပေါ့။



## ၂၂။

ဝေသည် ဖုန်းထဲကနေ မြတ်အားရပါးရပြောနေတာကို နားထောင်ရင်း လိုက်ရယ်လိုက် ပြုံးနေလိုက်နှင့် အမူအရာအမျိုးမျိုးဖြစ်နေတာမို့ ဝေဖုန်းပြောနေတဲ့ဘေးမှာ ထိုင်နေသော ဝေ့အမျိုးသားကိုနိုင်သည်ပင် မျက်စိနောက်လာရသည်။ ဘာတွေများ ဒီလောက်စိတ်ဝင်တစားဖြစ်နေပါလိမ့်။

ဝေကတော့ ဖုန်းထဲမှာသာ အာရုံဝင်စားနေတာမို့



www.burmeseclassic.com

www.burmeseclassic.com



ဘေးဘီကိုလည်း စိတ်မဝင်စားမိ။

'ငါလည်း အဲဒီရက်ကသတင်းကြားတော့ ရန်ကုန် ဆင်းလာမလို့ပါပဲ၊ ဒီမှာ ဘယ်လိုမှမအားလို့'

'ကျုပ်တော့ ရက်ခြားလောက်ရောက်ဖြစ်ပါတယ်၊ ရက်လည်တဲ့နေ့ကတော့ တစ်နေကုန်နီးပါး နေပေးဖြစ်တယ်၊ ရှင့်မောင်လေးကတော့ တကယ့်ကို အိမ်ရှင်ကြီးပေါ့ပဲ၊ ညှော်သည်ညှော်ခံတာရော ဘုန်းကြီးပင့်တဲ့ကိစ္စ၊ ဆွမ်းကပ်တဲ့ကိစ္စရော၊ အသုဘကိစ္စအတွက် စီစဉ်တာတွေ အားလုံး အားလုံးကို သူပဲ ရုံးကအဖွဲ့နဲ့ လုပ်သွားတာ'

'အမယ်. . ဘယ်ဆိုးလို့လဲ. . ကိုယ့်မောင်လေး ဒီလောက်လူကြီးဆန်လာလိမ့်မယ်လို့ ထင်တောင် မထင်ဘူး'

'သူက တစ်ချိန်လုံး မိချိုကိုပဲ ဂရုစိုက်ကြည့်နေတာ





ဟဲ့၊ ရက်လည်နေ့ကဆိုရင် ကျုပ်က တစ်နေကုန် နေတော့ တွေ့နေရတယ်၊ မိချိုထမင်းမစားသေးလို့၊ မနားလို့နဲ့၊ အားရှိအောင် ကြက်ဥနဲ့ကွေကာ အုပ်ဖျော်ပေးရတာနဲ့ သည်းသည်းလှုပ်နေတာ၊ ကျုပ်ထင်တော့ထင်လိုက်သား၊ ဒီကောင်လေး ရိုးတော့မရိုးတော့ဘူးလို့'

'ဟီဟိ. . ရှင်မိချိုကို အလှတွေပြင်ပေးလိုက်တာ သိပ် အစွမ်းထက်သွားတယ်ထင်တယ်. . သားငယ်တော့ အရမ်းကြွေသွားတာပဲ'

ဝေသည် ကိုယ့်မောင်လေးကို အသက်ခပ်ကြီးကြီး မိန်းကလေးနဲ့မို့ သဘောမတူဘူးဘာညာမရှိဘဲ တဟီဟီနှင့် မြှောက်ပြောသမျှကို ကျေနပ်သဘောကျနေသည်။ မိချိုရဲ့ ပင်ကိုယ်စိတ်ရင်းကောင်းတာကိုရော၊ အလုပ်ကြိုးစားတာရော၊ လူကြီးဆန်တာကိုရော အတွင်းသိအစင်းသိ နှုး



www.burmeseclassic.com

www.burmeseclassic.com



လည်နေရကာ ကိုယ့်မောင်လေးရဲ့ကလေးဆန်မှုနဲ့ တစ်ယောက်ယောက်က မဲ့ပြင်ထိန်းကွပ်ပေးမှ အဆင်ပြေအချိုးကျသွားမှာကိုလည်း နောကြေပြီးသားမို့ သူတို့နှစ်ယောက်ကို သဘောတူတာ။

သားကြီးနဲ့ပတ်သက်ပြီး တော်ရတဲ့ယောက်မလွင်မာကလည်း ညီအစ်မရင်းချာ တကယ့်မိသားစုဝင်တစ်ဦးလိုမို့ ဝေတို့စိတ်ချမ်းသာရသည်။ သားငယ်အလှည့်ကျရင်သာ ဘယ်လိုပေါ့ပေါ့တန်တန် ပျော်ပျော်ပါးပါးနဲ့ အပေါ်ယံအလှအပသာရှိတဲ့ မိန်းကလေးမျိုးကို ခေါ်လာလိမ့်မလဲ ရင်ပူနေရတာ။ မိချိုနဲ့ဆိုရင်တော့ သားငယ်အတွက် ပူပင်စရာမလိုတော့ပေ။ ဖေဖေနဲ့မေမေလည်း စိတ်အေးရမှာပါ။

'မနေ့ကမှ လလည်ဆွမ်းကျွေးတော့ ကျုပ်ရောက်သွားတယ်၊ ရှင့်မောင်လေးကတော့ မနက်စော





စော အရုဏ်ဆွမ်းမှာပဲ လာနိုင်တယ်တဲ့၊ နယ်မှာကွန်ပျူတာစင်တာကြီးတစ်ခုဖွင့်မယ့် Customer တွေနဲ့ တစ်နေကုန်အလုပ်ရှိလို့တဲ့၊ အဲဒါနဲ့ ကျုပ်လည်းမိချိုနဲ့ အေးအေးဆေးဆေး စကားပြောခဲ့ရတာပေါ့'

'ဟုတ်လား. . ပြောပါဦး'

'ရက်လည်တဲ့ညကတည်းကတဲ့ သူက မိချိုကို ဖွင့်ပြောတယ်တဲ့'

'ဟယ်. . သားငယ်အစုတ်ပလုတ်. . သူများနာရေးကိစ္စမပြီးသေးဘူး. . အားမနာပါးမနာ၊ အဲဒါကြောင့် ပြောတာ၊ ဒီကောင်လေး အလိုက်မသိတတ်ပါဘူးလို့'

'မိချိုတောင်မှ စိတ်မဆိုးတာ. . ရှင်က ဘာဖြစ်နေရတာလဲ. . ကာယကံရှင်ကတောင် စိတ်မဆိုး



www.burmeseclassic.com

www.burmeseclassic.com



ဘဲ လက်ခံလိုက်တာကို'

'ဟောတော့. . ချက်ချင်းလက်ခံလိုက်တယ်'

ရုပ်ရှင်ဇာတ်ကားတစ်ကားကို ရုပ်မမြင်ရဘဲ အသံပဲကြားပြီး အသည်းတယားယားဖြစ်နေရသလို မျိုးဝေသည် ဖုန်းကိုကိုင်ကာ ခုန်ဆွဆွဖြစ်နေသည်။ ကိုယ်တွေကတော့ ခက်ခက်ခဲခဲကြီးများ ကြိုးပမ်းရမလားလို့။ မိချိုတို့ကလည်း တစ်သက်လုံးယောကျ်ားတစ်ယောက်နဲ့ အကြည့်ချင်းတောင် မရိုးမသားစကားမပြောဘူးခဲ့တာ။ အပျိုကြီးရည်းစားထားတော့လည်း ချက်ချင်းကြီး။ နည်းနည်းပါးပါးတောင် မမူတော့ဘူးလား။

'အဲဒါပြောဦးမယ်. . အမှန်တော့ ချက်ချင်းလက်ခံတာလည်းမဟုတ်ဘူး၊ လက်မခံဘူးလည်းမဟုတ်ဘူး၊ မိချိုက အ,တာ၊ သူဘာပြောရမှန်းမသိဘူးတဲ့၊ စိတ်ထဲမှာ အရမ်းအားငယ်ဝမ်းနည်းနေချိန်မို့





အားကိုးမိတာ လည်းပါပါတယ်တဲ့၊ ဒါပေမယ့် ဟင့်အင်းလို့လည်း သူမငြင်းချင်ဘူး. . . စဉ်းစားမယ် ဘာညာဆိုပြီးတော့လည်း မပြောတတ်ဘူးတဲ့. . . အဲဒါနဲ့ ဒီအတိုင်း ငြိမ်နေလိုက်တယ်တဲ့၊ ရှင့်မောင်လေးကတော့ အိုကေကိုပဲ ယူလိုက်တာပေါ့'

မိချိုအကြောင်းကြားရတာ ရယ်လည်းရယ်ချင်၊ သနားလည်းသနားပါရဲ့။ ဘယ်သူကမှ သူ့ကိုအဖြေမတောင်း ချစ်စကားမဆိုဖူးဘူးဆိုတာ သိသာထင်ရှားနေတာ။ အခုခေတ်မှာ မိချိုလိုမိန်းကလေးမျိုး မရှိသလောက်ရှားပါးနေပါပြီ။ သားငယ်ကံကောင်းပါသည်။

'ကောင်းတယ်. . . ကောင်းတယ်. . . မိချို တစ်ယောက်တော့စံပါပဲ၊ ကျုပ်တို့က သူ့ကို ရည်းစားထားနည်းပါ သင်ရဦးမယ့်ပုံ. . တား. . တား'



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင်သည် ဝေတဟီးဟီးတဟားဟားလုပ်နေတာကို စိတ်မရှည်တော့။ တစ်နာရီကျော်နေပြီ ဖုန်းပြောနေတာ။ သူများသမီးရည်းစားကိစ္စကို သူတို့က လူတတ်ကြီးတွေလုပ်ပြီး ဝေဖန်သုံးသပ်နေတာ။ အိမ်ထောင်သာကျလာတယ်။ ဒီတစ်ယောက်နဲ့ပဲ သုံးနှစ်သုံးမိုး ချစ်ကြိုက်လက်ထပ်ခဲ့ကြတဲ့ဥစ္စာ။ ရည်းစားအယောက် ၂၀လောက်ထားခဲ့တဲ့ ဝါရင့်ကြီးအတိုင်း။

မသိမသာနဲ့ထိုင်ရာမှထကာ အိမ်ရှေ့ဘက်ကိုထွက်လာခဲ့လိုက်သည်။ အိမ်ထဲကိုဝင်လာသော ဖုန်းကြိုးကို ဆွဲဖြုတ်ခဲ့ပြီး အပြင်မှာ စီးကရက်ကိုမီးညှိပြီးမှ ပြန်ဝင်လာခဲ့သည်။ ကိုနိုင်ပြန်ဝင်လာတော့ ဝေက ဖုန်းဘေးမှာ မကြည်မလင်မျက်နှာထားနှင့် ထိုင်နေသည်။

'ဖုန်းပြောလို့ပြီးသွားပြီလား'

ကိုနိုင်က မသိချင်ဟန်ဆောင်ကာ မေးလိုက်သည်။





'မပြီးသေးပါဘူး၊ ဖုန်းလိုင်းပြတ်သွားလို့. . . ဘယ်လို ဖြစ်သွားတယ်မသိဘူး. . . အော်တိုကို မဝင်တော့ဘူး. . . စိတ်ရှုတ်ပါတယ်'

'ဒီလိုပါပဲ. . ဖြစ်တတ်ပါတယ်'

ရုပ်တည်ကြီးနှင့် ကိုနိုင့်စိတ်ထဲမှာတော့ ရယ်ချင်နေမိသည်။ သိပ်ကို သူများကိစ္စမှာဝင်စပ်စုပြီး နေရာတကာ ပါချင်တဲ့မိန်းမ။ နှစ်ရက်သုံးရက်လောက်တော့ ဖုန်းကြိုးကို ပြန်မတပ်ဘဲ ဒီအတိုင်းထားလိုက်ဦးမယ်။ ဒါမှနားငြီး သက်သာမှာ။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

၂၃။

ချစ်သူတွေဟု သတ်မှတ်ထားကြပြီးဖြစ်သော သူတို့နှစ်ယောက်၏ဆက်ဆံရေးက အတော်တော့ ကြော် ဒတာင်တောင်နိုင်လှပါသည်။ သူမကလည်း သူ့ကို 'အောင်စည်သာ'လို့ အခေါ်အဝေါ်မပျက်သလို သူက လည်း 'အစ်မ'ဆိုတဲ့အခေါ်အဝေါ်ကို မပြောင်းလဲ။ ထူးခြားလာတာဆိုလို့ ရုံးကိုရောက်တာနဲ့ ကော်ဖီအတူတူ



www.burmeseclassic.com

www.burmeseclassic.com



သောက်ကြတာရယ်၊ နေ့လယ်စာ ထမင်းလက်ဆုံစားကြတာရယ်ပဲ ရှိပါသည်။

အလုပ်ဇယားတွေကို နှစ်ပိုင်းခွဲထားလိုက်ပြီး တစ်ယောက်တစ်ပိုင်းစီ တာဝန်ယူထားလိုက်ကြသည်။ ရုံးကိုရောက်တာနဲ့ အရင်ရောက်တဲ့သူက ကော်ဖီနှပ်ထားပြီး နှစ်ယောက်ဆုံတော့မှ ကော်ဖီအတူသောက် စကားစမြည်ပြော။ စကားစမြည်ပြောတယ်ဆိုတာကလည်း ချစ်ကြောင်းကြိုက်ကြောင်း ပြောကြတာမဟုတ်။ တစ်နေ့တာလုပ်ရမယ့်အလုပ်တွေ၊ ကိုယ်စီကြုံတွေ့ကြတဲ့ အတွေ့အကြုံတွေကို ရောက်တတ်ရာရာ ပြောဖြစ်ကြတာပါ။ ပြီးရင်တော့ နှစ်ယောက်သား အပြင်ထွက်သူကထွက်၊ ရုံးမှာနေသူကနေနှင့် နေ့လယ်ထမင်းစားချိန်အထိ မျက်နှာချင်းတောင် မဆိုင်ဖြစ်ကြတော့။





သူက Export ကိစ္စတွေကိုပါ တာဝန်ယူထားလိုက်တာမို့ ဆိပ်ကမ်းပြေးရ၊ ဂိုဒေါင်ပြေးရနှင့် ထမင်းစားချိန်အမီတော့ ရုံးကိုအမြန်ပြန်ပြေးရသည်။

'အစ်မနဲ့ချစ်သူဖြစ်ရတာလည်း ပျင်းခြောက်ခြောက်ကြီးဗျာ၊ အတူတူတွဲပြီး စတိတ်ရှိုးလည်းမသွားရ၊ စားသောက်ဆိုင်လည်းမထိုင်ရ၊ ကလပ်လည်းမတက်ရ၊ ဖုန်းလည်းအကြာကြီးမပြောရနဲ့ စက်ရုပ်ကြီးကျနေတာပဲ၊ အလုပ်နဲ့လုံးပန်းနေရတာ'

တစ်ခါတလေ တစ်နေ့လုံးမနားတမ်း လှုပ်ရှားနေရသောနေ့မျိုးမှာ သူစိတ်ပေါက်ပေါက်နှင့် ပြောမိတတ်သည်။ သူမကတော့ စိတ်မဆိုးတဲ့အပြင်

'တို့ကတော့ မင်းနဲ့ချစ်သူဖြစ်ရတာ,အလုပ်ပိုတွေ အများကြီးလုပ်လာရတယ်. . အရင်ကသိ



www.burmeseclassic.com

www.burmeseclassic.com



ရုံးကိုရောက်တာနဲ့ ကျော့ကျော့ဖျော်တိုက်တဲ့ ကော်ဖီကို အဆင်သင့်သောက်ရတယ်၊ အခုတော့ မင်းအတွက်ပါ တို့ကဖျော်တိုက်ရတယ်. . ထမင်းစားချိန်ဆိုရင်လည်း အပြင်ရောက်နေရင် အဆင်ပြေတဲ့ စားစရာ တစ်ခုခုဝယ်စားပြီး ဗိုက်ဖြည့်လိုက်တာပဲ၊ အခုမှ ထမင်းစားချိန်အမီ ရုံးကိုပြန်ပြေးရတယ်. . အလှ မပြင်ချင်ဘဲပြင်ရတယ်. . . စကတ်မဝတ်ချင်ဘဲ ဝတ်ရတယ်. . . ဖိနပ်အမြင့်မစီးချင်ဘဲစီးရတယ်'

သူမစိတ်ဆိုးအောင် သူတမင်သက်သက်ပြောလိုက်ပေမယ့် တကယ်တမ်းစိတ်ဆိုးရသူက သူဖြစ်သွားသည်။ သူမပြောတာတွေကလည်း စိတ်မဆိုးချင်စရာမရှိ။ ရှိသမျှ ကိစ္စအားလုံး ကုန်ပါရောလေ။ အလှပြင်ခိုင်း၊





စကတ် ဝတ်ခိုင်း၊ ဖိနပ်အမြင့်စီးခိုင်းမိတာလည်း သူ့အပြစ်။

သူစိတ်ကောက်သွားမှန်းသိလည်း သူမကမတုန်မလှုပ်။ ချော့ဖို့ဆိုတာဝေလာဝေး။ နှစ်ရက်သုံးရက်လောက်စိတ်ကောက်ပြီးတော့မှ သူမကလည်းမချော့တာမို့ သူ အီလည်လည်နှင့်ပြန်ပြီး စိတ်ပြေရပါသည်။ သူငယ်ချင်းတွေကို အူကြောင်ကြောင်နိုင်လှသည့် သူတို့ချစ်သူနှစ်ယောက်အကြောင်းပြောပြတော့ ရယ်လို့မဆုံးကြတော့။ ရယ်လည်းရယ်ချင်စရာကိုး။

'အေးလေ. . မင်းကလည်း ဘာဖြစ်လို့ သူ့ကို အတင်း အလှတွေ ပြင်ခိုင်းရတာလဲ၊ သူနေချင်သလိုနေပစေပေါ့ကွာ'

'ငါက သူ့ကိုလှစေချင်လို့ပါကွာ၊ ကိုယ့်ချစ်သူကို လှလှပပလေးဖြစ်စေချင်တာပေါ့၊ အဲဒါကို



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်တွေ အကြာကြီးလူးထားရင် မျက်နှာပူတယ်တဲ့၊ စကတ် ဝတ်ခိုင်းတယ်ဆိုတာကလည်း သူက ရိုးရိုးလုံချည်ကိုတောင် အချိုးကျအောင် ဝတ်တာမဟုတ်ဘူးကွာ၊ အဲဒါကြောင့် အဝတ်အစားကို စတိုင်လ်ကျအောင် စကတ်ဝတ်ခိုင်းရတာ. . . ဘယ်လိုမှန်းကိုမသိဘူး၊ လှချင်စိတ်လည်း နည်းနည်းမှမရှိဘူး၊ ကိုယ့်ထက်ငယ်တဲ့သူကိုကြိုက်ထားပြီး ဘယ်လိုထိန်းသိမ်း ဆွဲဆောင်ထားရမယ်ဆိုတာလည်း သိပုံမရပါဘူး'

'သြော်. . မင်းကလည်း. . အစကတည်းက ဒီလိုအေးစက်စက်ဆိုတာ မင်းလည်းသိရက်သားနဲ့ အခုလို အေးစက်စက်နိုင်လွန်းလို့ အခုချိန်ထိ အပျိုကြီးဖြစ်နေတာပေါ့၊ အေးစက်စက်မနိုင်တဲ့





မင်းအစ်မတောင်မှ ယောကျ်ားယူသွားတာ ကြာပြီမဟုတ်လား'

'အဲဒီအေးစက်စက်ကြီးကိုပဲ ပူနွေးအောင်လုပ်ချင်တာ၊ ငါ့ကိုအကြံပေးကြပါဦး'

'တစ်နေ့နေ့တော့ ပူနွေးလာမှာပေါ့ကွာ၊ ဒါပေမယ့် မင်းတစ်ခုသိထားဖို့က မင်းအချစ် တကယ်စစ်မှန်တယ်ဆိုရင် သူဘာပဲဖြစ်နေနေ သူနဲ့ကိုယ်နဲ့ တစ်သားတည်းဖြစ်သွားတာပဲ၊ အချစ်ဆိုတာ ညီမျှခြင်း (=) လိုပေါ့ကွာ၊ ညီမျှခြင်းရဲ့ အရှေ့နဲ့ အနောက်ကအရာနှစ်ခုဟာ တူညီတယ်လေကွာ'

ဒါဆိုရင် သူ့အချစ်က မစစ်မှန်လို့ပဲလား။ သူမကို သူကကယ်မချစ်တာလား။ အဲဒါလည်းမဖြစ်နိုင်ပါ။ ရင်ထဲမှာ ချစ်နေတာကို လှိုက်လှိုက်လှဲလှဲနှစ်နှစ်ကာကာ



www.burmeseclassic.com

www.burmeseclassic.com



ခံစားခဲ့ရတာပဲမဟုတ်လား။ ဒါပေမယ့်လည်း လူငယ်ပီပီ လူငယ်စရိုက်လေးတော့ ရှိချင်သေးတာပဲ။ ပျော်ချင်သေးတာပဲ။ တကယ်ဆိုရင် သူမအသက်အရွယ်ကလည်း အဘွားကြီးအိုတစ်ယောက်လို နေရမယ့်အသက်လည်း မဟုတ်သေး။ သူငယ်ချင်းတစ်ယောက်ကတော့ သူ့ကို အကောင်းဆုံး အကြံဉာဏ်ပေးပါသည်။

'မင်း သူ့ကိုတကယ်ချစ်တယ်ဆိုရင် သူ့ကိုလည်း မင်း စိတ်ကြိုက်ပုံစံသွင်းလို့မရဘူးဆိုရင် သူနဲ့လိုက်ဖက်တဲ့ပုံစံမျိုးဖြစ်အောင် မင်းကိုယ်မင်းကြိုးစားကြည့်ပေါ့၊ ဉပမာကွာ. . သူက မင်းထက်အသက်ကြီးလို့ မင်းနဲ့ လိုက်ဖက်ညီအောင် သူ့ကိုနုအောင်ပြုပြင်မယ့်အစား မင်းကိုယ်မင်းရင့်အောင်ပြင်လိုက်. . သဘောပေါက်လား၊ လှတာမလှတာကို





တော့ သိပ်မစဉ်းစားပါနဲ့ကွာ၊ အလှအပဆိုတာ အပေါ်ယံအရေပြားပါ. . သိပ် အရေးမကြီးပါဘူး'

'ငါမှသူ့လို ဖိုသီဖတ်သီမနေတတ်ဘဲ၊ မင်းကလည်း'

'မနေတတ်လည်း နေတတ်အောင်ကြိုးစားပေါ့ ကွာ၊ မင်းချစ်တာပဲ'

နောက်ဆုံးတော့လည်း သူငယ်ချင်းရဲ့အကြံဉာဏ်ကိုပဲ လက်ခံလိုက်ရပါသည်။ သူလည်း သူမလိုစတိုင်လ်မျိုးပြောင်းလိုက်ရင် အခြေအနေတစ်မျိုးတော့ ထူးခြားလာမယ် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၂၄။

မြတ်ပုံစံသွင်းပေးထား၍ အဝတ်အစားဝတ်တာရော ၊ ခလှအပပြင်တာရော စိတ်ဝင်တစားနဲ့ ဂရုတစိုက်ပြင်ဆင်တတ်လာပေမယ့် ကြာတော့ ရှုပ်ပျင်းလာရပါသည်။ နာရေးကိစ္စနဲ့ ကြုံလိုက်ရပြီးကတည်းကလည်း ပိုပြီးအလှပြင် ချင်စိတ်မရှိတော့။ လူမြင်တင့်တယ်ရုံသာ ဝတ်စားဖြစ်တော့သည်။

ဒါပေမယ့် မမျှော်လင့်

www.burmeseclassic.com

www.burmeseclassic.com



အမှားမှားနှင့် ကောက်ရလာသောချစ်သူက ရူပါနှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။ သူက လူတစ်ယောက်ရဲ့ အလှအပကို အင်မတန်မှစိတ်ဝင်စားသူ။

'အဝတ်အစားသပ်ရပ်လှပနေမှ လူတွေက Impression ရှိတာအစ်မရဲ့၊ အစ်မ အလုပ်ကိစ္စကြီးကြီး မားမား တစ်ခုကိုလုပ်ဖို့ တခြားကုမ္ပဏီကြီးတစ်ခု ကဘော့စ်နဲ့ ဆွေးနွေးရမယ်ဆိုပါတော့. . . အစ်မ ဝတ်ထားတာက ပုံမကျပန်းမကျနဲ့ မသပ် မရပ်ဖြစ်နေရင် အစ်မကို အရင်ဆုံး စ,တွေ့တွေ့ ချင်းမှာ အမှတ်လျော့မှာပဲ'

သူပြောမှပဲ ကိုယ့်မှာ ဘာအလုပ်မှတောင် လုပ်စားလို့ မရတော့သလို ဖြစ်နေရပါသည်။ ဒီပုံစံနဲ့ပဲ လုပ်ငန်းတွေကို အောင်မြင်အောင်လုပ်လာခဲ့တာ၊ သူ့အလုပ်မဝင်ခင်၊ သူနဲ့မတွေ့ခင် နှစ်တွေအများကြီးထဲ





ကပင်။ ဒါပေမယ့်လည်း သူ့ကိုရူပါ ပြိုင်ပြီးမငြင်းချင်။ ရူပါ့ကို သူသိပ်ချစ်မှန်းသိနေတာကြောင့် သူဘာဖြစ်နေ တယ်ဆိုတာကိုလည်း ရူပါနားလည်ပါသည်။

နှစ်ဆယ့်တစ်၊ နှစ်ဆယ့်နှစ်နှစ်အရွယ် ခေတ် လူငယ်လေးတစ်ယောက်အနေနဲ့ ကိုယ့်ချစ်သူကို ခေတ် ဆန်ဆန် လှလှပပလေးတော့ ဖြစ်စေချင်မှာပင်။ ရူပါ့လို ရှိရင်းစွဲ အသက်ထက်ပိုပြီး ကြီးရင့်နေပုံပေါက်တဲ့ ပုံစံ တုံးတုံးနဲ့တော့ ရေရှည်ဘယ်တွဲသွားချင်ပါ့မလဲ။

ခက်တာက ရူပါကိုယ်တိုင်ကလည်း အလှအပကို အပျိုဖော်ဝင်စကတည်းက အလှမ်းဝေးခဲ့တာပါ။ တစ်ခါ တစ်ရံစိတ်ကူးပေါက်လို့ ထ,ပြင်ဆင်ဖြစ်တာကလွဲရင် နဂို ပုံစံအတိုင်း ခပ်ရိုးရိုးသာနေဖြစ်တာ။ အဖေကြီးဆုံးပြီးတဲ့ နောက်ပိုင်းမှာလည်း ပိုလို့တောင်အလှအပနဲ့ ဝေးသွား ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာကလည်း အဆန်းကြယ်သား။

ဂျစ်တစ်တစ် ဘုကျကျနဲ့ ကောင်လေးတစ်ယောက်ကို ချစ်မိသွားခဲ့တာ။ သူ့ရဲ့ကလေးဆန်မှုတွေကို ရယ်ချင်စိတ်နဲ့သည်းခံရင်း ကိုယ့်ရင်ထဲမှာသူ့အတွက် အချစ်တွေအပြည့်အသိပ် ဘယ်အချိန်ကတည်းက ရောက်နေခဲ့တယ်မသိ။

ဦးနှောက်နဲ့ယှဉ်ပြီး ရွေးချယ်စတမ်းဆိုရင်တော့ သူက ရုပါစဉ်းစားမယ့် စာရင်းထဲတောင်ပါမှာမဟုတ်။ ကိုယ်နဲ့ အတွေးအခေါ် အယူအဆချင်း၊ အမူအကျင့်ချင်း တစ်ခုမှကိုမတူညီတဲ့ လူတစ်ယောက်နဲ့ ဘဝတစ်လျှောက်လုံး လက်တွဲသွားကြဖို့ဆိုတာ ယောင်လို့မှမစဉ်းစားမိခဲ့တဲ့ကိစ္စပါ။ အခုတော့ ဒီဆန့်ကျင်ဘက်လူငယ်လေးတစ်ယောက်ကို ဘယ်လိုမှမခွဲနိုင်အောင် တစ်သက်လုံးအတွက် ရည်စူးလို့ချစ်ခဲ့မိပြီ။






သူ့ကိုမစွန့်လွှတ်နိုင်ရင်တော့ သူကြိုက်တဲ့သဘောကျတဲ့ အမူအကျင့်အတိုင်း ရုပါနေနိုင်ဖို့ ကြိုးစားရတော့မှာပေါ့။ သူအလှပြင်တာကြိုက်ရင် ဘယ်လောက်အလုပ်ရှုပ်ရှုပ် အချိန်လုပြီး အလှပြင်ရတော့မှာပါပဲ။ ဖိနပ်အမြင့်စီးစေချင်တဲ့အတွက် ခြေသလုံးတွေအတောင့်ခံပြီး ဖိနပ်အမြင့်စီးရမှာပေါ့။ စကတ်တွေဝတ်တာ ကြိုက်တယ်ဆိုရင်လည်း ဝတ်ရတော့မှာ။

နောက်ဆုံးတော့ မိန်းကလေးတွေရဲ့ ချစ်သူကိုပေးဆပ်ရခြင်းဆိုတဲ့ ခေါင်းစဉ်အောက်ကိုပဲ ကျေကျေနပ်နပ်ဝင်ရတော့မှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အချစ်ညီမျှခြင်း

www.burmeseclassic.com

www.burmeseclassic.com

၂၅။

အဲဒီနေ့သည် သူတို့နှစ်ယောက်ရဲ့ ချစ်သူသက်တမ်း (၇)လပြည့်သောနေ့ဖြစ်ပါသည်။ အမှတ်တရအဖြစ် ဆိုင် တစ်ဆိုင်ဆိုင်မှာသွားစားကြမယ်လို့ နှစ်ယောက်စလုံး တိုင်ပင်ထားကြပါသည်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် လက်ဆောင်တွေလဲကြမယ်လို့လည်း စိတ်ကူးထားကြသည်။

သူကတော့ သူမအတွက် သူ့နှိပ်ပိုပုံစံထားလုံး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲပေးဖို့ တစ်ယောက်တည်းကျိတ်ပြီး ဆုံးဖြတ်ထားသည်။ ခါတိုင်းဝတ်နေကျ အဝတ်အစားတွေကို စွန့်လွှတ်ပြီး အရောင်အဆင်းဖျော့ဖျော့ ရှပ်အင်္ကျီအကွက်နဲ့ ဦးဂျမ်းလုံချည်တွေကိုပဲ သူမဝတ်သလို ဖိုသီဖတ်သီ ဝတ်တော့မည်။ စကားပြောရင်မကြီးကျယ်ဖို့ ကလပ်တက်တာ စတိတ်ရှိုးတိုင်းသွားတာတွေလျော့ဖို့၊ သူမပျော်မွေ့တဲ့ သစ်ပင်ပန်းမန်တွေကြားမှာပဲ သူလည်းကျေကျေနပ်နပ် ပျော်ရွှင်နေနိုင်ဖို့။ တစ်ဆင့်ပြီးတစ်ဆင့်တော့ သူကြိုးစား ပြောင်းလဲမှာပါ။

ရှုပါဆုံးဖြတ်ထားသော သူ့ကိုပေးမယ့်ကတိက လည်း သူ့စိတ်တိုင်းကျ လှလှပပသပ်သပ်ရပ်ရပ် နေတော့မယ်ဆိုတာဖြစ်သည်။ သူဖုန်းအကြာကြီး ပြောချင်တယ်ဆိုရင်လည်း ပြောရမှာပဲ။ စတိတ်ရှိုးသွားရအောင်ဆိုရင်လည်း အခုခေတ်ကောင်မလေးတွေလို စကာတ်ကိုဝတ်၊





နောက်ပွင့် ရှူးဖိနပ်ကိုစီး၊ မျက်နှာမှာ ကိုရီးယားမလေးတွေ အလှပြင်သလို အရောင်ဖျော့တော့တော့ပြင်ပြီး သူနဲ့အတူ လိုက်ဖို့ ကြိုးစားရမှာပင်။ မိုးလင်းကမိုးချုပ် အလုပ်တွေကိုပဲ ဖိမလုပ်တော့ဘဲ ကိုယ်ပိုင်အားလပ်ချိန်ကိုထားရမှာပင်။

ချိန်းထားသောဆိုင်ရှေ့မှာ ကားကိုရပ်လိုက်သော အခါ သူ့ကားလည်း ရှုပါ့ကားနှင့် ရှေ့ဆင့်နောက်ဆင့် ဝင်ရပ်လာပါသည်။ ရှုပါက ကားပေါ်ကချက်ချင်းမဆင်း သေးဘဲ ကိုယ်ပြင်ဆင်လာတာတွေအဆင်ပြေရဲ့လား ကြည့်ရသေးသည်။ သူကြိုက်တယ်ဆိုတဲ့ စကာတ်နဲ့ ငွေမှုန် လေးတွေပါသော ဘလောက်အင်္ကျီပုံဆန်းဆန်း။ မျက်နှာ ကိုလည်း သူ့စိတ်ကြိုက်အလှခြယ်လာပါသည်။ စိတ်တိုင်း ကျတော့မှ ရှုပါကဆံပင်ကိုတစ်ချက်သပ်တင်လိုက်ပြီး ကားပေါ်က ဆင်းလိုက်သည်။

သူကလည်း တစ်ပြိုင်နက်တည်းလိုလို ကား



www.burmeseclassic.com

www.burmeseclassic.com



က ဆင်းလာတာမို့ သူနှင့်ရှုပါ မျက်နှာချင်းဆိုင်အနေအထား ဖြစ်သွားရသည်။

ရှုပါက သူ့ပုံစံကိုကြည့်ရင်း မျက်လုံးအဝိုင်းသားဖြစ်နေသည်။ ရှပ်အင်္ကျီအကွက်ကြီးကြီး ပုံစံတုံးတုံးနဲ့ ပုဆိုးကလည်းညို့ညို့မှိုင်းမှိုင်း။ ဒီကြားထဲ ပုဆိုးကို ခြေသလုံးတစ်ဝက်လောက်အထိ ခပ်တိုတိုဝတ်ထားသည်။

သူကလည်း ရှုပါ့အပြင်အဆင်တွေကိုကြည့်ကာ တအံ့တသြ ကြက်သေသေနေသည်။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အတော်ကြာကြာရပ်ကြည့်နေကြပြီးမှ အပြန်အလှန် လဲကြမယ့်လက်ဆောင်ဆိုတာကို သတိပြုမိသွားကြလျက် ဟက်ဟက်ပက်ပက်ရယ်မိကြလေသည်။





အချစ်ဆိုတဲ့
ညီမျှခြင်းအောက်ကိုရောက်တဲ့အခါ
အရာအားလုံးဟာ
တစ်သားတည်းဖြစ်သွားကြတယ်။

myanandar

မြနန္ဒာ

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

# မြနန္ဒာ

## အချစ်ညီမျှခြင်း



BURMESE CLASSIC .com

graphics design   ariuo(stars)

www.burmeseclassic.com